# ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957

၁၃၈၄ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၆ ရက်၊ သောကြာနေ့။ Friday, 20 May 2022 ၁၀၇၄၀


**လောကကို ရှုကျင့်သူ**

ရေပြင်ကို ရှုမြင်ရသကဲ့သို့လည်းကောင်း၊ တံလျှပ်ကို ရှုမြင်ရသကဲ့သို့ လည်းကောင်း၊ ဤအတူ(ခန္ဓာငါးပါးဟူသော) လောကကို ရှုကျင့်သူကို သေမင်းသည် မမြင်နိုင်။ ဤသို့ ရှုသောသူသည် သေခြင်းကင်းရာ နိဗ္ဗာန်ကို မျက်မှောက်ပြုကြကုန်၏။ ထိုသူတို့အား နောက်တစ်ကြိမ် ပဋိသန္ဓေနေ၍ သေရခြင်းသည် မရှိတော့ပြီ။

လောကဝဂ်(ဓမ္မပဒ-၁၇၀)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နေပြည်တော်ကို Green City၊ Clean City၊ Smart City ဖြစ်အောင်ဆောင်ရွက်ပြီး ကုန်ထုတ်လုပ်မှုလုပ်ငန်းများကိုလည်း စံပြအဖြစ်ဆောင်ရွက်နိုင်မည်ဆိုပါက မိမိတို့နိုင်ငံအတွက် အခွင့်အလမ်းများစွာ တိုးတက်လာမည်

**စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးတက်စေရေး ကောင်းမွန်သည့် စီမံခန့်ခွဲမှုများနှင့် နည်းလမ်းပေါင်းစုံဖြင့် ကြိုးပမ်းဆောင်ရွက်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နေပြည်တော်ကောင်စီနယ်မြေ ဖွံ့ဖြိုးတိုးတက်ရေးအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် မေ ၁၉**

နေပြည်တော်ကောင်စီနယ်မြေ ဖွံ့ဖြိုးတိုးတက်ရေး အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

**တက်ရောက်**

အစည်းအဝေးသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦး၊ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမောင်မောင်နိုင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ ဒုတိယဗိုလ်ချုပ်ကြီး သန်းထွန်းဦးနှင့် နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်းတို့ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆




ကြေးမုံ

# အမျိုးသားယဉ်ကျေးမှုကို ထိန်းသိမ်းစောင့်ရှောက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် (၉) ရပ်၏ လူမှုရေးဦးတည်ချက် သုံးရပ်တွင် တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေးဟူသည့် လူမှုရေးဦးတည်ချက်ပါရှိသည်။

နိုင်ငံတိုင်းနိုင်ငံတိုင်းတွင် ဓလေ့ထုံးတမ်းအစဉ်အလာများ၊ အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ အသီးသီးရှိကြသည်။ တန်ဖိုးထားထိန်းသိမ်းစောင့်ရှောက်ကြသည်။ နိုင်ငံတစ်နိုင်ငံတွင် အသစ်အသစ် ပြောင်းလဲတိုးတက်မှုများသည် အသွင်သဏ္ဍာန်ဖြစ်ပြီး မပြောင်းမလဲ တည်ထွန်းနေသော ယဉ်ကျေးမှုများသည် အနှစ်သာရများဖြစ်သည်။ နိုင်ငံ၏အမျိုးသားယဉ်ကျေးမှု လက္ခဏာများသည် နိုင်ငံသူ နိုင်ငံသားများက နိုင်ငံအပေါ် ချစ်မြတ်နိုးသည့်စိတ်၊ နိုင်ငံသားတစ်ဦးချင်းစီ၏ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်စေသည့် စွမ်းပကားများကို ရှင်သန်တိုးတက်ဖြစ်ထွန်းစေသည်။

မြန်မာနိုင်ငံသည် ယဉ်ကျေးမှုအစဉ်အလာကြီးမားသော နိုင်ငံဖြစ်သည်။ တိုင်းရင်းသားလူမျိုးအသီးသီးတွင် ကိုယ်ပိုင်ယဉ်ကျေးမှုလက္ခဏာများရှိကြပြီး ရှေးအစဉ်အဆက်မှ ယနေ့ထက်တိုင်အောင် နိုင်ငံသူ နိုင်ငံသားများ မြတ်နိုးတန်ဖိုးထားသည့် ယဉ်ကျေးမှုဓလေ့ထုံးတမ်းစဉ်လာ အနုပညာအမျိုးမျိုးရှိသည်။ နိုင်ငံတော်အစိုးရက အဆိုပါယဉ်ကျေးမှုအနုပညာများကို ထိန်းသိမ်းမြှင့်တင်ပေးလျက်ရှိပြီး နောင်မျိုးဆက် ပြည်သူများ မမေ့မပျောက် တန်ဖိုးထားစေရန်အတွက် မြန်မာ့ယဉ်ကျေးမှုအနုပညာရပ်တို့ကို နှစ်စဉ်ဖော်ထုတ်ပေးလျက်ရှိသည်။

မြန်မာ့ယဉ်ကျေးမှုထုံးတမ်းစဉ်လာဖြစ်သည့် အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကို နှစ်စဉ်ကျင်းပပေးလျက်ရှိသည်။ ထိုသို့ကျင်းပပေးခြင်းကြောင့် အနယ်နယ်အရပ်ရပ်မှ မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာကို တန်ဖိုးထားထိန်းသိမ်းစောင့်ရှောက်ကြသည့် ရွက်ပုန်းသီးအနုပညာရှင်များ ပေါ်ထွက်လာသည်။ ထူးချွန်သူ မြန်မာ့ရိုးရာအနုပညာရှင်များ မပျောက်ကွယ်တော့ဘဲ အစဉ်ရှင်သန်ဖြစ်ထွန်းနေမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို ၁၉၉၃ ခုနှစ်မှ စတင်၍ ၂၀၁၆ ခုနှစ်အထိ နှစ်စဉ်မပျက် ကျင်းပနိုင်ခဲ့သည်။ ၂၀၁၇ ခုနှစ်မှစတင်၍ အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးကို ကျင်းပနိုင်ခြင်းမရှိဘဲ ငါးနှစ်ကြာ ရပ်ဆိုင်းထားရသည်ကို တွေ့ရသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစိုးရလက်ထက်တွင် ချမှတ်ထားသည့် လူမှုရေးဦးတည်ချက်ပါအတိုင်း အမျိုးသားယဉ်ကျေးမှုကို မြှင့်တင်ဖော်ဆောင်ပေးလျက်ရှိရာ ယခင်အစိုးရလက်ထက်က မကျင်းပဖြစ်ဘဲ ရပ်ဆိုင်းထားသော မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို ပြန်လည်ကျင်းပပေးတော့မည်ဟု သိရသည်။ ငါးနှစ်ကြာ တိမ်မြုပ်နေခဲ့သော မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာရပ်များ ပြန်လည်ရှင်သန်လာတော့မည်ဖြစ်၍ မြန်မာ့ရိုးရာယဉ်ကျေးမှုကို တန်ဖိုးထားမြတ်နိုးသူများနှင့် ထိန်းသိမ်းစောင့်ရှောက်နေကြသူ ပြည်သူများအတွက် ဝမ်းမြောက်စရာဖြစ်သည်။

ယခုပြန်လည်ကျင်းပတော့မည့် (၂၃)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို ၂၀၂၂ ခုနှစ် အောက်တိုဘာလအတွင်း နေပြည်တော်၌ နိုင်ငံတော်အဆင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။ ပွဲမဝင်မီကြိုတင်ပြင်ဆင်ရန်နှင့် အဆင့်ဆင့်ပါဝင်ဆင်နွှဲနိုင်ရန် ကြိုးပမ်းအားထုတ်ကြရတော့မည်ဖြစ်သည်။ ယခုနှစ်တွင် ထည့်သွင်းကျင်းပမည့် တိုင်းရင်းသားရိုးရာအကပြိုင်ပွဲတွင် မွန်တိုင်းရင်းသားတို့၏ ရိုးရာအကကို တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ အဖွဲ့လိုက်ကပြယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာတွင် တိုင်းရင်းသားယဉ်ကျေးမှုအနုပညာသည် တစ်မျိုးတစ်ဘာသာ စိတ်ဝင်စားဖွယ်ရာကောင်းသည့် အနုပညာဖြစ်သည်။ တက်ကြွလန်းဆန်း ပျော်မွေ့ဖွယ်ကောင်းသည့် တိုင်းရင်းသားတို့၏ ရှေးရိုးအစဉ်အလာအနုပညာများကိုလည်း နှစ်စဉ်ထိန်းသိမ်းမြှင့်တင် ဖော်ထုတ်တင်ဆက်ခြင်းဖြင့် တိုင်းရင်းသားတို့၏ ယဉ်ကျေးမှုအနုပညာများ မပျောက်ပျက်ဘဲ တိုင်းရင်းသားလူမျိုး အသီးသီးကြားတွင် ချစ်ခင်ရင်းနှီးသည့်စိတ်၊ ပြည်ထောင်စုစိတ်များ ရှင်သန်နိုးကြားလာမည်ဖြစ်သည်။

သို့ဖြစ်ရာ အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို မြင့်မားတိုးတက်စေသည့် မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာများနှင့် တိုင်းရင်းသားတို့ရိုးရာအစဉ်အလာ ယဉ်ကျေးမှုအနုပညာများကို ထိန်းသိမ်းစောင့်ရှောက် ဖော်ထုတ်မြှင့်တင်ပေးခြင်းဖြင့် နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်များ ရှင်သန်ထက်မြက်လာကာ အေးချမ်းသာယာဝပြောသည့် နိုင်ငံအဖြစ် တည်ဆောက်ရန် အထောက်အပံ့ကောင်းများ ဖြစ်စေပါကြောင်း။ ။

# မူမှန်ပြက္ခဒိန်ရောင်းချ

နေပြည်တော် မေ ၁၉

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန မြန်မာနိုင်ငံပြက္ခဒိန်အကြံပေးအဖွဲ့ ပညာရှင်များက ရေးဆွဲထားသည့် မြန်မာသက္ကရာဇ် ၁၃၈၄-၁၃၈၅ ခုနှစ်၊ ခရစ်သက္ကရာဇ် ၂၀၂၃ ခုနှစ်အတွက် မြန်မာ-ရခိုင်-အင်္ဂလိပ် မူမှန်ပြက္ခဒိန်ကို ၂၀၂၂ ခုနှစ် ဇွန်လမှ စတင်၍ တစ်စောင်လျှင် ကျပ် ၁၀၀၀၀ (ကျပ်တစ်သောင်းတိတိ)ဖြင့် ရုံးအမှတ်(၃၅) သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာန(နေပြည်တော်)၌ ရောင်းချသွားမည်ဖြစ်သည်။

ပြက္ခဒိန်ရိုက်နှိပ်ထုတ်ဝေဖြန့်ချိသူများအနေဖြင့် မြန်မာနိုင်ငံပြက္ခဒိန်အကြံပေးအဖွဲ့က ရေးဆွဲထားသည့် မူမှန်ပြက္ခဒိန်ကို ဝယ်ယူသုံးစွဲခြင်းဖြင့် ဝိဝါဒကွဲပြားမှုမရှိသော ပြက္ခဒိန်ကို အများပြည်သူတို့အတွက် ရိုက်နှိပ်ဖြန့်ချိနိုင်မည်ဖြစ်ပါကြောင်းနှင့် အနုပညာဦးစီးဌာနအနေဖြင့်လည်း မူမှန်ပြက္ခဒိန်ရောင်းချငွေကို နိုင်ငံတော်ရငွေအဖြစ် နှစ်စဉ်ပေးသွင်းလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# အမျိုးသားစီမံခန့်ခွဲမှုပညာဒီဂရီကောလိပ်၌ မောင်မယ်သစ်လွင် ကြိုဆိုပွဲကျင်းပ

ရန်ကုန် မေ ၁၉

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန အမျိုးသားစီမံခန့်ခွဲမှုပညာ ဒီဂရီကောလိပ်၌ မောင်မယ်သစ်လွင်များအား ကြိုဆိုပွဲအခမ်းအနားကို ယနေ့နံနက် ၁၁ နာရီက ယင်းဒီဂရီကောလိပ် NMDC Hall ၌ ကျင်းပသည်။



အခမ်းအနားတွင် ကျောင်းအုပ်ကြီးနှင့် အထူးပြုဘာသာရပ်ဌာနမှူးများက မောင်မယ်သစ်လွင်များအား ကြိုဆိုနှုတ်ခွန်းဆက်စကား အသီးသီးပြောကြားပြီး ဘာသာရပ်ဆိုင်ရာ ဌာနအသီးသီးမှ ဆရာ ဆရာမများကလည်း ကြိုဆိုမိတ်ဆက်ကြသည်။

အခမ်းအနားသို့ သစ်လွင်ကျောင်းသား ကျောင်းသူများနှင့် ဒုတိယပညာသင်နှစ်ဝက် တတိယနှစ်၊ ဒုတိယနှစ်၊ ပထမနှစ်ကျောင်းသား ကျောင်းသူများ၊ ဘာသာရပ်ဌာနအသီးသီးမှ ဆရာ ဆရာမများ၊ သင်တန်းရေးရာနှင့် စီမံဌာနမှ ဌာနမှူးများ တက်ရောက်ကြသည်။ ၂၂၂

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၁၉ - ၅ -၂၀၂၂)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၇,၆၀၀ | ၇,၆၀၀ | ၂၅၄ | ၁,၉၃၀,၄၀၀ |
| MTSH | ၂,၆၅၀ | ၂,၆၅၀ | ၉၆၉ | ၂,၅၅၀,၅၀၀ |
| MCB | ၇,၈၀၀ | ၇,၈၀၀ | ၁၃ | ၁၀၁,၄၀၀ |
| FPB | ၁၇,၅၀၀ | ၁၇,၅၀၀ | ၅၉၁ | ၁၀,၃၄၂,၅၀၀ |
| TMH | ၂,၅၅၀ | ၂,၅၅၀ | ၄၀၀ | ၁,၀၂၀,၀၀၀ |
| EFR | ၂,၆၀၀ | ၂,၆၀၀ | ၀ | ၀ |
| AMATA | ၅,၀၀၀ | ၅,၀၀၀ | ၀ | ၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် မေ ၁၉

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၈၅၀.၀ |
| ( ခ ) ဥရောပ | တစ်ယူရို | = | ၁၉၄၁.၂ |
| ( ဂ ) တရုတ် | တစ်ယွမ် | = | ၂၇၃.၄၅ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၅၃.၄၉၁ |
| ( င ) မလေးရှား | တစ်ရင်းဂစ် | = | ၄၁၉.၉၃ |
| ( စ ) အိန္ဒိယ | တစ်ရူပီး | = | ၂၃.၈၀၅ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၂၉၁.၇ |
| ( ဇ ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၃၃၂.၇ |
| ( ဈ ) ဂျပန် | တစ်ရာယန်း | = | ၁၄၄၆.၇ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၄၄.၅၉ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် စာတည်းများ - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခိုင်သန္တာရွှေနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးကျော်စွာလင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

# တောင်သူများ၏ အကျိုးစီးပွားတိုးတက်အောင် ဆောင်ရွက်ပေးပြီး ကုန်ထုတ်လုပ်ငန်းများတိုးတက်အောင် ဆောင်ရွက်ပေးမည်ဆိုပါက မိမိတို့ပြည်တွင်း၌ အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်များလာမည်ဖြစ်သဖြင့် လုပ်အားများကို အကျိုးရှိစွာ အသုံးချနိုင်မည်

**☆ နေပြည်တော်ကောင်စီနယ်မြေသည် နိုင်ငံတော်၏မြို့တော်ဖြစ်သည့်အတွက် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အဓိကထားဆောင်ရွက်ပြီး Green City၊ Clean City၊ Smart City အဖြစ် တိုးတက်အောင်ဆောင်ရွက်၍ အခြားတိုင်းဒေသကြီးနှင့်ပြည်နယ်များ၏ စံပြနယ်မြေ တစ်ခုဖြစ်စေရေး ကြိုးပမ်းဆောင်ရွက်ရန်လို**

**☆ နေပြည်တော်ကောင်စီနယ်မြေတွင် စိုက်ပျိုးရေးနှင့် မွေးမြူရေးဆိုင်ရာ တက္ကသိုလ်များရှိသကဲ့သို့ ဝန်ကြီးဌာနများ ရုံးစိုက်ရာနယ်မြေလည်းဖြစ်သဖြင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများကို စံပြဆောင်ရွက်နိုင်ရန်လို**

☆ ရှေ့ဖုံးမှ

အဖွင့်အမှာစကား ပြောကြားရာတွင် နေပြည်တော် ကောင်စီနယ်မြေသည် နိုင်ငံတော်၏မြို့တော်ဖြစ်သည့်အတွက် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို အဓိကထားဆောင်ရွက်ပြီး Green City၊ Clean City၊ Smart City အဖြစ် တိုးတက်အောင်ဆောင်ရွက်၍ အခြားတိုင်းဒေသကြီးနှင့်ပြည်နယ်များ၏ စံပြနယ်မြေတစ်ခုဖြစ်စေရေး ကြိုးပမ်းဆောင်ရွက်ရန်လိုကြောင်း၊ နေပြည်တော်ကောင်စီနယ်မြေသည် စတုရန်းမိုင် ၂၇၂၄ မိုင်ရှိပြီး စိုက်ပျိုးမြေဧရိယာ စုစုပေါင်း ၃၂၀၀၀၀ ကျော်ရှိကြောင်း၊ အလားတူ ရေလှောင်တမံ၊ ဆည်နှင့်ကန် စုစုပေါင်း ၃၂ ခုရှိကြောင်း၊ အရှေ့ရိုးမနှင့် အလယ်ရိုးမကြားတွင်ရှိပြီး ပေါင်းလောင်း (စစ်တောင်းမြစ်)၊ ငလိုက်ချောင်း၊ ဆင်သေချောင်းများ အပါအဝင် ချောင်း၊ မြောင်းများရှိပြီး မြေဆီမြေနှစ်ကောင်းမွန်ကြောင်း၊ ထို့ကြောင့် နေပြည်တော်ကောင်စီနယ်မြေအတွင်း စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်၍ရကြောင်း၊ ထို့ကြောင့်လည်း ယခင်က နေပြည်တော်တွင် စိုက်ပျိုးရေးတက္ကသိုလ်၊ မွေးမြူရေးနှင့်ကုသရေးတက္ကသိုလ်နှင့် သစ်တောတက္ကသိုလ်တို့ကို ရွှေ့ပြောင်းခဲ့သည်ကို သိရှိရကြောင်း။

### စံပြဆောင်ရွက်နိုင်ရန်လို

နေပြည်တော်နယ်မြေအတွင်း ကျွဲ၊ နွား၊ ဆိတ်၊ ဝက်များနှင့် ကြက်များလည်း မွေးမြူဖြစ်ထွန်းလျက်ရှိသည်ကို တွေ့ရှိရကြောင်း၊ တပ်ကုန်းမြို့ပတ်ဝန်းကျင်တွင်လည်း မွေးမြူရေးဇုန်များဖွင့်လှစ်၍ ဆောင်ရွက်လျက်ရှိကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် မြေဆီမြေဩဇာများ ကောင်းမွန်ပြီးဖြစ်ကြောင်း၊ နေပြည်တော်ကောင်စီနယ်မြေတွင် စိုက်ပျိုးရေးနှင့် မွေးမြူရေးဆိုင်ရာ တက္ကသိုလ်များရှိသကဲ့သို့ ဝန်ကြီးဌာနများ ရုံးစိုက်ရာနယ်မြေလည်းဖြစ်သဖြင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများကို စံပြဆောင်ရွက်နိုင်ရန်လိုကြောင်း၊ စိုက်ပျိုးရေးအတွက် အဓိကလိုအပ်ချက်မှာ မြေ၊ ရေ၊ နည်းနှင့်မျိုးတို့ဖြစ်ကြောင်း၊ နွေရာသီတွင် စိုက်ပျိုးမြေများ ရေလုံလောက်စွာ ရရှိနိုင်ရေးအတွက်လည်း မြစ်ချောင်းများရှိပြီးဖြစ်သဖြင့် မြစ်ရေတင်လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ပေးခြင်းဖြင့် ရာသီမရွေး သီးနှံများကို သီးထပ်သီးညှပ်များဖြင့် စိုက်ပျိုးနိုင်မည်ဖြစ်ကြောင်း၊ မြေဩဇာများရရှိရေး၊ မျိုးကောင်းမျိုးသန့်များ ရရှိရေးနှင့် စိုက်ပျိုးရေးနည်းပညာများ ခေတ်မီအောင် ဆောင်ရွက်ပေးခြင်းဖြင့် သီးနှံစိုက်ပျိုးမှုများ များစွာတိုးတက်ကောင်းမွန်လာမည်ဖြစ်ကြောင်း၊ စိုက်ပျိုး၍ရသည့် မြေများကို စနစ်တကျဖြင့် ပြုပြင်၍ စိုက်ပျိုးရေးလုပ်ငန်းများကို အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်ရန်လိုကြောင်း။

မိမိတို့၏ အမျိုးသားရေး ရည်မှန်းချက်သည် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာ ဖူလုံရေးပင်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် စိုက်ပျိုး၍ရသည့် မြေသယံဇာတများရှိပြီးဖြစ်ပြီး မွေးမြူရေးလုပ်ငန်းများကိုလည်း ဆောင်ရွက်၍ရကြောင်း၊ မွေးမြူရေးလုပ်ငန်းများကိုလည်း စနစ်ကျသည့် မွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်မည်ဆိုပါက မွေးမြူရေးထွက်ကုန်များ ထုတ်လုပ်နိုင်ပြီး ဒေသတွင်းလိုအပ်ချက်နှင့် အခြားတိုင်းဒေသကြီးများသို့ပါ တင်ပို့ရောင်းချနိုင်ကြောင်း၊ ယင်းတို့မှ ဇီဝမြေဩဇာများ ထုတ်လုပ်နိုင်ပြီး စိုက်ပျိုးရေးအတွက်လည်း အထောက်အကူပြုကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်မည်ဆိုပါက ကုန်ထုတ်လုပ်မှုလုပ်ငန်းများ တိုးတက်လာမည်ဖြစ်သကဲ့သို့ အလုပ်အကိုင် အခွင့်အလမ်းများ ပေါ်များခြင်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ခြင်းစသည့် အကျိုးကျေးဇူးများကို ရရှိနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် နေပြည်တော်ကောင်စီနယ်မြေ အတွင်း စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများကို တစ်နိုင်ငံလုံး၏စံပြအဖြစ် ဆောင်ရွက်နိုင်ရေး သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် နေပြည်တော်ကောင်စီမှ တာဝန်ရှိသူများအနေဖြင့် ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း မှာကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမောင်မောင်နိုင်၊ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဦးတင်ထွဋ်ဦးနှင့် ဦးလှမိုး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ ဒုတိယဗိုလ်ချုပ်ကြီး သန်းထွန်းဦးနှင့် နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်းတို့က နေပြည်တော်ကောင်စီနယ်မြေ အတွင်း မြေအသုံးချမှုဆိုင်ရာများ၊ စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ထုတ်လုပ်နေမှု အခြေအနေ၊ ရေလှောင်တမံများအတွင်း ရေဝင်ရောက်မှုနှင့် စိုက်ပျိုးရေပေးဝေမှုအခြေအနေ၊ စိုက်ပျိုးရေးလုပ်ငန်းများနှင့် ကုန်ထုတ်လုပ်ငန်းများ စနစ်တကျ ဆောင်ရွက်နိုင်ရန် စိုက်ပျိုးရေးတောင်သူများကို သမဝါယမအသင်းအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်ရန် စီစဉ်နေမှုအခြေအနေ၊ အသေးစားစက်မှုလက်မှုလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိမှုအခြေအနေ၊ သီးနှံများကို သီးထပ်သီးညှပ်စိုက်ပျိုးနိုင်ရန်အတွက် မြစ်ရေတင်စီမံကိန်းများ အကောင်အထည်ဖော် ဆောင်ရွက်မည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

### နွေရာသီ ရေလိုအပ်ချက်

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က စိုက်ပျိုးရေးလုပ်ငန်းများအတွက် နွေရာသီ၌ ရေလိုအပ်ချက်များရှိကြောင်း၊ အဆိုပါ ရေလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေး လျှပ်စစ်မြစ်ရေတင်လုပ်ငန်းများနှင့် နေရောင်ခြည်စွမ်းအင်သုံး မြစ်ရေတင်လုပ်ငန်းများကို အသေးစားမြစ်ရေတင်လုပ်ငန်းများဖြင့် ဆောင်ရွက်မည်ဆိုပါက ငွေကြေးကုန်ကျမှုများလည်း သက်သာမည်ဖြစ်ကြောင်း၊ ရေကိုလည်း လိုအပ်သလောက်သာ အကျိုးရှိစွာဖြင့် အသုံးချရန်လိုကြောင်း၊ စိုက်ပျိုးရေးကို အခြေခံသည့် စီးပွားရေးလုပ်ငန်းများကို အဓိကဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အဓိကသီးနှံဖြစ်သည့် စပါး၊ ပြောင်း၊ ပဲနှင့် ဆီထွက်သီးနှံများ ရှိသည့်အနက် နေပြည်တော်နယ်မြေအတွင်း စပါးကို အဓိကထား စိုက်ပျိုးမည်ဆိုပါက တတ်နိုင်သမျှ မျိုးအနည်းဆုံးဖြစ်စေရန်နှင့် အထွက်နှုန်းတိုးအောင် ဆောင်ရွက်ရန်လိုကြောင်း၊ နိုင်ငံတော်မှသတ်မှတ်ထားသည့် အထွက်နှုန်းများအတိုင်း ပြည့်မီစေရန်အတွက် ကြိုးစားစိုက်ပျိုးရန်လိုကြောင်း၊ မျိုးကောင်းမျိုးသန့်ရရှိရေး၊ မြေဩဇာနှင့် သဘာဝမြေဩဇာများ ရရှိရေးနှင့် အောင်ရေရရှိရေးတို့အတွက် သက်ဆိုင်ရာကဏ္ဍအလိုက် တာဝန်ရှိသူများက ဖြည့်ဆည်းဆောင်ရွက်ပေးရန်လိုကြောင်း၊ သဘာဝမြေဩဇာရရှိရေးအတွက် ကျွဲ၊ နွားမွေးမြူရေးလုပ်ငန်းများမှထွက်ရှိသည့် ဇီဝမြေဩဇာများကိုလည်း အကျိုးရှိစွာ အသုံးချ၍ရကြောင်း၊ ထို့ကြောင့် ကျွဲ၊ နွားများ မွေးမြူရာတွင် လှောင်မွေးသည့်စနစ်ဖြင့် စနစ်တကျမွေးမြူရန်လိုကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများမှ ထွက်ရှိသည့် ထွက်ကုန်များမှ တိရစ္ဆာန်အစာများလည်း ထွက်ရှိသဖြင့် မွေးမြူရေးလုပ်ငန်းအတွက် လိုအပ်သည့် တိရစ္ဆာန်အစာများ လုံလောက်စွာရရှိမည်ဖြစ်ကြောင်း။

### ယှဉ်တွဲဆောင်ရွက်

မြေများကို စနစ်တကျထိထိရောက်ရောက်အသုံးချ၍ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ယှဉ်တွဲဆောင်ရွက်ရန်လိုကြောင်း၊ နေပြည်တော်နယ်မြေတွင် သရက်စိုက်ပျိုးရေးနှင့် မွေးမြူရေးဆောင်ရွက်ရန်အတွက် ပုဂ္ဂလိကများကို ခွင့်ပြုထားကြောင်း၊ အဆိုပါ စိုက်ပျိုးမွေးမြူရေးပြုလုပ်ရန် ခွင့်ပြုထားသည့် မြေများပေါ်တွင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို သတ်မှတ်စည်းကမ်းများနှင့်အညီ စနစ်တကျ ဆောင်ရွက်မှုရှိစေရေး တာဝန်ရှိသူများက ကြပ်မတ်ဆောင်ရွက်ကြရန် လိုကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် တစ်ဧကချင်းအထွက်နှုန်းများ တိုးတက်စေရေး တာဝန်ရှိသူများအားလုံး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ တောင်သူများ၏ အကျိုးစီးပွား တိုးတက်အောင် ဆောင်ရွက်ပေးပြီး ကုန်ထုတ်လုပ်ငန်းများတိုးတက်အောင် ဆောင်ရွက်ပေးမည်ဆိုပါက မိမိတို့ပြည်တွင်း၌ အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်များလာမည်ဖြစ်သဖြင့် လုပ်အားများကို အကျိုးရှိစွာ အသုံးချနိုင်မည်ဖြစ်ကြောင်း။

စိုက်ပျိုးရေလုံလောက်စွာ ရရှိရေးအတွက် ဆောင်ရွက်ရာတွင် သိုလှောင်ထားသည့်ရေများကိုလည်း စနစ်တကျဖြင့် အသုံးချရန်လိုကြောင်း၊ ရေကို အဟောသိကံ အသုံးမပြုဘဲ ရှိသည့်ရေကို အကျိုးရှိရှိအသုံးချရန်နှင့် ရေရရှိအောင် ဖန်တီးဆောင်ရွက်ရန်လိုကြောင်း၊ ရေရရှိရေးဆောင်ရွက်ရာတွင် ရေဝေရေလဲ သစ်တောဧရိယာများကို စနစ်တကျဖြင့် ထိန်းသိမ်းထားရှိ၍ ရာသီဥတုကောင်းမွန်အောင် ဆောင်ရွက်ခြင်းနှင့် ရေဖလှယ်ခြင်းလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ရန်အတွက် စီမံခန့်ခွဲမှုများ ကောင်းမွန်ရန်လိုကြောင်း၊ စီမံခန့်ခွဲမှုများ ကောင်းမွန်အောင် ဆောင်ရွက်နိုင်ခြင်းဖြင့် နေပြည်တော်ကောင်စီနယ်မြေ အတွင်း စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများမှ ထွက်ကုန်ကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို အောင်မြင်အောင်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း။

### တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်

ဒေသအတွင်းထွက်ရှိသည့် သီးနှံများကိုလည်း အိမ်တွင်းစက်မှုလုပ်ငန်းများဖြင့် Dry food များဆောင်ရွက်၍ တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်ပြီး ပြည်တွင်း ပြည်ပသို့ တင်ပို့ရောင်းချ၍ရကြောင်း၊ ထိုသို့ ဆောင်ရွက်နိုင်ရန်အတွက် မီးခိုးမထွက်သည့် အသေးစား၊ အလတ်စား စက်မှုလက်မှုလုပ်ငန်းများအတွက် နိုင်ငံတော်မှ လိုအပ်သည့်ကူညီမှုများ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ နေပြည်တော်ကောင်စီနယ်မြေ အတွင်း လမ်းပန်းဆက်သွယ်မှု ကောင်းမွန်သကဲ့သို့ လျှပ်စစ်ဓာတ်အားလည်း လုံလောက်စွာရရှိကြောင်း၊ ထို့ကြောင့် နေပြည်တော်ကို Green City၊ Clean City၊ Smart City ဖြစ်အောင် ဆောင်ရွက်ပြီး ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ကိုလည်း စံပြအဖြစ် ဆောင်ရွက်နိုင်မည်ဆိုပါက မိမိတို့နိုင်ငံအတွက် အခွင့်အလမ်းများ များစွာတိုးတက်လာမည် ဖြစ်ကြောင်း၊ ထို့ကြောင့် ပထမဦးစွာ စိုက်ပျိုးရေးလုပ်ငန်းများကို နည်းစနစ်တကျဖြင့် စိုက်ပျိုး၍ အထွက်နှုန်းများ တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ရန်လိုကြောင်း၊ အလားတူ မွေးမြူရေးလုပ်ငန်းများကိုလည်း လှောင်မွေးစနစ်ဖြင့် စနစ်တကျမွေးမြူရန်လိုကြောင်း၊ ထိုမှတစ်ဆင့် အထွက်နှုန်းကောင်းမွန်သည့် သီးနှံမျိုးကောင်းမျိုးသန့်များနှင့် မွေးမြူရေးတိရစ္ဆာန် မျိုးကောင်းမျိုးသန့်များကို တိုးတက်စိုက်ပျိုးမွေးမြူ၍ ဆောင်ရွက်ကြရန်လိုကြောင်း၊ နေပြည်တော်ကောင်စီနယ်မြေအတွင်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးတက်စေရေးအတွက် ကောင်းမွန်သည့် စီမံခန့်ခွဲမှုများနှင့် နည်းလမ်းပေါင်းစုံဖြင့် ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်းဖြင့် မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

**☆ စိုက်ပျိုးရေလုံလောက်စွာ ရရှိရေးအတွက် ဆောင်ရွက်ရာတွင် သိုလှောင်ထားသည့်ရေများကိုလည်း စနစ်တကျဖြင့် အသုံးချရန်လိုကြောင်း၊ ရေကို အဟောသိကံ အသုံးမပြုဘဲ ရှိသည့်ရေကို အကျိုးရှိရှိအသုံးချရန်နှင့် ရေရရှိအောင် ဖန်တီးဆောင်ရွက်ရန်လို**

**☆ ဒေသအတွင်းထွက်ရှိသည့် သီးနှံများကိုလည်း အိမ်တွင်းစက်မှုလုပ်ငန်းများဖြင့် Dry food များဆောင်ရွက်၍ တန်ဖိုးမြှင့်ထုတ်ကုန်များထုတ်လုပ်ပြီး ပြည်တွင်း ပြည်ပသို့ တင်ပို့ရောင်းချ၍ရ၊ ထိုသို့ဆောင်ရွက်နိုင်ရန်အတွက် မီးခိုးမထွက်သည့် အသေးစား၊ အလတ်စား စက်မှုလက်မှုလုပ်ငန်းများအတွက် နိုင်ငံတော်မှ လိုအပ်သည့်ကူညီမှုများ ဆောင်ရွက်ပေးမည်ဖြစ်**

# ငြိမ်းချမ်းရေးကိုလိုလားတဲ့ ပုဂ္ဂိုလ်တွေဟာ အချင်းချင်းခိုက်ရန်ကွဲပြားမှုတွေမလုပ်ဘဲနဲ့ အချင်းချင်းညီညွတ်မှုတွေ ပြုလုပ်ကြပါ။ ဒါမှသာ ကောင်းမွန်မြတ်တဲ့ နိုင်ငံတော်ဖြစ်မယ်လို့ မိဘပြည်သူတွေကို ပြောချင်ပါတယ်

ဦးပညာဝံသ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများအား ငြိမ်းချမ်းရေးဆွေးနွေးပွဲ ဖိတ်ခေါ်မှုကို တိုင်းရင်းသားပြည်သူများက ကြိုဆိုထောက်ခံခြင်းနှင့် ပြည်ပစွက်ဖက်နှောင့်ယှက်မှုများအား ဆန့်ကျင်ရှုတ်ချပွဲကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ်ရှိ မဟာဗန္ဓုလပန်းခြံရှေ့တွင် ပြုလုပ်ခဲ့ရာ အဆိုပါထောက်ခံပွဲသို့ တက်ရောက်လာကြသည့် ငြိမ်းချမ်းရေးကိုလိုလားသူများ၏ စကားသံများကို ဖော်ပြလိုက်ပါသည်။

**ဦးပညာဝံသ**
**[မျိုးချစ်မြန်မာရဟန်းတော်များသမဂ္ဂ(ရန်ကုန်)ဗဟိုအလုပ်အမှုဆောင်ဆရာတော်]**

ငြိမ်းချမ်းရေးဆိုတာ မြန်မာပြည်မှာသာ မဟုတ်ပါဘူး တစ်ကမ္ဘာလုံးနဲ့ဆိုင်ပါတယ်။ ငြိမ်းချမ်းခြင်း လက်တွဲခေါ်ခြင်းသည် ငြိမ်းချမ်းခြင်းကောင်းခြင်းသုခဖြစ်တဲ့အတွက် ဦးဇင်းတို့ လူသားတစ်ဦး မြန်မာနိုင်ငံသားတစ်ဦးအနေနဲ့ ငြိမ်းချမ်းရေးကို လိုလားတဲ့အတွက် အရာအားလုံးကို လက်တွဲခေါ်ပါတယ်။ ဒါကြောင့်မလို့ ဒီဟောပြောပွဲကို ကိုယ်တိုင်တက်ရောက် ဟောပြောခြင်းဖြစ်ပါတယ်။ မငြိမ်းချမ်းလို့ ငြိမ်းချမ်းရေးကို ခေါ်နေရတာ၊ နှောင့်ယှက်ဖျက်ဆီးတဲ့သူတွေရှိလို့ ငြိမ်းချမ်းရေးခေါ်နေရတာ။ ဒါကြောင့် ဒီပွဲဟာ ကောင်းမြတ်တဲ့ပွဲ မင်္ဂလာတစ်ပါး၊ ၃၈ ဖြာမင်္ဂလာထဲမှာလည်း ငြိမ်းချမ်းခြင်း၊ ငြိမ်းအေးခြင်းဟာလည်း မင်္ဂလာပါ။ မင်္ဂလာရှိတဲ့ပွဲလို့ ဦးဇင်းယူဆပါတယ်။ ငြိမ်းချမ်းရေးကို လိုလားတဲ့ ပုဂ္ဂိုလ်တွေဟာ အချင်းချင်းခိုက်ရန်ကွဲပြားမှုတွေ မလုပ်ဘဲနဲ့ အချင်းချင်းညီညွတ်မှုတွေ ပြုလုပ်ကြပါ။ ဒါမှသာ ကောင်းမွန်မြတ်တဲ့ နိုင်ငံတော်ဖြစ်မယ်လို့ မိဘပြည်သူတွေကို ပြောချင်ပါတယ်။

**ဦးဝင်းမော်**

ဒီအချိန်မှာ ငြိမ်းချမ်းရေး သိပ်အရေးကြီးပါတယ်။ တပ်ချုပ်ကြီးကလည်း ငြိမ်းချမ်းရေးကို အလုံးစုံတာဝန်ယူနေတဲ့အချိန်မှာ သူကိုယ်တိုင် ဖိတ်ခေါ်ထားတယ်။ အဲဒါတွေကြားတဲ့အတွက် ဒီဘက်မှာ ငြိမ်းချမ်းရေးကို ထောက်ခံတဲ့အနေနဲ့ ပြည်ပစွက်ဖက်ကျူးကျော်မှုတွေ အများကြီးရှိနေတဲ့အချိန်မှာ ကန့်ကွက်ရှုတ်ချတဲ့အနေနဲ့ ဒီပွဲကို ကျင်းပတယ်လို့ သိရပါတယ်။ လာအားပေးတာပါ။ အမျိုးသားရေးနဲ့ ပတ်သက်ရင် ကိုယ်ကိုယ်တိုင် တိုင်းပြည်ကိုချစ်တဲ့အတွက်ရယ်၊ ဘာသာသာသနာကို ချစ်တဲ့အတွက်ရယ် ထဲထဲဝင်ဝင်ပါဝင်ဖြစ်တယ်။ ပူးပေါင်းဆောင်ရွက်ဖြစ်တယ်။ တက်လာတဲ့အစိုးရတိုင်းလည်း ငြိမ်းချမ်းရေးကို လုပ်နေကြတာပါပဲ။ ဒါပေမဲ့ လုံးဝပြီးပြည့်စုံတဲ့အဆင့်တော့ မရောက်ကြဘူးပေါ့။ ခုတပ်ချုပ်ကြီးက အလုံးစုံတာဝန်ယူနေတဲ့အချိန်မှာ သူကိုယ်တိုင်လည်း လိုလိုလားလား ဖိတ်ခေါ်ထားတယ်။ ပြည်သူတွေလည်း အကြမ်းဖက်မှုအန္တရာယ်တွေ










အများကြီး ရင်ဆိုင်နေရတယ်။ သံဃာတော်တွေ အများကြီး အသတ်ခံနေရတယ်။ ပြည်ခိုင်ဖြိုးပါတီဝင်တွေ အသတ်ခံရတယ်။ မျိုးချစ်တွေ အသတ်ခံနေရတယ်။ ဒလန်ဆိုပြီး တိုင်းပြည်အနှံ့ မြို့တိုင်းမြို့တိုင်းမှာ အသတ်ခံနေရတယ်။ လူလည်း ထောင်ချီသေနေကြပြီ။ ပြည်သူတွေလည်း အေးအေးချမ်းချမ်း ငြိမ်းငြိမ်းချမ်းချမ်း နေချင်နေကြပြီ။ ဒါကတော့ ပြည်သူတွေရင်ထဲက ဆန္ဒပဲ။ ပြည်သူတွေကိုယ်တိုင်လည်း ငြိမ်းချမ်းဖို့အတွက် တည်ဆဲအစိုးရနဲ့ ပူးပေါင်းပါဝင်ပြီး ငြိမ်းချမ်းရေးကို တိုက်တွန်းကြပါ၊ ဖော်ဆောင်ကြပါ။ တိုင်းပြည်ငြိမ်းချမ်းဖို့အတွက် နိုင်ငံသားတိုင်းမှာ တာဝန်ရှိတယ်လို့ ခံယူပါတယ်။ အားလုံးသက်ဆိုင်ရာ အကြမ်းဖက်နေတဲ့ အဖွဲ့အစည်းတွေပဲဖြစ်စေ၊ လက်နက်ကိုင်အဖွဲ့အစည်းတွေပဲ ဖြစ်စေ၊ ငြိမ်းချမ်းစွာနေလိုတဲ့ ပြည်သူတွေပဲဖြစ်စေ အားလုံးကို တိုက်တွန်းချင်တာကတော့ မြန်မာပြည်ကြီးတော်လောက်ပါပြီ၊ ငြိမ်းချမ်းသင့်ပါပြီ။

**ဒေါ်သီရိနေလင်း**

ဒီနေ့ပွဲကတော့ ကျွန်မအမြင် တိုင်းပြည်ကို ချစ်တဲ့ပြည်သူတွေ အကုန်လုံးပါဝင်သင့်တယ်လို့ ကျွန်မထင်တယ်။ ငြိမ်းချမ်းရေးအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရရဲ့ ငြိမ်းချမ်းရေးကမ်းလှမ်းချက်ကိုထောက်ခံတဲ့အတွက် ကျွန်မဒီနေ့ဒီပွဲကို တက်ရောက်ခြင်းဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာရှိနေတဲ့၊ မြန်မာနိုင်ငံကို အမှန်တကယ်ချစ်တဲ့ ပြည်သူစစ်စစ်တွေကို ကျွန်မ မက်ဆေ့ပေးချင်တာက ဒီငြိမ်းချမ်းရေးကို ကျွန်မတို့ထောက်ခံပါတယ်။ ထို့အတူ သူတို့လည်း ကျွန်မတို့နည်းတူ ငြိမ်းချမ်းရေးကို ထောက်ခံမယ်လို့ ထင်ပါတယ်။ ငြိမ်းချမ်းရေးမှာ ဗိုလ်ချုပ်မှူးကြီးရဲ့ ကမ်းလှမ်းချက်ကို ဝင်လာပြီး လက်မှတ်ရေးထိုးမယ့် လက်နက်ကိုင် ၁၀ ဖွဲ့ကိုလည်း ကျွန်မဒီကနေ ကျေးဇူးတင်ပါတယ်။ ကျွန်မကတော့ ငြိမ်းချမ်းရေး မြန်မြန်ရချင်တာပဲ။ ကျွန်မတို့ပြည်သူတွေကလည်း ငြိမ်းချမ်းတဲ့တိုင်းပြည်မှာ နေချင်ကြတဲ့လူတွေမလို့ပါ။ အခုငြိမ်းချမ်းရေးကို အမြန်ဆုံး အကောင်အထည်ဖော်နိုင်ပြီး ကျွန်မတို့နိုင်ငံ ငြိမ်းငြိမ်းချမ်းချမ်းနဲ့ ဖွံ့ဖြိုးတိုးတက်တဲ့ ဘာသာသာသနာတရားကို ဦးထိပ်ထားတဲ့ တိုင်းပြည်အဖြစ် အမြန်ဆုံးရောက်ချင်ပါတယ်။ **သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ငြိမ်းချမ်းရေးဆွေးနွေးပွဲအတွက် ဖိတ်ခေါ်မှုကို ကြိုဆိုထောက်ခံခြင်းနှင့် ပြည်ပစွက်ဖက်နှောင့်ယှက်မှုများကို ဆန့်ကျင်ရှုတ်ချပွဲ ပြုလုပ်

**နေပြည်တော် မေ ၁၉**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအား ငြိမ်းချမ်းရေးဆွေးနွေးပွဲအတွက် ဖိတ်ခေါ်မှုကို ပြည်သူများက ကြိုဆိုထောက်ခံသည့်အနေဖြင့် ငြိမ်းချမ်းရေးကြိုးပမ်းဆောင်ရွက်မှုလုပ်ငန်းများကို ကြိုဆိုထောက်ခံခြင်းနှင့် ပြည်ပစွက်ဖက်နှောင့်ယှက်မှုများအား ဆန့်ကျင်ရှုတ်ချပွဲကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ်ရှိ မဟာဗန္ဓုလပန်းခြံရှေ့တွင် ပြုလုပ်သည်။

အဆိုပါ ကြိုဆိုထောက်ခံပွဲသို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ တာဝန်ရှိသူများ၊ အမျိုးသားရေးဆရာတော်များ၊ ငြိမ်းချမ်းရေးကိုလိုလားသူပြည်သူများ စုစုပေါင်းအင်အား ၃၀၀၀ ခန့် တက်ရောက်ကြသည်။

ရှေးဦးစွာ တက်ရောက်လာကြသူများက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံအား အလေးပြု၍ နိုင်ငံတော်သီချင်းကိုသီဆိုကာ အခမ်းအနားကို ဖွင့်လှစ်ကြသည်။ ထို့နောက် ငြိမ်းချမ်းရေးကိုလိုလားသူ အမျိုးသားရေးရှေ့နေဦးအေးပိုင်နှင့် မျိုးချစ်မြန်မာရဟန်းတော်များသမဂ္ဂ(ရန်ကုန်) ဗဟိုအလုပ်အမှုဆောင်ဆရာတော် ဦးပညာဝံသတို့က ငြိမ်းချမ်းရေးကြိုးပမ်းမှုလုပ်ငန်းများကို ကြိုဆိုထောက်ခံခြင်းနှင့် ပြည်ပစွက်ဖက်နှောင့်ယှက်မှုများကို ဆန့်ကျင်ရှုတ်ချပွဲ ပြုလုပ်သည့်အကြောင်းနှင့် ငြိမ်းချမ်းရေးပန်းတိုင်ဆီ တို့သွားမည်ဟူသည့် ခေါင်းစဉ်တို့ဖြင့် ဆွေးနွေးဟောပြောကြသည်။

ယင်းနောက် တက်ရောက်လာကြသည့် ငြိမ်းချမ်းရေးလိုလားသူပြည်သူများက "ပြည်ထောင်စုမပြိုကွဲရေး–တို့အရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး–တို့အရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး – တို့အရေး၊ ပြည်ထောင်စုကြီးငြိမ်းချမ်းရေး–တို့အရေး၊ ပြည်ပစွက်ဖက်မှုအန္တရာယ် ဆန့်ကျင်တိုက်ဖျက်ရေး–တို့အရေး၊ ငြိမ်းချမ်းရေးပျက်ပြားအောင် ဖျက်ဆီးနေသူများကျဆုံးရေး–တို့အရေး၊ ငြိမ်းချမ်းရေးဆွေးနွေးပွဲကြီး အောင်ရမည်" စသည့် ကြွေးကြော်သံများဖြင့် ကြွေးကြော်၍ ထောက်ခံပွဲကို ရုပ်သိမ်းကြသည်။ **သတင်းစဉ်**





# ဇီဝနည်းပညာဆိုင်ရာ အသုံးချသုတေသနလုပ်ငန်းများ ဆောင်ရွက်ရာတွင် ရှိပြီးအရင်းအမြစ်များကို ထိရောက်စွာအသုံးပြုခြင်းအပြင် ဆန်းသစ်တီထွင်ခြင်းများကို ဦးစားပေးအလိုက်ဆောင်ရွက်ရန် လုပ်ငန်းများသတ်မှတ်၍ တိုးမြှင့်ဆောင်ရွက်

**နေပြည်တော် မေ ၁၉**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦးသည် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့နံနက်ပိုင်းက ရန်ကုန်မြို့ မင်္ဂလာဒုံမြို့နယ်ရှိ အပင်ဇီဝနည်းပညာ ဗဟိုဌာနသို့ ရောက်ရှိပြီး ဇီဝနည်းပညာ လုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။ (ဓါတ်ပုံ)



ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးအား စိုက်ပျိုးရေးဦးစီးဌာန အပင်ဇီဝနည်းပညာဗဟိုဌာန တာဝန်ခံက အခြေခံဇီဝနည်းပညာအသုံးပြု အပင်တစ်သျှူးမွေးမြူခြင်းလုပ်ငန်းများ၊ သီးနှံ၏ မျိုးဗီဇကို DNA နည်းပညာဖြင့် မှတ်တမ်းတင်ခြင်း၊ သီးနှံမျိုးများ အဆင့်မြှင့်တင်ခြင်းနှင့် မျိုးသစ်ထုတ်လုပ်ခြင်း၊ ခေတ်မီ ဇီဝနည်းပညာ အသုံးပြုခြင်း၊ ပညာရှင်ဝန်ထမ်းများ၏ စွမ်းဆောင်ရည် မြှင့်တင်ခြင်းလုပ်ငန်းများဆောင်ရွက်နေမှုနှင့် ဘဏ္ဍာနှစ်အလိုက် ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။

တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဇီဝနည်းပညာ (Biotechnology)ဆိုင်ရာ အသုံးချသုတေသနလုပ်ငန်းများ ဆောင်ရွက်ရာတွင် ရှိပြီးအရင်းအမြစ်များကို ထိရောက်စွာ အသုံးပြုခြင်းအပြင် ဆန်းသစ်တီထွင်ခြင်းများကို ဦးစားပေးအလိုက် ဆောင်ရွက်ရန် လုပ်ငန်းများသတ်မှတ်၍ တိုးမြှင့်ဆောင်ရွက်ရန်လိုကြောင်း၊ တစ်ချိန်တည်းတွင် လယ်ယာကဏ္ဍ၏ ကုန်ထုတ်စွမ်းအား မြှင့်တင်နိုင်ရန် လယ်ယာကဏ္ဍ အဆင့်-၄ (Agriculture 4.0) နှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး ကြိုးပမ်းကြစေလိုကြောင်း ပြောကြားပြီး အပင်ဇီဝနည်းပညာဗဟိုဌာနကို အမျိုးသားအဆင့်သို့ ရောက်ရှိအောင် ရေရှည်အတွက် မျှော်မှန်းဆောင်ရွက်ရန်၊ တည်တံ့ဖွံ့ဖြိုးသော လုပ်ငန်းဖြစ်စေရန် ပညာရှင်ဝန်ထမ်းများအတွက် အခွင့်အလမ်းသစ်များ ဖော်ဆောင်ပေးရန်၊ ခိုင်မာသော ဖွဲ့စည်းပုံဖြစ်စေရန်နှင့် ကျွမ်းကျင်သော လူ့စွမ်းအားအရင်းအမြစ်များ ပြုစုပျိုးထောင်ရန် လိုအပ်ချက်များ၊ ဆက်စပ်ဌာနများနှင့် ပူးပေါင်း၍ နည်းပညာရပ်ဆိုင်ရာ အတွေ့အကြုံဖလှယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် လိုအပ်ချက်များကို ဆွေးနွေးမှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဇီဝနည်းပညာလုပ်ငန်း ဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။


ထို့မှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် တိုင်းဟိ သဘာဝဇီဝမြေဩဇာစက်ရုံသို့ရောက်ရှိကြပြီး မွေးမြူရေးတိရစ္ဆာန်များက စွန့်ပစ်သည့် အညစ်အကြေးများကို အဓိကအသုံးပြု၍ ဂျပန်နည်းပညာဖြင့်ထုတ်လုပ်နေသော သဘာဝမြေဩဇာ ထုတ်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးပြီး တောင်သူအတွက် အကျိုးရှိစေမည့် အရည်အသွေးကောင်း သဘာဝမြေဩဇာများ ဈေးနှုန်းချိုသာစွာ တိုးတက်ထုတ်လုပ်ဖြန့်ဖြူးနိုင်ရေး လိုအပ်ချက်များကို ဆွေးနွေးမှာကြားသည်။


မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ညောင်နှစ်ပင် ဟင်းသီးဟင်းရွက် အထူးစိုက်ပျိုးထုတ်လုပ်ရေးဇုန်၏ စိုက်ပျိုးရေ အပြည့်အဝရရှိရေးအတွက် ကလိထော်ဆည်နှင့် ငမိုးရိပ်ဆည်တို့မှ ရေပေးဝေရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး ကျေးရွာတာဝန်ရှိသူများနှင့် တွေ့ဆုံကာ တောင်သူများပါဝင်သော ရေအသုံးချသူအဖွဲ့ (WUG)ဖွဲ့စည်း၍ ရေပေးမြောင်းမကြီး ထိန်းသိမ်းခြင်း၊ စိုက်ပျိုးရေ အလေအလွင့်မရှိ မျှတစွာ သုံးစွဲနိုင်ရေးနှင့် ရေသွယ်မြောင်းများကို ရေအသုံးချသူများက တာဝန်ယူ၍ စနစ်တကျအသုံးပြုခြင်း လုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ချက်များကို ဆွေးနွေးမှာကြားခဲ့သည်။ **သတင်းစဉ်**

# အာဆီယံနိုင်ငံများအချင်းချင်း ကာကွယ်ဆေးထိုးမှတ်တမ်းများ အပြန်အလှန် အသိအမှတ်ပြုခြင်းစနစ်တွင် မြန်မာနိုင်ငံမှထုတ်ပေးသည့် ကာကွယ်ဆေးထိုးနှံပြီးကြောင်း အီလက်ထရွန်နစ်အထောက်အထားမှတ်တမ်းအား တရားဝင်အတည်ပြုပြီးဖြစ်

**နေပြည်တော် မေ ၁၉**

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် မြန်မာနိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံခြင်းလုပ်ငန်းစီမံခန့်ခွဲမှုလုပ်ငန်း ဆောင်ရွက်ရာ၌ ကာကွယ်ဆေးထိုးနှံခြင်းနှင့်ပတ်သက်သည့် သတင်းအချက်အလက်များစုဆောင်းခြင်း၊ ကာကွယ်ဆေးထိုးလွှမ်းခြုံမှုနှင့် ကာကွယ်ဆေးဖြန့်ဝေသုံးစွဲမှုများကို ဆန်းစစ်ကြီးကြပ်ခြင်း၊ ကာကွယ်ဆေးထိုးမှတ်တမ်းများထုတ်ပေးခြင်း စသည့်လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိရာတွင် အီလက်ထရွန်နစ် သတင်းအချက်အလက်စနစ်ဖြစ်သည့် Vaccination Management Information System-VMIS စနစ်ကို ၂၀၂၀ ခုနှစ် ဇူလိုင်လမှစတင်၍ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် နီးနွယ်ဝန်ကြီးဌာနများ၏ ပူးပေါင်းကူညီမှုဖြင့် အသုံးပြုဆောင်ရွက်လျက်ရှိသည်။




**အတည်ပြုချက်ရယူနိုင်**

ပြည်ပနိုင်ငံများသို့ခရီးသွားမည့်သူများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပြီးစီးကြောင်း အထောက်အထား (COVID-19 Vaccination Electronic Certificate) ထုတ်ပေးခြင်းကို ၂၀၂၂ခုနှစ် ဧပြီ ၇ ရက်မှစတင်၍ အွန်လိုင်းစနစ်ဖြင့် ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာဖြစ်သည့် https://c19vc. moh. gov.mm မှတစ်ဆင့် ဆောင်ရွက်ပေးလျက်ရှိရာ မြန်မာနိုင်ငံမှ ထုတ်ပေးသော ကာကွယ်ဆေးထိုးနှံပြီးကြောင်း အီလက်ထရွန်နစ်အထောက်အထားမှတ်တမ်း (COVID-19 Vaccination Electronic Certificate) တွင်ပါရှိသည့် QR Code အား မည်သည့် Mobile Phone သို့မဟုတ် Tablet ဖြင့်မဆို Scan ဖတ်၍ အချက်အလက်များ ရယူနိုင်သည့်အတွက် အဆိုပါကာကွယ်ဆေးထိုးမှတ်တမ်းကို ကိုင်ဆောင်ထားပါက ကာကွယ်ဆေးထိုးနှံပြီးစီးမှုနှင့်ပတ်သက်၍ အလွယ်တကူ တိုက်ဆိုင်စိစစ်နိုင်သည့်အပြင် မည်သည့်နေ့ရက်များတွင် မည်သည့်ကာကွယ်ဆေးအမျိုးအစား ထိုးနှံထားကြောင်းကို အတည်ပြုချက်ရယူနိုင်သည်။

ထို့ပြင် အာဆီယံနိုင်ငံများအချင်းချင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးမှတ်တမ်းများ အပြန်အလှန် အသိအမှတ်ပြုနိုင်ရန်အတွက် မြန်မာနိုင်ငံအနေဖြင့် ဆောင်ရွက်ခဲ့ရာ ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာဖြစ်သည့် https://c19vc.moh.gov.mmမှတစ်ဆင့် ထုတ်ပေးသည့် COVID-19 Vaccination Electronic Certificate အား အာဆီယံနိုင်ငံများအချင်းချင်း ကာကွယ်ဆေးထိုးမှတ်တမ်းများ အပြန်အလှန်အသိအမှတ်ပြုခြင်းစနစ် (ASEAN Single QR Code Verification Portal) တွင် တရားဝင်အသိအမှတ်ပြုနိုင်ရေးနှင့် စပ်လျဉ်း၍ ၂၀၂၂ ခုနှစ် မေ ၁၄ ရက်နှင့် ၁၅ ရက်တို့၌ အင်ဒိုနီးရှားနိုင်ငံ ဘာလီမြို့တွင် ကျင်းပသည့် (၁၅)ကြိမ်မြောက် အာဆီယံကျန်းမာရေးဝန်ကြီးများအစည်းအဝေး (15th ASEAN Health Ministers Meeting) တွင် အတည်ပြုပြီးဖြစ်သည်။ သို့ဖြစ်ပါ၍ မေ၁၅ ရက်မှ စတင်ကာ မြန်မာနိုင်ငံမှ ပြည်ပနိုင်ငံများသို့ ခရီးသွားမည့်သူများအတွက် အထက်ဖော်ပြပါ ကာကွယ်ဆေးထိုးနှံပြီးကြောင်း အီလက်ထရွန်နစ် အထောက်အထားမှတ်တမ်း (COVID-19 Vaccination Electronic Certificate) အား ASEAN Covid-19 Vaccine Certificate Single Verification Portal ဖြစ်သော https://asean. healthverify. org မှတစ်ဆင့် စိစစ်အတည်ပြုခြင်း ဆောင်ရွက်နိုင်ပြီဖြစ်ကြောင်း သိရသည်။ **(အပေါ်ပုံ)**

**သတင်းစဉ်**


# မြန်မာလူမျိုးတို့အတွက် ဂုဏ်ယူဖွယ်ရာ မြန်မာ့စွယ်စုံကျမ်း အတွဲ (၁) (က-ကုတ်)

နေသူရိန်

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန၏ "စာပေဗိမာန်" နှင့် "ထွန်းဖောင်ဒေးရှင်း" တို့ပူးပေါင်း၍ "မြန်မာ့စွယ်စုံကျမ်း" အတွဲ (၁) (က-ကုတ်) စာအုပ်ကို လွန်ခဲ့သော လေးနှစ်ကျော်ကတည်းက ပုံနှိပ်ထုတ်ဝေရန် စီစဉ်ဆောင်ရွက်ခဲ့ကြပါသည်။ အဆိုပါကျမ်းကြီးကို ၂၀၂၁ ခုနှစ်တွင် ဖြန့်ချိရန် ရည်ရွယ်ခဲ့သော်လည်း အကြောင်းအမျိုးမျိုးကြောင့် လက်စမသတ်နိုင်ခဲ့ဘဲရှိခဲ့ရာမှ ယခုအခါတွင် လိုအပ်သည်များကို အသေးစိတ် ဖတ်ရှုပြင်ဆင်ပြီးဖြစ်၍ မကြာမီ ဖြန့်ချိတော့မည် ဖြစ်ပါသည်။




ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန၏ "စာပေဗိမာန်" နှင့် "ထွန်းဖောင်ဒေးရှင်း" တို့ ပူးပေါင်း၍ မကြာမီ ထုတ်ဝေတော့မည့် "မြန်မာ့စွယ်စုံကျမ်း" အတွဲ(၁) (က-ကုတ်) စာအုပ်။




၁၉၅၄ ခုနှစ်မှ ၁၉၇၆ ခုနှစ်အထိ ထုတ်ဝေခဲ့သည့် မြန်မာ့စွယ်စုံကျမ်း (၁၅) တွဲ။

**ပထမဆုံးထုတ်ဝေခဲ့သည့် မြန်မာ့စွယ်စုံကျမ်း**

ပထမဆုံးထုတ်ဝေခဲ့သည့် မြန်မာ့စွယ်စုံကျမ်းကို မြန်မာနိုင်ငံ ဘာသာပြန်စာပေအသင်း (စာပေဗိမာန်) က ၁၉၄၉ ခုနှစ်တွင် ပြည်ထောင်စုမြန်မာနိုင်ငံနှင့် ဆီလျော်အောင် စတင်ပြုစုခဲ့ပါသည်။ ကမ္ဘာ့ဗဟုသုတများဖြစ်သော ဝိဇ္ဇာ၊ သိပ္ပံ အကြောင်းရပ်များအပြင် မြန်မာနိုင်ငံမှ အကြောင်းရပ်များကိုပါ ပြည့်စုံစွာ ပြုစုထားပါသည်။ အကြောင်းရပ်တိုင်းကို ရည်ညွှန်းစာအုပ်အမျိုးမျိုးနှင့် တိုက်ဆိုင်ပြီး ပညာရပ်အလိုက် ပညာရှင်များနှင့် သက်ဆိုင်ရာဌာနများသို့ ဆက်သွယ်ကာ တိကျမှန်ကန်အောင် စိစစ်ခဲ့ပါသည်။ သက်ဆိုင်ရာ ပညာရှင်များကိုယ်တိုင် ရှာဖွေစုဆောင်း ရေးသားထားသော အကြောင်းရပ်များလည်း ပါဝင်ပါသည်။

နိုင်ငံတစ်နိုင်ငံ၏ စာပေဖွံ့ဖြိုးတိုးတက်မှု အဆင့်အတန်းကို လေ့လာလိုပါက အဆိုပါ နိုင်ငံကထုတ်ဝေသော "စွယ်စုံကျမ်း" ကို လေ့လာဖတ်ရှုကြည့်ခြင်းဖြင့် အလွယ်တကူ သိရှိနိုင်မည်ဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ ပထမဆုံးသော စွယ်စုံကျမ်းကို ၁၉၅၄ ခုနှစ်တွင် စတင်ထုတ်ဝေခဲ့ပါသည်။ "မြန်မာ့စွယ်စုံကျမ်း" အတွဲ (၁) မှ (၅) အထိကို အင်္ဂလန်နိုင်ငံ (Hazell Watson and Viney Ltd) တွင် ပုံနှိပ်ထုတ်ဝေခဲ့ပြီး အတွဲ (၆) မှ အတွဲ (၁၅) အထိကို ပြည်တွင်းမှာပင် စာပေဗိမာန်က တာဝန်ယူ၍ ပြည်လမ်း ဟံသာဝတီအဝိုင်းရှိ စာပေဗိမာန်တွင် ပုံနှိပ်ထုတ်ဝေခဲ့ပါသည်။ ပြီးပြည့်စုံသော စွယ်စုံကျမ်း အတွဲ (၁၅) တွဲအထိ ထွက်ပေါ်လာရန်အတွက် မြန်မာ့စာပေပညာရှင်ကြီးများက အတွဲ (၁)မှစတင်ကာ ၂၂ နှစ်ကြာ အချိန်ယူဆောင်ရွက်ခဲ့ရပါသည်။ မြန်မာ့စွယ်စုံကျမ်းများကို ၁၉၅၄ ခုနှစ်မှ ၁၉၇၆ ခုနှစ်အတွင်း အတွဲ (၁၅) တွဲ ထုတ်ဝေခဲ့ခြင်းဖြစ်ပါသည်။

မြန်မာ့သမိုင်း၏ခေတ်များကို ပု၊ ပင်း၊ အင်း၊ တောင်၊ ညောင်ရမ်းနောင်၊ ကုန်းဘောင်နှစ်ခေတ်ခွဲဟု အဆိုရှိသည့်အတိုင်း ပုဂံခေတ်၊ ပင်းယခေတ်၊ အင်းဝခေတ်၊ တောင်ငူခေတ်၊ ညောင်ရမ်းခေတ်၊ ကုန်းဘောင်ပထမခေတ်၊ ကုန်းဘောင်ဒုတိယခေတ်ဟူသည့် ခေတ်တစ်ခေတ်စီတိုင်းတွင် မြန်မာစာပေအဆင့်ဆင့် ထွန်းကားလာသော ခေတ်များပင် ဖြစ်သည်။

ကုန်းဘောင်ခေတ်၌ ဗဒုံမင်းဟု ထင်ရှားသည့် ဘိုးတော်ဘုရား၏ သားတော်တစ်ပါးဖြစ်သူ မက္ခရာမင်းသားကြီးသည် 'မြန်မာ့စွယ်စုံကျမ်း' ပေါ်ထွက်လာရန် ကြိုးပမ်းခဲ့သည့် သမိုင်းအထောက်အထားများ ရှိခဲ့ပေသည်။ မက္ခရာမင်းသားကြီးသည် အင်္ဂလိပ်စာကို လေ့လာသင်ယူကာ Mr.Lane ဆိုသူထံမှရရှိသည့် Ree's စွယ်စုံကျမ်းကို အထူးသဘောကျ နှစ်သက်တော်မူခဲ့ပါသည်။ ထို့ကြောင့်ပင် မက္ခရာမင်းသားကြီးကိုယ်တော်တိုင် အမှာစာရေးပြီး ၁၈၄၁ ခုနှစ်က ထွက်ရှိခဲ့သော အင်္ဂလိပ်-မြန်မာအဘိဓာန်ကြီးမှာ သမိုင်းသက်သေတစ်ခုပင် ဖြစ်ပါသည်။ 'Charles Lane Dictionary' ဟု ဆိုသည်ထက် 'မက္ခရာမင်းသားကြီး၏ အဘိဓာန်' ဟုဆိုလျှင် ပို၍လူသိများပါသည်။

**အမှောင်ခွင်း၍ အလင်းဆောင်**

မြန်မာ့စွယ်စုံကျမ်းနှင့်ပတ်သက်၍ မြန်မာနိုင်ငံ ဘာသာပြန်စာပေအသင်းဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ဦးနုက "လွတ်လပ်ရေးရ၍ ကျွန်တော်တို့၏ လက်တွင်းသို့ အချုပ်အခြာအာဏာ ရောက်လာသည်နှင့်တစ်ပြိုင်နက်၊ ကျွန်တော်တို့၏ ပထမဦးဆုံးလုပ်ငန်းသည် အမှောင်ခွင်း၍ အလင်းဆောင်ရမည့် လုပ်ငန်းပင်ဖြစ်သည်။ ထိုအမှောင်တည်းဟူသော ကျွန်တော်တို့၏ ရန်သူနံပါတ် (၁) ကို ဖြိုခွင်းချေမှုန်းရန်၊ ကျွန်တော်တို့၏ တပ်မဟာများသည် အခြားမဟုတ်၊ ဘဝသစ်ပညာရေး တပ်မဟာ၊ လူထုပညာရေး တပ်မဟာ၊ စာပေဗိမာန် တပ်မဟာများ ဖြစ်၍ ဤစွယ်စုံကျမ်းကြီးသည်ကား ကျွန်တော်တို့ အသုံးပြုမည့် လက်နက်ကောင်းကြီးတစ်ခု ဖြစ်သည်။ ဤလက်နက်ကောင်းကြီး၏ အစွမ်းသတ္တိကား အဘယ်နည်း။

ဤစွယ်စုံကျမ်းကြီးကို တစ်နေ့လျှင် တစ်နာရီဖတ်ပါ။ ဖတ်ပြီးသမျှကို နာရီဝက်ခန့် မှတ်သားပါ။ မှတ်သားပြီးသမျှကို နာရီဝက်မျှ ဆင်ခြင်သုံးသပ်ပါ။ ဤသို့ တစ်နေ့လျှင် နှစ်နာရီမျှ၊ ငါးနှစ်ခန့်လောက် စွဲစွဲမြဲမြဲ ကြိုးစားပါ။ ဤသို့ ကြိုးစားသူ၏ အမှောင်ခတ်သည် မည်မျှပင် ကြီးမားစေကာမူ၊ ဤစွယ်စုံကျမ်းကြီးသည် ထိုအမှောင်ခတ်ကိုခွင်း၍ အလင်းကို ဆောင်ကုန်လတ္တံ့။ ထိုသူသည် ဖိုးသုညပင် ဖြစ်စေကာမူ၊ ဤစွယ်စုံကျမ်းကြီးသည် ထိုဖိုးသုညကို ဖိုးရာဇာအဖြစ်သို့ ပြောင်းလဲပေးကုန်လတ္တံ့။

အလင်းခတ်ခံရှိပြီးဖြစ်သော်လည်း၊ ထိုအလင်းခတ်ကို ဆတက်ထမ်းပိုးတိုး၍ အလိုရှိသော သူများအဖို့မှာလည်း၊ ထိုသူတို့၏ လိုအင်ဆန္ဒဟူသမျှသည် တလုံးတဝတည်း ပြည့်စုံကြကုန်လတ္တံ့။ ဤသို့သော သတ္တိထူးတို့နှင့် ပြည့်စုံသည့် ဤစွယ်စုံကျမ်းကြီးကို လက်ကိုင်ပြုလျက် ပြည်ထောင်စုသူ ပြည်ထောင်စုသား အပေါင်းတို့သည် လူသစ်တည်၍ ပြည်သစ်ဆောက်နိုင်ကြပါစေသတည်း" ဟူ၍ ၁၉၅၄ ခုနှစ်တွင် ပုံနှိပ်ထုတ်ဝေခဲ့သည့် မြန်မာ့စွယ်စုံကျမ်းအတွဲ (၁) တွင် ဤသို့ အမှာစာ ရေးသားပေးခဲ့ပါသည်။

နောက်ပိုင်းကာလများတွင် စာပေဗိမာန်သည် မြန်မာ့စွယ်စုံကျမ်း၏ အဖြည့်ကျမ်းများအနေဖြင့် မြန်မာ့စွယ်စုံကျမ်း နှစ်ချုပ်စာအုပ်များကို ၁၉၇၈ ခုနှစ်မှစ၍ ၂၀၂၂ ခုနှစ်အထိ နှစ်စဉ်ထုတ်ဝေခဲ့သည်မှာ စုစုပေါင်း ၄၄ အုပ် ရှိခဲ့ပြီးဖြစ်ပါသည်။ မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် ၂၀၂၂ သည်လည်း မကြာမီရက်ပိုင်းအတွင်း ဖြန့်ချိနိုင်တော့မည် ဖြစ်ပါသည်။

> **ယခု စွယ်စုံကျမ်း အတွဲ - ၁ တွင် စာမျက်နှာ ၅၀၀ ခန့်ပါရှိပြီး အက္ခရာ (က-ကုတ်) အထိ အကြောင်းရပ် တည်ပုဒ်ပေါင်း ၄၂၀ ကျော်၊ ရောင်စုံဓာတ်ပုံ မြေပုံပေါင်း ၅၀၀ ခန့်တို့ဖြင့် ဝေဆာစွာ ထည့်သွင်းဖော်ပြထားပါသည်။ မူလမြန်မာ့စွယ်စုံကျမ်း အတွဲ -၁ (က-ကုံ) ထုတ်ဝေစဉ်က ၁၉၅၄ ခုနှစ်ဖြစ်ရာ ယခုအခါ နှစ်ပေါင်း ၆၈ နှစ်မျှ ကြာမြင့်ခဲ့ပြီဖြစ်သည်။ ထိုကာလအတွင်း တိုးတက်ပြောင်းလဲဖြစ်ပေါ်ခဲ့သော ပညာရပ်ဆိုင်ရာ အချက်အလက်များ၊ မြန်မာနှင့် နိုင်ငံတကာဆိုင်ရာ အကြောင်းခြင်းရာသစ်များကို ဖြည့်စွက်ထည့်သွင်းခြင်း၊ မညီညွတ်သည်များကို တည်းဖြတ်ပြင်ဆင်**

**၂၀၁၈ ခုနှစ်မှစတင်၍ ဆောင်ရွက်ခဲ့**

၁၉၅၄ ခုနှစ်မှစတင်၍ ထုတ်ဝေခဲ့သော စွယ်စုံကျမ်း (၁၅) တွဲ၏ တည်ပုဒ်အချို့နှင့် အကြောင်းအရာတချို့မှာ ခေတ်နှင့်အညီ ပြန်လည်ပြုပြင်ဖြည့်စွက်ရန် လိုအပ်နေပြီဖြစ်သောကြောင့် ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်နှင့် မြန်မာ့စွယ်စုံကျမ်း တည်းဖြတ်ပြင်ဆင်ရေးကိစ္စတွင် ပါဝင်ကူညီရန် စိတ်အားထက်သန်စွာ ကမ်းလှမ်းလာသည့် ထွန်းဖောင်ဒေးရှင်းတို့ပူးတွဲကာ ၂၀၁၈ ခုနှစ်မှစတင်၍ လုပ်ငန်းများ ဆောင်ရွက်ခဲ့ပါသည်။

ထိုသို့ လုပ်ငန်းများဆောင်ရွက်ရာတွင် ပုံနှိပ်ရေးနှင့် ထုတ်ဝေရေး ဦးစီးဌာန စာပေဗိမာန်နှင့် ထွန်းဖောင်ဒေးရှင်းတို့၏ လုပ်ငန်းတာဝန်ခွဲဝေမှုဆိုင်ရာ မူဘောင်သဘောတူညီချက် (FWA-Frame Work Agreement) လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို ၂၀၂၀ ပြည့်နှစ် ဩဂုတ်လ ၁၄ ရက် မွန်းလွဲ ၂ နာရီတွင် အမှတ် (၅၂၉၊ ၅၃၁) ကုန်သည်လမ်းနှင့် ၃၇ လမ်းထောင့် စာပေဗိမာန်ရုံး၌ ကျင်းပခဲ့ပါသည်။

ထွန်းဖောင်ဒေးရှင်းအနေဖြင့် အခြားသော စာပေယဉ်ကျေးမှုဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ရေးဆိုင်ရာ လုပ်ငန်းများတွင် အားပေးဆောင်ရွက်ခဲ့သည့်နည်းတူ ယခုဆောင်ရွက်လျက်ရှိသော မြန်မာ့စွယ်စုံကျမ်းများ ပြန်လည်ပုံနှိပ်ထုတ်ဝေရေး လုပ်ငန်းကြီးတွင်လည်း ခေတ်မီတည်ပုဒ်အသစ်များ ရှာဖွေထည့်သွင်းနိုင်ရေးအတွက် ပညာရှင်အဖွဲ့များဖြင့် စုဖွဲ့ဆောင်ရွက်ခြင်း၊ ဘာသာပြန်ခြင်းမှအစပြု၍ ပုံနှိပ်ထုတ်ဝေခြင်းလုပ်ငန်းတိုင်အောင် လိုအပ်သော လုပ်ငန်းဆိုင်ရာ အထောက်အကူပြုပစ္စည်းများနှင့် ဘဏ္ဍာငွေကြေးဆိုင်ရာ ပံ့ပိုးဖြည့်ဆည်းခြင်းတို့ကို ကမကထပြု ဆောင်ရွက်ပေးခဲ့ပါသည်။

မကြာမီဖြန့်ချိတော့မည့် "မြန်မာ့စွယ်စုံကျမ်း အတွဲ (၁) (က-ကုတ်)" စာအုပ်ထွက်ပေါ်လာရေးအတွက် အောက်ဖော်ပြပါ ဦးဆောင်ကော်မတီက တာဝန်ယူ ဆောင်ရွက်ခဲ့ပါသည် -

| | | |
|---|---|---|
| ၁။ ဦးချစ်နိုင် | ပြည်ထောင်စုဝန်ကြီး<br>ပြန်ကြားရေးဝန်ကြီးဌာန၊<br>[ယခုပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန(၂)] | နာယက |
| ၂။ ဦးသိန်းထွန်း (ကွယ်လွန်) | ဥက္ကဋ္ဌ၊ ထွန်းဖောင်ဒေးရှင်း | နာယက |
| ၃။ စည်သူ ဒေါက်တာ သော်ကောင်း | စာကြည့်တိုက်မှူး (ငြိမ်း)<br>တက္ကသိုလ်များ<br>ဗဟိုစာကြည့်တိုက် | ဥက္ကဋ္ဌ |
| ၄။ ဒေါက်တာ ခင်အေး (မောင်ခင်မင် - ဓနုဖြူ) | ပါမောက္ခ (ငြိမ်း)<br>ရန်ကုန်တက္ကသိုလ် | ဒုတိယ ဥက္ကဋ္ဌ (၁) |

စာမျက်နှာ ၇ သို့

# ဦးစီးအရာရှိနှင့် ဒုတိယမြို့နယ်ပညာရေးမှူးများ ပညာရေးစီမံခန့်ခွဲမှု သင်တန်းဖွင့်ပွဲအခမ်းအနား Virtual စနစ်ဖြင့် ကျင်းပ

ရန်ကုန် မေ ၁၉

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် ထောက်ကြန့်(တောင်ပိုင်း)ရပ်ကွက် ရန်ကုန်-ပြည်ကားလမ်းမကြီးဘေးရှိ ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာန၊ ပညာရေးစီမံခန့်ခွဲမှု သင်တန်းကျောင်း(ရန်ကုန်)၌ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် ဦးစီးအရာရှိနှင့် ဒုတိယမြို့နယ်ပညာရေးမှူးများ စီမံခန့်ခွဲမှုသင်တန်းအမှတ်စဉ် (၁/၂၀၂၂) ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီတွင် Virtual စနစ်ဖြင့် ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

## ၂၈ ရက်ကြာ ဖွင့်လှစ်သင်ကြားမည်

အဆိုပါသင်တန်းတွင် စီမံခန့်ခွဲမှုဆိုင်ရာ လုပ်ငန်းများ၊ သင်ကြားမှုဆိုင်ရာလုပ်ငန်းများ၊ ဘဏ္ဍာရေးဆိုင်ရာ လုပ်ငန်းများနှင့် မူဝါဒ/ စီမံကိန်းဆိုင်ရာ လုပ်ငန်းများကိုပိုမိုတတ်ကျွမ်းနားလည်စေပြီး မိမိလုပ်ငန်းတာဝန်များ အောင်မြင်စွာဆောင်ရွက်နိုင်စေရန်၊ လုပ်ငန်းတာဝန်စွမ်းဆောင်ရည်ပိုမိုမြင့်မားလာစေရန်၊ ရာထူးတိုးမြှင့်တာဝန်ထမ်းဆောင်ရာတွင် ရုံးလုပ်ငန်းများနှင့် ဘဏ္ဍာရေးဆိုင်ရာ ကိစ္စရပ်များကို တတ်ကျွမ်းနားလည်စွာ ဆောင်ရွက်တတ်စေရန်တို့အတွက် ပညာရေးစီမံခန့်ခွဲမှုသင်တန်းကျောင်းမှ ဌာနမှူးများ၊ လက်ထောက်ကထိကနှင့် ဦးစီးအရာရှိများဖြစ်သည့် သင်တန်းနည်းပြ ၁၄ ဦးတို့က သင်ကြားပို့ချသွားမည်ဖြစ်ပြီး မြန်မာတစ်နိုင်ငံလုံးရှိ ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးမှ ဦးစီးအရာရှိ ၅၂ ဦး၊ ဒုတိယမြို့နယ်ပညာရေးမှူး ၃၈ ဦး တက်ရောက်မည်ဖြစ်ကာ သင်တန်းကာလမှာ မေ ၁၉ ရက်မှ ဇွန် ၁၅ ရက်အထိ ၂၈ ရက်ကြာ ဖွင့်လှစ်သင်ကြားမည်ဖြစ်ကြောင်း ပညာရေးစီမံခန့် ခွဲမှု သင်တန်းကျောင်း (ရန်ကုန်)မှ သိရသည်။

**ဆုလှိုင်(မင်္ဂလာဒုံ)**






# ပြည်သူများအကျိုးရှိ၍ သိသင့်သိထိုက်သည့် သတင်းအချက်အလက်များကို အချိန်နှင့်တစ်ပြေးညီ ဖြန့်ဝေပေးနိုင်ရေးဆောင်ရွက်

နေပြည်တော် မေ ၁၉

ပြန်ကြားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်သည် ယမန်နေ့ မွန်းလွဲပိုင်းက ကော့သောင်းမြို့ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများအား တွေ့ဆုံကာ လုံခြုံရေးဂရုစိုက်ရန်၊ ထုတ်လွှင့်မှု မပြတ်တောက်ရေး အလေးထား ဆောင်ရွက်ရန်မှာကြားသည်။

ယနေ့ နံနက်ပိုင်းတွင် ကော့သောင်းမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ခရိုင်ပြည်သူ့စာကြည့်တိုက်ကို သွားရောက်စစ်ဆေးကာ စာဖတ်သူ၊ စာငှားသူတိုးတက်လာစေရေးနှင့် ပြည်သူ့ဆက်ဆံရေး အသိပညာပေးလုပ်ငန်းများ တိုးတက်မှုရှိအောင် ဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် ခရိုင်ရုံးတွင် ခရိုင်လက်ထောက်ညွှန်ကြားရေးမှူးနှင့် ဝန်ထမ်းများ၊ ဘုတ်ပြင်းမြို့နယ်၊ ခမောက်ကြီးမြို့၊ ပြည်ကြီးမဏ္ဍိုင်မြို့နှင့် ကရသူရိမြို့တို့မှ ဦးစီးမှူးများ၊ ထပ်ဆင့်လွှင့် စက်ရုံ စက်ရုံမှူးတို့အား တွေ့ဆုံ၍ လူငယ်လူရွယ်များအား အသိပညာပေးရေးနှင့် ကျောင်းနေအရွယ် ကျောင်းသား ကျောင်းသူများ ကျောင်းအပ်နှံရေးတို့အတွက် သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်ရန်၊ ပြည်သူများ အကျိုးရှိ၍ သိသင့်သိထိုက်သည့် သတင်းအချက်အလက်များကို အချိန်နှင့်တစ်ပြေးညီ ဖြန့်ဝေပေးရန်နှင့် ဝန်ထမ်းရေးရာ ကိစ္စရပ်များကို မှာကြားပြီး ဝန်ထမ်းများ၏ တင်ပြချက်များအပေါ် ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

**သတင်းစဉ်**

● **စာမျက်နှာ ၆ မှ**

| | | |
|---|---|---|
| ၅။ ဒေါက်တာတင်လှိုင် (ဘိုးလှိုင်) | ညွှန်ကြားရေးမှူးချုပ်(ငြိမ်း) အဏုမြူစွမ်းအင်ဦးစီးဌာန | ဒုတိယဥက္ကဋ္ဌ (၂) |
| ၆။ ဦးဝင်းကျော်အောင် | ညွှန်ကြားရေးမှူးချုပ် ပုံနှိပ်ရေးနှင့် ထုတ်ဝေရေး ဦးစီးဌာန | အတွင်းရေးမှူး |
| ၇။ ဦးတိုးကျော် | စာတည်းမှူးချုပ်၊ စာပေဗိမာန် ပုံနှိပ်ရေးနှင့်ထုတ်ဝေရေး ဦးစီးဌာန | တွဲဖက်အတွင်းရေးမှူး |

"မြန်မာ့စွယ်စုံကျမ်း အတွဲ (၁) (က-ကုတ်)" စာအုပ်တွင် ပါဝင်သော အကြောင်းအရာများအတွက် အောက်ဖော်ပြပါပုဂ္ဂိုလ်များ ပါဝင်သော စာတည်းများက တာဝန်ယူဆောင်ရွက်ခဲ့ပါသည် -

**မြန်မာ့စွယ်စုံကျမ်းများ ပြန်လည်ထုတ်ဝေရေးလုပ်ငန်း စာတည်းအဖွဲ့**

| | |
|---|---|
| ၁။ စည်သူဒေါက်တာသော်ကောင်း | စာတည်းမှူးချုပ် |
| ၂။ ဒေါက်တာခင်အေး (မောင်ခင်မင်-ဓနုဖြူ) | စာတည်းမှူး (ဝိဇ္ဇာပညာ+မြန်မာမှု) |
| ၃။ ဒေါက်တာတင်လှိုင် (ဘိုးလှိုင်) | စာတည်းမှူး (သိပ္ပံနည်းပညာ+ဘာသာပြန်) |
| ၄။ ဒေါက်တာစန်းဝင်း | စာတည်း (ရှေးဟောင်းသုတေသန) |
| ၅။ ဦးအေးချို (ဦးအေးချို မဟာဝိဇ္ဇာ) | စာတည်း (ဝိဇ္ဇာပညာ မြန်မာမှု) |
| ၆။ ဦးသန်းထွဋ် (လင်း-ဆေး/၁) | စာတည်း (သိပ္ပံနည်းပညာ+ဘာသာပြန်) |
| ၇။ ဒေါက်တာအောင်ကြီး | စာတည်း (သိပ္ပံနည်းပညာ+ဘာသာပြန်) |
| ၈။ ပါမောက္ခဦးသိန်းလှိုင် | စာတည်း (ဝိဇ္ဇာပညာ+မြန်မာမှု) |
| ၉။ ဒေါက်တာစိုးနိုင် | စာတည်း (ဝိဇ္ဇာပညာ+မြန်မာမှု) |
| ၁၀။ ဦးအေးမောင်ကျော် (အေးမောင်ကျော်) | စာတည်း (သိပ္ပံနည်းပညာ+ဘာသာပြန်) |
| ၁၁။ ဦးသန်းအုန်း (မောင်ဇေယျာ) | စာတည်း (ဝိဇ္ဇာပညာ+မြန်မာမှု) |

**စာပေဗိမာန် စာတည်းများ**

| | |
|---|---|
| ၁။ ဦးတိုးကျော် | စာတည်းမှူးချုပ်၊ စာပေဗိမာန် |
| ၂။ ဒေါ်တင်တင်ဝင်း | ဒုတိယစာတည်းမှူးချုပ်၊ စာပေဗိမာန် |
| ၃။ ဦးစိုးမြင့်သန်း | စာတည်းမှူး၊ စာပေဗိမာန် (ငြိမ်း) |
| ၄။ ဒေါ်နုနုယဉ် | စာတည်းမှူး၊ စာပေဗိမာန် (ငြိမ်း) |
| ၅။ ဒေါ်ခင်ဝါဆွေ | စာတည်းမှူး၊ စာပေဗိမာန် (ငြိမ်း) |
| ၆။ ဦးအောင်ဇော်မျိုး | စာတည်းမှူး၊မူပိုင်ခွင့်နှင့် မှတ်ပုံတင်ဌာနခွဲ |
| ၇။ ဒေါ်သင်းသင်းမာ | စာတည်းမှူး၊မူပိုင်ခွင့်နှင့် မှတ်ပုံတင်ဌာနခွဲ |
| ၈။ ဒေါ်မြင့်မြတ်သီတာ | စာတည်း၊ မူပိုင်ခွင့်နှင့် မှတ်ပုံတင်ဌာနခွဲ |
| ၉။ ဦးစိုးနိုင်ထွန်း | စာတည်း၊ စာပေဗိမာန် |

**ထွန်းဖောင်ဒေးရှင်းစာတည်းများ**

| | |
|---|---|
| ၁။ ဦးစောလွင် (မောင်သွေးသစ်) | စာတည်း၊ ထွန်းဖောင်ဒေးရှင်း |
| ၂။ ဦးဇော်ညွန့် | ဘာသာပြန်၊ ထွန်းဖောင်ဒေးရှင်း |
| ၃။ ဦးကိုကို | ဘာသာပြန်၊ ထွန်းဖောင်ဒေးရှင်း |
| ၄။ ဦးထွန်းအုံ | ဘာသာပြန်၊ ထွန်းဖောင်ဒေးရှင်း |
| ၅။ ဦးတင်အောင်ကျော် | ဘာသာပြန်၊ ထွန်းဖောင်ဒေးရှင်း |
| ၆။ ဦးစိုးမင်းဦး | ဘာသာပြန်၊ ထွန်းဖောင်ဒေးရှင်း |
| ၇။ ဦးသောင်းဝင်း | ဘာသာပြန်၊ ထွန်းဖောင်ဒေးရှင်း |

ယခု စွယ်စုံကျမ်း အတွဲ -၁ တွင် စာမျက်နှာ ၅၀၀ ခန့် ပါရှိပြီး အက္ခရာ (က-ကုတ်) အထိ အကြောင်းရပ် တည်ပုဒ်ပေါင်း ၄၂၀ ကျော်၊ ရောင်စုံဓာတ်ပုံ မြေပုံပေါင်း ၅၀၀ ခန့်တို့ဖြင့် ဝေဆာစွာ ထည့်သွင်းဖော်ပြထားပါသည်။ မူလမြန်မာ့စွယ်စုံကျမ်း အတွဲ -၁ (က-ကုံ) ထုတ်ဝေစဉ်က ၁၉၅၄ ခုနှစ်ဖြစ်ရာ ယခုအခါ နှစ်ပေါင်း ၆၈ နှစ်မျှကြာမြင့်ခဲ့ပြီဖြစ်သည်။ ထိုကာလအတွင်း တိုးတက်ပြောင်းလဲဖြစ်ပေါ်ခဲ့သော ပညာရပ်ဆိုင်ရာ အချက်အလက်များ၊ မြန်မာနှင့် နိုင်ငံတကာဆိုင်ရာ အကြောင်းခြင်းရာသစ်များကို ဖြည့်စွက်ထည့်သွင်းခြင်း၊ မညီညွတ်သည်များကို တည်းဖြတ်ပြင်ဆင်ခြင်းအလုပ်ကို စာပေပညာရှင်ကြီးများ ပါဝင်သည့် မြန်မာ့စွယ်စုံကျမ်း ပြန်လည်ထုတ်ဝေရေး ဦးဆောင်ကော်မတီနှင့် စာတည်းအဖွဲ့ဝင်များ စိတ်ရှည်လက်ရှည်ကြိုးပမ်းဆောင်ရွက်ခဲ့ကြပါသည်။

ပညာခေတ်ဟုခေါ်သော ၂၁ ရာစုတွင် ယခင်ရာစုများနှင့်မတူတစ်မူထူးခြား ပြောင်းလဲတိုးတက်လာသည့် နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေးတို့အပြင် သိအပ်စရာ၊ တတ်အပ်စရာ အသိပညာဗဟုသုတ အစုံပါဝင်သည့် မြန်မာ့စွယ်စုံကျမ်းအတွဲ -၁ (က-ကုတ်) ထွက်ပေါ်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည့် ပြန်ကြားရေးဝန်ကြီးဌာန၏ ပြည်ထောင်စုဝန်ကြီးများ၊ စိတ်အားထက်သန်စွာ ပူးပေါင်းဆောင်ရွက်ခဲ့သည့် ကွယ်လွန်သွားပြီဖြစ်သော ဦးသိန်းထွန်း ထွန်းဖောင်ဒေးရှင်းဥက္ကဋ္ဌ၊ မြန်မာ့စွယ်စုံကျမ်း ပြန်လည်ထုတ်ဝေရေးလုပ်ငန်း ဦးဆောင်ကော်မတီဝင်များ၊ ပညာရှင်များ၊ စာတည်း အဖွဲ့ဝင်များနှင့် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ပေးကြသူများအားလုံးကို အထူးကျေးဇူးတင်ရှိပါကြောင်း လေးစားစွာ ဂုဏ်ပြုမှတ်တမ်းတင်အပ်ပါသည်။

မကြာမီထွက်ရှိတော့မည့် အဆိုပါစာအုပ်ကို ရန်ကုန်မြို့ရှိ အမှတ် ၅၂၉ - ၅၃၁၊ ကုန်သည်လမ်း စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၁-၈၂၄၉၀၃၁၊ ၀၁-၈၃၈၁၄၄၈)၊ နေပြည်တော်ရှိ အမှတ် (တ- ၅၅) သပြေကုန်းဈေး စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၆၇-၃၄၁၄၆၈၁)၊မန္တလေးမြို့ရှိ ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြား၊စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၂-၄၀၃၀၁၈၆) နှင့် အမြို့မြို့ရှိစာပေဗိမာန် ကိုယ်စားလှယ်များထံတွင် ဆက်သွယ်ဝယ်ယူနိုင်ကြောင်းနှင့် လက်ကားမှာယူလိုပါက အမှတ် ၅၂၉-၅၃၁ ကုန်သည်လမ်းရှိ စာပေဗိမာန်အရောင်းဌာန (ဖုန်း ၀၁-၈၂၄၉၀၃၁၊ ၀၁-၈၃၈၁၄၄၈) တို့သို့ ဆက်သွယ်၍ ဝယ်ယူနိုင်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။ ။

# ၂၀၂၂-၂၀၂၃ ပညာသင်နှစ် ကျောင်းအပ်နှံရေးသီတင်းပတ် မြေစိုက်ပိုစတာစိုက်ထူခြင်း အခမ်းအနားကျင်းပ



**နေပြည်တော် မေ ၁၉**

၂၀၂၂-၂၀၂၃ ပညာသင်နှစ် ကျောင်းအပ်နှံရေး သီတင်းပတ် မြေစိုက်ပိုစတာစိုက်ထူခြင်း အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ပျဉ်းမနား-တောင်ညိုလမ်း မြို့မဈေးအနီး၌ ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားသို့ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမောင်မောင်နိုင်၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ နေပြည်တော်ကောင်စီနယ်မြေ ပညာရေးမှူးနှင့် ခရိုင်/မြို့နယ် ပညာရေးမှူးများ၊ ကျောင်းအုပ်ကြီးများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် ဒုတိယဝန်ကြီးများက ကျောင်းအပ်နှံရေးသီတင်းပတ် မြေစိုက်ပိုစတာစိုက်ထူခြင်း အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေက **“ကျောင်းနေအရွယ်ကလေးအားလုံး ပညာသင်ယူခွင့်ရရှိဖို့ ကျောင်းအပ်နှံကြပါစို့”**ဟူသော မြေစိုက်ပိုစတာကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

အလားတူ ပြည်ထောင်စုဝန်ကြီး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ပျဉ်းမနား-တောင်ညိုလမ်း၊ ရေပန်းဥယျာဉ်မုခ်ဦးအနီး၌ ကျင်းပသည့် ကျောင်းအပ်နှံရေးသီတင်းပတ် မြေစိုက်ပိုစတာစိုက်ထူခြင်း အခမ်းအနားသို့လည်း တက်ရောက်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



## ကျောင်းအပ်နှံရေးနေ့ဆိုင်းဘုတ်တင်ပွဲ အခမ်းအနားကျင်းပ

**ပုသိမ် မေ ၁၉**

၂၀၂၂-၂၀၂၃ ပညာသင်နှစ်ကျောင်းအပ်နှံရေးနေ့ ဆိုင်းဘုတ်တင်ပွဲအခမ်းအနားကို ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ ပညာရေးမှူးရုံးရှေ့၌ ယနေ့နံနက် ၉ နာရီက ကျင်းပရာ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ အနောက်တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်အောင်အောင်နှင့် ဝန်ကြီးများ၊ အဆင့်ဌာနဆိုင်ရာများ၊ တိုင်းပညာရေးမှူးနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်က ဆိုင်းဘုတ်အား စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

အုတ်တွင်းမြို့နယ် မြို့တွင်းလမ်းဆုံဘုန်းတော်တိုး၊ ဘုန်းတော်ပွင့် ဘုရားအနီး မီးပွိုင့်နေရာ၌ မေ ၁၉ ရက် နံနက် ၉ နာရီခွဲက ကျောင်းအပ်နှံရေးသီတင်းပတ် မြေစိုက်ပိုစတာဆိုင်းဘုတ်ကို မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးညီညီ၊ မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ဝင်(၁) ဗိုလ်မှူးမြင့်ဇော်၊ အဖွဲ့ဝင်(၂)ဦးတင်ယုနှင့် မြို့နယ်ပညာရေးမှူး ဒေါ်မာလာမြင့်တို့က စိုက်ထူကြစဉ်။ မြို့နယ်(ပြန်/ဆက်)



ငပုတောမြို့နယ် သိမ်တော်ကြီးလမ်းမ မြို့နယ်ပညာရေးမှူးရုံးရှေ့၌ မေ ၁၉ ရက် နံနက် ၉ နာရီက ကျောင်းအပ်နှံရေးနေ့ သီတင်းပတ်မြေစိုက်ပိုစတာကို မြို့နယ်စီမံအုပ်ချုပ်အဖွဲ့ဥက္ကဋ္ဌ ဦးကျော်သူနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ပညာရေးမှူးပူးတွဲ (တာဝန်) ဦးအေးလွင်၊ ဒုတိယမြို့နယ်ပညာရေးမှူး ဦးနိုင်လင်း၊ အထက (ငပုတော) ကျောင်းအုပ်ဆရာမကြီး ဒေါ်သင်းသင်းနိုင်နှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများက စိုက်ထူကြစဉ်။ မြို့နယ် (ပြန်/ဆက်)







၂၀၂၂-၂၀၂၃ ပညာသင်နှစ်ကျောင်းအပ်နှံရေး ဆိုင်းဘုတ်စိုက်ထူပွဲကို မေ ၁၉ ရက် နံနက် ၁၁ နာရီက မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် လူစည်ကားရာနေရာများဖြစ်သော မော်တော်ယာဉ်လမ်းဆုံမီးပွိုင့်အနီးနှင့် မြို့မဈေးကြီးအနီးတို့၌ မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဦးမျိုးသက်ကျော်နှင့်အဖွဲ့ဝင် ဦးစိုးဝင်းအောင်၊ ဒုတိယမြို့နယ်ပညာရေးမှူး ဦးတင့်ဘော်နှင့် ဦးမြင့်ကျော်၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများနှင့် ဆရာ ဆရာမများက စုပေါင်းစိုက်ထူကြစဉ်။

မြို့နယ်ပြန်/ဆက်

ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ် ငါးသိုင်းချောင်းမြို့ မြို့အဝင်ကြိုဆိုပါ၏လမ်းဆုံ၌ မေ ၁၉ ရက် နံနက်ပိုင်းက ကျောင်းအပ်နှံရေး သီတင်းပတ်ဆိုင်းဘုတ်စိုက်ထူပွဲ ကျင်းပရာ ရေကြည်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းဝင်းနှင့် အဖွဲ့၊ လက်ထောက်မြို့နယ်ပညာရေးမှူး၊ ငါးသိုင်းချောင်းမြို့အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ အထက (ငါးသိုင်းချောင်း)မှ ဆရာ ဆရာမများ၊ ရပ်မိ ရပ်ဖများ၊ ကျောင်းသားမိဘများ ပူးပေါင်း၍ ကျောင်းအပ်နှံရေး သီတင်းပတ်ဆိုင်းဘုတ်ကို စုပေါင်းစိုက်ထူကြစဉ်။

မြို့နယ်(ပြန်/ဆက်)

၂၀၂၂ - ၂၀၂၃ ပညာသင်နှစ် မြို့နယ်လုံးကျွတ်ကျောင်းအပ်နှံရေး လှုံ့ဆော်မှု ဆိုင်းဘုတ်ဖွင့်ပွဲအခမ်းအနားကို မေ ၁၉ ရက် နံနက် ၉ နာရီက ပဲခူးတိုင်းဒေသကြီး ပေါက်ခေါင်းမြို့နယ် အထက်တန်းကျောင်းရှေ့၌ ကျင်းပရာ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်ဇော်ဦး၊ မြို့နယ်စီမံ အုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၂) ဦးမြင့်ဌေး၊ မြို့နယ်လဝကဦးစီးမှူး ဦးမြင့်စိုးနှင့် မြို့နယ်ပညာရေးမှူးဦးအေးလှိုင်တို့က ကျောင်းအပ်နှံရေး လှုံ့ဆော်မှု ဆိုင်းဘုတ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။

မြို့နယ်(ပြန်/ဆက်)



ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ကြပါစို့

## တာဝန်မှကင်းကွာနေသော အခြေခံပညာရေးဝန်ထမ်းများအား ပြန်လည်ဖိတ်ခေါ်ခြင်း

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီသည် ဦးတည်ချက် (၉) ရပ် ချမှတ်ဆောင်ရွက်လျက်ရှိရာ တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေးဆိုသည့် လူမှုရေးဦးတည်ချက်တစ်ရပ်ကိုလည်း ထည့်သွင်းချမှတ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး နိုင်ငံတော်၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရန် မျိုးဆက်သစ် လူငယ်များ၏ ပညာရည် မြင့်မားရေးအတွက် ပညာသင်အခွင့်အလမ်း ပုံမှန်ပြန်လည်ရရှိစေရေးကို အထူးအလေးထား ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

မျိုးဆက်သစ်လူငယ်များ၏ ပညာရေးကို ရှေးရှု၍ နိုင်ငံတစ်ဝန်းရှိ အခြေခံပညာကျောင်းများကို ၁-၁၁-၂၀၂၁ ရက်နေ့တွင်လည်းကောင်း၊ အဆင့်မြင့်ပညာတက္ကသိုလ်/ ကောလိပ်များကို ၁၂-၅-၂၀၂၂ ရက်နေ့တွင်လည်းကောင်း ပြန်လည်ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်ပါသည်။ ဆက်လက်၍ ၂၀၂၂-၂၀၂၃ ခုနှစ် ပညာသင်နှစ်အတွက် အခြေခံပညာသင်ကျောင်းများကို ၂-၆-၂၀၂၂ ရက်နေ့တွင် ပြန်လည်ဖွင့်လှစ်သွားမည် ဖြစ်ပါသည်။

အနာဂတ်၏ခေါင်းဆောင်များ ဖြစ်လာကြမည့် မျိုးဆက်သစ်လူငယ်များ၏ ပညာရည်မြင့်မားရေးကို ဆောင်ရွက်ရာတွင် အခြေခံပညာရေးသည် များစွာ အဓိကကျပါသည်။ အခြေခံပညာသင်ကြားကြမည့် ကျောင်းသားလူငယ်များ ပညာရည်နို့ကို အပြည့်အဝသောက်စို့နိုင်ရန်နှင့် အရည်အသွေးပြည့်ဝပြီး ဆရာ၊ တပည့် အချိုးမျှတသည့် သင်ကြားမှုစနစ်ဖြစ်စေရန်အတွက် အတွေ့အကြုံရှိ ဆရာ ဆရာမများ လိုအပ်ပါသည်။ ခြိမ်းခြောက်အကျပ်ကိုင်ခံရမှုကြောင့် လည်းကောင်း၊ ငြိမ်းချမ်းစွာ ဆန္ဒပြမှုများတွင် ပါဝင်ခဲ့မိသောကြောင့်လည်းကောင်း စိုးရိမ်ကြောင့်ကြမှုများကြောင့် တာဝန်မှကင်းကွာခဲ့ကြသော ပညာရေးဝန်ထမ်း ဆရာ ဆရာမများ၊ ဝန်ထမ်းစည်းကမ်းဖြင့် အရေးယူခံထားရသည့် ဆရာ ဆရာမများအနေဖြင့် နိုင်ငံသား မျိုးဆက်သစ်လူငယ်များအတွက် စေတနာ၊ ဝါသနာ၊ အနစ်နာပါသော နာသုံးနာကို ရှေးရှု၍ သင်ကြားရေးတာဝန်များကို ပြန်လည်ထမ်းဆောင်နိုင်ရန်အတွက် မိမိတို့၏ သဘောဆန္ဒအလျောက် မိမိတို့ နောက်ဆုံး တာဝန်ထမ်းဆောင်ခဲ့ရာ ကျောင်းတည်ရှိသည့် မြို့နယ်ပညာရေးမှူးရုံးသို့ဖြစ်စေ၊ မိမိတို့ လက်ရှိနေထိုင်ရာဒေသရှိ နီးစပ်ရာ မြို့နယ်ပညာရေးမှူးရုံးသို့ဖြစ်စေ သတ်မှတ်ပုံစံများဖြည့်စွက်ရန်နှင့် အယူခံလွှာတင်သွင်းရန်တို့အတွက် ၃၁-၅-၂၀၂၂ ရက်နေ့မတိုင်မီ သတင်းပို့ကြရန် ဖြစ်ပါသည်။

တာဝန်မှကင်းကွာနေသော အခြေခံပညာရေးဝန်ထမ်းများအနက် တာဝန်ထမ်းဆောင်ရန် အကြောင်းအမျိုးမျိုးကြောင့် ခွင့်မဲ့ပျက်ကွက်နေသောဝန်ထမ်းများ၊ ဌာနဆိုင်ရာ စုံစမ်းစစ်ဆေးဆဲဝန်ထမ်းများနှင့် အယူခံတင်သွင်းသည့် ဝန်ထမ်းများအား တာဝန်ပျက်ကွက်ခဲ့သည့် ကာလများကို လစာမဲ့ခွင့်အဖြစ်သတ်မှတ်၍ ကြီးလေးသော ရာဇဝတ်မှုကျူးလွန်ထားသူများမှအပ တာဝန်ပြန်လည်ထမ်းဆောင်နိုင်ရေး ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာ အပ်ပါသည်။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**သတင်းထုတ်ပြန်ရေးအဖွဲ့**

## ဒဂုံတက္ကသိုလ် မောင်မယ်သစ်လွင်ကြိုဆိုပွဲ စည်ကားသိုက်မြိုက်စွာကျင်းပ

**ရန်ကုန် မေ ၁၉**

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာ ဦးစီးဌာန ဒဂုံတက္ကသိုလ်၌ ၂၀၂၂-၂၀၂၃ ပညာသင်နှစ် မောင်မယ်သစ်လွင်ကြိုဆိုပွဲကို ယနေ့နံနက် ၉ နာရီခွဲက ရန်ကုန်မြို့ ဒဂုံမြို့သစ်မြို့နယ် ဒဂုံတက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။



မောင်မယ်သစ်လွင်ကြိုဆိုပွဲ အခမ်းအနားသို့ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးဗိုလ်ဌေးနှင့်ကော်မတီဝင်များ၊ ဒဂုံတက္ကသိုလ် ပါမောက္ခချုပ်ဒေါက်တာသာထွန်းမောင်နှင့် ဒုတိယပါမောက္ခချုပ်များ၊ ဘာသာရပ်ဆိုင်ရာ ပါမောက္ခ(ဌာနမှူး)များနှင့် ကျောင်းသား ကျောင်းသူများတက်ရောက်ကြသည်။

ဦးစွာ သင်ယူသင်ကြားလိုစိတ်ဖြင့် ကြိုးစားသင်ယူကာ ရပ်ရွာ၊ မြို့ပြနှင့် တိုင်းပြည်အကျိုးကို သယ်ပိုးသော သားကောင်းရတနာများ ဖြစ်စေလိုကြောင်း၊ နိုင်ငံတော်၏ပညာရေးမူဝါဒကို လေးစားလိုက်နာမှုဖြင့် နိုင်ငံတော်၏ ကျေးဇူးသစ္စာကိုခံယူကာ နိုင်ငံတော်တည်ဆောက်ရေးတွင် အလုပ်အကျွေးပြုမည့် အသိပညာရှင်၊ အတတ်ပညာရှင်၊ ကျွမ်းကျင်ပညာရှင်များပေါ်ထွန်းလျက် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းတို့ကို စွမ်းစွမ်းတမံ ထမ်းဆောင်မည့် ကျောင်းသား ကျောင်းသူများအဖြစ် ဂုဏ်ယူနိုင်ကြပါစေကြောင်း အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် ဒဂုံတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာသာထွန်းမောင်က တက္ကသိုလ်သည် လူတိုင်းအတွက် မက်မောတမ်းတစရာဖြစ်၍ အထူးသဖြင့် တိုင်းပြည်အတွက် တန်ဖိုးမဖြတ်နိုင်သော သားကောင်းရတနာများကို မွေးထုတ်ပေးရာနေရာ တစ်ခုဖြစ်ပြီး ပညာထူးချွန် လူရည်မွန်များ ပေါ်ထွန်းလာရန် ဆရာ ဆရာမများက ဖခင်၊ မိခင်များသဖွယ် သင်ကြားပေးသွားမည်ဖြစ်ရာ ဒဂုံတက္ကသိုလ် အနေဖြင့် မောင်မယ်သစ်လွင်အပေါင်းအား နွေးထွေးလှိုက်လှဲစွာကြိုဆိုပါကြောင်း နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ယင်းနောက် ဒဂုံတက္ကသိုလ် ဒုတိယ ပါမောက္ခချုပ်များ၊ ဘာသာရပ်ဆိုင်ရာ ပါမောက္ခ (ဌာနမှူး)များက မောင်မယ်သစ်လွင်များကို မိတ်ဆက်စကား ပြောကြားသည်။

၂၀၂၀ ပြည့်နှစ်တွင် တက္ကသိုလ်ဝင်တန်း အောင်မြင်ခဲ့သော ကျောင်းသား ကျောင်းသူ ၁၅၀၀ ကျော်အား ဒဂုံတက္ကသိုလ်မှ ယနေ့တွင် မောင်မယ် သင်လွင်ကြိုဆိုခြင်းဖြစ်သည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန အောက်ရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ် ၄၇ ကျောင်းတို့၌ မောင်မယ်သစ်လွင် ကျောင်းသား ကျောင်းသူ ၁၃၇၅၉ ဦး တက်ရောက်လျက်ရှိပြီး ဘွဲ့ကြိုနှင့် ဘွဲ့လွန် ကျောင်းသား ကျောင်းသူ ၄၅၂၃၃ ဦး တက်ရောက်သင်ကြားလျက်ရှိကြောင်း သိရသည်။

**သတင်း - ညိမ်းသူ**
**ဓာတ်ပုံ - ကနူး (သတင်းစဉ်)**

## ပန်းပေါင်းစုံမွှေး

✻ အပေါင်းအဖော် ဆွေတစ်သင်းရယ်တို့
လက်ချင်းယှက် ပြေးလွှားကာ
မြူးပျော်ကြတာ၊
ကျောင်းအပ်ကြ သူ့ထက်ငါ
စည်သာတဲ့တို့ကျောင်း။
တက်နေပမာကျက်သရေ အဖြာဖြာနဲ့
မင်္ဂလာ ခါသမယပေမို့
တင့်လှပေတောင်း။

✻ တို့ကျောင်းတော် ရောင်စုံပန်းတွေနဲ့
မွှေးလန်းလို့ လှလိုက်တာ
အေးရိပ်သာယာ၊
ပညာနန်းပေမို့
ပညာပန်း ထွေထွေရာရာ
ဝေဆာတဲ့ ပန်းအပေါင်း။
ခူးဆွတ်ကာ ပန်ဆင်ကြ
ယဉ်လှပေတောင်း။

✻ အစဉ်သာလန်းပါတဲ့
ပညာပန်း ဆင်မြန်းကာ၊
ရွှင်လန်းစွာ မောင်မယ်များကိုလ
အားကိုးရမှာ၊
နောင်အရေးကိုလ
ဆောင်ပေးမယ့်သူတွေပါ
လိမ္မာလို့ယဉ်ကျေး။

✻ အဓိကအခရာ
မိဘဆရာ အတူပေါင်းလေတော့
ပညာ အခြေခံကောင်းတွေနဲ့
အခြေခံ ပညာကျောင်းတွေက
ပန်းပေါင်းစုံမွှေး။

ရေနံ့သာမောင်ကျော်ညွန့်

## ဟသ်ာတတက္ကသိုလ်၌ ၂၀၂၂-၂၀၂၃ ပညာသင်နှစ် မောင်မယ်သစ်လွင်ကြိုဆိုပွဲ အခမ်းအနား ကျင်းပ

**ဟသ်ာတ မေ ၁၉**

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတမြို့နယ်တွင် ဟသ်ာတတက္ကသိုလ်၏ ၂၀၂၂-၂၀၂၃ ပညာသင်နှစ် ကျောင်းသား ကျောင်းသူများ၏ မောင်မယ်သစ်လွင်ကြိုဆိုပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီက ဟသ်ာတတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးမြင့်သန်းဝင်းက အဖွင့်အမှာစကား ပြောကြားပြီး ဟသ်ာတတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာ သိင်္ဂီရွှေက မောင်မယ်သစ်လွင်များအား မောင်မယ်သစ်လွင်များအနေဖြင့် လူကောင်းလူတော်များဖြစ်အောင် ကြိုးစားနေထိုင်ကြပြီး ဤတက္ကသိုလ်မှ ပို့ချမည့် ဘာသာရပ်အသီးသီးကို အလေးထားကြိုးစားသင်ယူကြရန်နှင့် နိုင်ငံတော်အတွက် အားထားရသည့် သားကောင်းရတနာ၊ သမီးကောင်းရတနာလေးများဖြစ်ကြပါစေကြောင်း ဆုမွန်စကား ပြောကြားခဲ့သည်။

ဆက်လက်ပြီး တက္ကသိုလ်၏ ဘာသာရပ်ဌာနအသီးသီးမှ ဌာနမှူးများနှင့် မိတ်ဆက်ပေးကာ ဘာသာရပ်ဆိုင်ရာ တာဝန်ခံများက မိမိတို့ ဘာသာရပ်များအလိုက် ရှင်းလင်းမိတ်ဆက်ခဲ့ကြသည်။ ထို့နောက် မောင်မယ်သစ်လွင်များ ကိုယ်စားတစ်ဦးမှ ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

**ကိုဇော် (ဟသ်ာတ)**



# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ (၁၄)ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲပြုလုပ်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၁၄) ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲ ပြုလုပ်စဉ်။

**နေပြည်တော် မေ ၁၉**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၁၄) ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲကို ယနေ့မွန်းလွဲပိုင်းတွင် ပြန်ကြားရေးဝန်ကြီးဌာန၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ် ဇော်မင်းထွန်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦး၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ ဝန်ကြီးဌာနအသီးသီးမှ ကိုယ်စားလှယ်များ၊ တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့မှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများနှင့် ပြည်တွင်းသတင်းဌာနများ၊ နေ့စဉ်ထုတ်သတင်းစာများ၊ ပြည်တွင်းရုပ်မြင်သံကြား သတင်းဌာနများ၊ ပြည်တွင်းအခြေစိုက် ပြည်ပသတင်းဌာနများမှ သတင်းထောက်များ တက်ရောက်ကြသည်။

## နေရာချထားပေး

သတင်းစာရှင်းလင်းပွဲ မစတင်မီ တက်ရောက်လာကြသူများအား တာဝန်ရှိသူများက ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် လိုအပ်သည့် ကျန်းမာရေးဆိုင်ရာ စစ်ဆေးမှုများ ဆောင်ရွက်ပေးပြီး သတ်မှတ်အကွာအဝေးအတိုင်း နေရာချထားပေးသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ် ဇော်မင်းထွန်းက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရအနေဖြင့် နိုင်ငံတော်တာဝန်ယူနေသည့် ကာလအခိုက်အတန့်အတွင်း တိုင်းရင်းသားပြည်သူများ၏အကျိုးကို ရှေးရှု၍ ပြည်သူလူထု၏ဆန္ဒဖြစ်သော ပါတီစုံဒီမိုကရေစီစနစ်ကို ခိုင်မာတောင့်တင်းအောင် တည်ဆောက်နိုင်ရန် လက်တွေ့ကျကျ စိတ်စေတနာထား ဖော်ဆောင်နေမှု၊ ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ လက်တွေ့ကျကျ ထိထိရောက်ရောက် အကောင်အထည်ဖော်နိုင်ရန်နှင့် ဒီမိုကရေစီရေး၊ ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှု အရသာကို တိုင်းရင်းသားပြည်သူအားလုံး ခံစားနိုင်ရန်အတွက် ရိုးသားပွင့်လင်းစွာ ဆွေးနွေးနိုင်ရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ကိုယ်တိုင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အားလုံးကို တွေ့ဆုံဆွေးနွေးရန် ဖိတ်ခေါ်ခဲ့မှု၊ နိုင်ငံတော်အကြီးအကဲ ကိုယ်တိုင် EAO အဖွဲ့များ တစ်ဖွဲ့ချင်းအလိုက် တိုက်ရိုက်တွေ့ဆုံဆွေးနွေးခြင်းသည် မြန်မာ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ရတောင့်ရခဲအခြေအနေနှင့် အချိန်အခါသာဖြစ်ပြီး အဓိကအဆုံးအဖြတ်ပေးနိုင်သူ အချင်းချင်း ရင်းနှီးပွင့်လင်းစွာတွေ့ဆုံနိုင်ရန် လမ်းဖွင့်ပေးခဲ့ခြင်းဖြစ်သည့်အခြေအနေ၊ ထိုသို့ ငြိမ်းချမ်းရေးဆွေးနွေးရန် ကမ်းလှမ်းချက်အပေါ် လာရောက်ဆွေးနွေးမည့် NCA လက်မှတ်ရေးထိုးပြီးဖြစ်သည့် DKBA၊ KNU-KNLA/PC၊ PNLO၊ NMSP၊ ALP၊ RCSS (SSA)၊ LDU စသည့် အဖွဲ့ခုနစ်ဖွဲ့နှင့် NCA လက်မှတ်ရေးထိုးခြင်းမပြုရသေးသည့် UWSA၊ NDAA နှင့် SSPP (SSA) စသည့် အဖွဲ့သုံးဖွဲ့ စုစုပေါင်း အဖွဲ့ ၁၀ ဖွဲ့တို့၏ငြိမ်းချမ်းရေး၊ ပြည်သူလူထုအရေးနှင့် ဒေသအကျိုးအပေါ်ထားရှိသည့် စေတနာတရားကို အစိုးရနှင့် ငြိမ်းချမ်းရေးကိုလိုလားသည့် ပြည်သူလူထုတစ်ရပ်လုံးက အသိအမှတ်ပြုလေးစားမှုများ၊ ငြိမ်းချမ်းရေးဆွေးနွေးပွဲသို့ လာရောက်ကြမည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ၁၀ ဖွဲ့မှ ဦးဆောင်တက်ရောက်ကြမည့်ပုဂ္ဂိုလ်များသည် အဖွဲ့ကိုယ်စားအဆုံးအဖြတ်ပေးနိုင်သူများသာဖြစ်ပြီး တွေ့ဆုံဆွေးနွေးမှုများကို မေ ၂၀ ရက်မှစတင်ပြုလုပ်သွားမည့် အခြေအနေ။

## တိုက်ရိုက်ထိပါးခြင်းဖြစ်

PDF အမည်ခံ အကြမ်းဖက်သမားများ၏ ရဟန်း၊ သံဃာများအပေါ် ပစ်မှတ်ထား လုပ်ကြံသတ်ဖြတ်နေသည့်အခြေအနေ၊ သာသနာတော်၏ ရေသောက်မြစ်ကို ဖြတ်တောက်နေခြင်းသည် အကြမ်းဖက်အဖွဲ့အစည်းများနှင့် အကြမ်းဖက်သမားများ၏ ရည်မှန်းချက်ဖြစ်သည့်အပြင် နောက်ကွယ်မှဆက်စပ်နေနိုင်သည့် အကြောင်းအရာ အချက်အလက်များ၊ ယင်းသည် လူအများစုကိုးကွယ်ရာ ဘာသာတရားကို တိုက်ရိုက်ထိပါးခြင်းဖြစ်သည့်အတွက် အကာအကွယ်ပေးရမည်ဖြစ်ပြီး သံဃာတော်များအား ခြိမ်းခြောက်၊ နှောင့်ယှက်၊ ကိုယ်ထိလက်ရောက်စော်ကားခြင်းများကို သတင်းပေးတိုင်ကြားပါက ထိထိရောက်ရောက် အရေးယူဆောင်ရွက်သွားမည့် အခြေအနေ။

ပညာရေးနှင့်ပတ်သက်၍ ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်း၊ ၂၀၁၉ ခုနှစ် သန်းခေါင်စာရင်းများအရ မြန်မာနိုင်ငံသားအားလုံး၏ ၃ ပုံ ၁ ပုံခန့်သည် အလယ်တန်းအဆင့် ပညာရေးသာရှိသောကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံသားတိုင်းကို KG+9 (အလယ်တန်းအဆင့်) ပညာပြီးဆုံးသည်အထိ သင်ကြားနိုင်ရေး အလေးထားဆောင်ရွက်လျက်ရှိမှု၊ ၂၀၂၂-၂၀၂၃ ပညာသင်နှစ်အတွက် အခြေခံပညာအတန်းများ ကျောင်းအပ်နှံရေးရက်သတ္တပတ်ကို မေ ၂၆ ရက်မှ ဇွန် ၁ ရက်အထိ သတ်မှတ်၍ ကျောင်းအပ်လက်ခံမှုကိုဆောင်ရွက်မည်ဖြစ်ပြီး ဇွန် ၂ ရက်တွင် အခြေခံပညာကျောင်းများ စတင်ဖွင့်လှစ်သင်ကြားသွားမည့် အခြေအနေ၊ အခမဲ့ပညာရေးစနစ်ဖြစ်သောကြောင့် KG တန်း၊ Grade-1 မှ Grade-11 အထိ ကျောင်းသုံး ပြဋ္ဌာန်းစာအုပ်၊ ဆရာလမ်းညွှန်စာအုပ်၊ ဗလာစာအုပ်နှင့် စာရေးကိရိယာများ၊ မူလတန်းကျောင်းသားကျောင်းသူများအတွက် ကျောင်းဝတ်စုံများ ဖြန့်ဝေဖြည့်ဆည်းပေးမှု၊ မျိုးဆက်သစ်လူငယ်များ၏ ပညာရည်မြင့်မားရေးအတွက် အရည်အသွေးပြည့်ဝ၍ အတွေ့အကြုံရှိသည့် ဆရာ ဆရာမများ လိုအပ်သောကြောင့် တာဝန်မှကင်းကွာနေသည့် ပညာရေးဝန်ထမ်းများ ပြန်လည်တာဝန်ထမ်းဆောင်နိုင်ရန် အစိုးရအနေဖြင့် ၂၀၂၂ ခုနှစ် မေ ၁၆ ရက်မှစတင်၍ နိုင်ငံပိုင်ရုပ်မြင်သံကြား၊ မီဒီယာများမှတစ်ဆင့် ပြန်လည်ဖိတ်ခေါ်ထားမှုများနှင့် အခြေခံပညာ ဆရာဆရာမ အသစ်များကိုလည်း ထပ်တိုးခန့်အပ်ခဲ့ပြီးဖြစ်သည့်အခြေအနေ၊ တက္ကသိုလ်များ၊ ဒီဂရီကောလိပ်များနှင့် ကောလိပ်အသီးသီးကို ၂၀၂၂ ခုနှစ် မေ ၁၂ ရက်မှ စတင်ဖွင့်လှစ်ခဲ့မှုနှင့် ကျောင်းသားကျောင်းသူများ၏ ကျောင်းတက်ရောက်မှုအခြေအနေ၊ ချင်းပြည်နယ်အတွင်း ပညာရေးမြှင့်တင်မှု ဆောင်ရွက်ချက်များ။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် ငွေကြေးတည်ငြိမ်ရေး၊ ငွေရေးကြေးရေး တည်ငြိမ်ရေးနှင့် နိုင်ငံခြားငွေလဲလှယ်မှုနှုန်း တည်ငြိမ်ရေးအတွက် ကဏ္ဍအလိုက် ဆောင်ရွက်လျက်ရှိမှု၊ ငွေကြေးတည်ငြိမ်ရေးအတွက် အဓိကရည်မှန်းချက်ဖြစ်သော ပြည်တွင်းဈေးနှုန်းတည်ငြိမ်မှုရရှိရန်နှင့် ထိန်းသိမ်းဆောင်ရွက်ရန်ငွေကြေးမူဝါဒကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိမှု၊ ဘဏ်လုပ်ငန်းကဏ္ဍအတွင်း ငွေကြေးလုံလောက်မှုရှိရန်နှင့် ငွေကြေးလွယ်ကူမှုကို ပိုမိုထောက်ပံ့နိုင်ရန် ဆောင်ရွက်ထားရှိမှု၊ ပြည်တွင်းရွှေဈေးကွက်တွင် ဈေးနှုန်းအဆမတန်မြင့်တက်မှုမရှိစေရေး၊ ကမောက်ကမမဖြစ်စေရေးနှင့် ဖြစ်သင့်သည့်ဈေးထက် ပိုမိုရောင်းဝယ်မှုမရှိစေရေးတို့အတွက် ဆောင်ရွက်လျက်ရှိမှု၊ စီးပွားရေးလုပ်ငန်းများ၊ လုပ်ငန်းရှင်များနှင့်ပတ်သက်၍ ပေါ်ပေါက်နေသည့် ကောလာဟလများ၊ နိုင်ငံရေး၊ စီးပွားရေးနှင့် အုပ်ချုပ်ရေးကဏ္ဍများတွင် စည်းကမ်းနည်းလမ်းမကျစွာ ဆောင်ရွက်နေမှုများနှင့် လုပ်ထုံးလုပ်နည်းကို ကျော်လွန်ဆောင်ရွက်နေမှုများကို နိုင်ငံတော် အစိုးရအနေဖြင့် ပြန်လည်တည့်မတ်၍ လမ်းမှန်ရောက်အောင် ဆောင်ရွက်လျက်ရှိမှုနှင့် ပတ်သက်၍ Video File များ၊ Power Point Presentation များဖြင့် ကျယ်ကျယ်ပြန့်ပြန့် ရှင်းလင်းပြောကြားသည်။

## ရှင်းလင်းပြောကြား

ထို့နောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦးက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအတွက် ပြင်ဆင်ဆောင်ရွက်မှုအခြေအနေများနှင့် အခြေခံမဲဆန္ဒရှင်စာရင်းပြုစုခြင်း၊ နိုင်ငံရေးပါတီများအား စစ်ဆေးခြင်းအပါအဝင် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ်များကို Power Point Presentation များဖြင့် ရှင်းလင်းပြောကြားသည်။

ယင်းနောက် သတင်းဌာနများမှ သတင်းထောက်များ၏ သိရှိလိုသည့် မေးမြန်းမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ ခေါင်းဆောင် ဗိုလ်ချုပ် ဇော်မင်းထွန်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦးနှင့် ဌာနဆိုင်ရာ သတင်းထုတ်ပြန်ရေးအဖွဲ့ ကိုယ်စားလှယ်များက ပြန်လည်ရှင်းလင်းပြောကြားပြီး သတင်းစာရှင်းလင်းပွဲကို ရုပ်သိမ်းခဲ့သည်။

အဆိုပါသတင်းစာရှင်းလင်းပွဲတွင် သတင်းမီဒီယာများ မှီငြမ်းကိုးကားနိုင်ရေးအတွက် နိုင်ငံတော်အစိုးရ၏ ငြိမ်းချမ်းရေး၊ ပညာရေး၊ နိုင်ငံရေးနှင့် ဘဏ္ဍာရေးဆိုင်ရာ ဆောင်ရွက်ချက်များနှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ဆောင်ရွက်ချက် မှတ်တမ်းဓာတ်ပုံများကို ခင်းကျင်းပြသထားရှိရာ တက်ရောက်လာကြသူများက လိုက်လံကြည့်ရှုလေ့လာကြသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ သတင်းစာရှင်းလင်းပွဲများကို ယခုမေလမှစ၍ တစ်လလျှင်နှစ်ကြိမ် ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်းနှင့် သတင်းစာရှင်းလင်းပွဲပြုလုပ်မှု၊ မေးမြန်းဖြေကြားမှု အပြည့်အစုံကို ဆက်လက်ဖော်ပြသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ငြိမ်းချမ်းရေးဖိတ်ခေါ်ကမ်းလှမ်းမှုအရ ငြိမ်းချမ်းရေးဆွေးနွေးရန် သျှမ်းပြည် ပြန်လည်ထူထောင်ရေးကောင်စီ (RCSS/SSA)အဖွဲ့မှ ဥက္ကဋ္ဌ ဦးယွက်စစ် ဦးဆောင်သည့် ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့ နေပြည်တော်သို့ ရောက်ရှိ

**နေပြည်တော် မေ ၁၉**

တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရန်နှင့် လက်နက်ကိုင်ပဋိပက္ခ ချုပ်ငြိမ်းရေးတို့အတွက် ရည်ရွယ်၍ဧပြီ ၂၂ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေးရန် ဖိတ်ခေါ်ခဲ့ရာ သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ(RCSS/SSA)အဖွဲ့မှ ဥက္ကဋ္ဌ ဦးယွက်စစ် ဦးဆောင်သည့် ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့သည် ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော် တပ်မတော်လေဆိပ်သို့ ရောက်ရှိခဲ့ရာ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီအဖွဲ့ဝင်နှင့် တာဝန်ရှိသူများ၊ ယဉ်ကျေးမှုဦးစီးဌာနမှ တိုင်းရင်းသား တိုင်းရင်းသူများက ကြိုဆိုနှုတ်ဆက်ကြသည်။**(အောက်ယာပုံ)**

အဆိုပါ ကိုယ်စားလှယ်အဖွဲ့သည် ယနေ့မွန်းလွဲပိုင်းတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့ရှိ မြန်မာ-ထိုင်းချစ်ကြည်ရေး အမှတ်(၂) တံတားသို့ ရောက်ရှိလာရာ တာချီလိတ်တပ်နယ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ပါတီနိုင်ငံရေးအဖွဲ့အစည်းများနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို လိုလားထောက်ခံကြသည့် ဒေသခံတိုင်းရင်းသားများက **"ငြိမ်းချမ်းရေး ဆွေးနွေးပွဲကို ထောက်ခံပါသည်၊ ထာဝရငြိမ်းချမ်းရေးသည် ပြည်သူလူထုတစ်ရပ်လုံး၏ ဆန္ဒအစစ်အမှန်ဖြစ်သည်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ငြိမ်းချမ်းရေးဆွေးနွေးပွဲကို ထောက်ခံပါသည်"** စသည့် စာသားပါ ဆိုင်းဘုတ်များကိုင်ဆောင်ကာ တာချီလိတ်မြို့ ပြည်ထောင်စုလမ်းမကြီးမှ လေယာဉ်ကွင်းလမ်းအထိ လှိုက်လှိုက်လှဲလှဲဖြင့် ထောက်ခံကြိုဆိုခဲ့ကြသည်။**(အောက်ဝဲပုံ)**

ထို့နောက် သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ(RCSS/SSA)အဖွဲ့မှ ဥက္ကဋ္ဌ ဦးယွက်စစ် ဦးဆောင်သည့် ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့သည် ကျိုင်းတုံလေဆိပ်မှတစ်ဆင့် လေကြောင်းခရီးစဉ်ဖြင့် နေပြည်တော်သို့ ရောက်ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

■





## တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ လှူဒါန်းသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံရာတွင် အသုံးပြုမည့် ဆေးထိုးအပ် ငါးသန်း ဆက်လက်ရောက်ရှိ



**နေပြည်တော် မေ ၁၉**

တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ မြန်မာနိုင်ငံသို့ ထပ်မံလှူဒါန်းသည့် Sinopharm ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အလုံး ၁၀ သန်း doses နှင့် ဆေးထိုးအပ် ၁၃ ဒသမ ၀၅၆ သန်းအနက် ပထမအသုတ်ပေးပို့သည့် Sinopharm ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ငါးသန်း doses နှင့် ဆေးထိုးအပ်နှစ်သန်းတို့သည် ယမန်နေ့က ရန်ကုန်မြို့သို့ရောက်ရှိခဲ့ပြီး ယနေ့မွန်းလွဲပိုင်းတွင် ဒုတိယအသုတ် ဆေးထိုးအပ်ငါးသန်း ရန်ကုန်မြို့သို့ ဆက်လက်ရောက်ရှိသည်။

အဆိုပါ ဆေးထိုးအပ်များ သယ်ဆောင်လာသော Sichun Airline သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ချန်ဒူးလေဆိပ်မှ ထွက်ခွာလာခြင်းဖြစ်ပြီး ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ကျန်းမာရေးဝန်ကြီးဌာန ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနရှိ တာဝန်ရှိသူများက လက်ခံရယူကြသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ လှူဒါန်းသည့် Sinopharm ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအလုံး ၁၀ သန်း doses နှင့် ဆေးထိုးအပ် ၁၃ ဒသမ ၀၅၆ သန်းအနက် ကျန်ရှိသောဆေးနှင့်ဆေးထိုးအပ်များကို မေ ၂၈ ရက်နှင့် ၂၉ ရက်တို့တွင် ဆက်လက်ရောက်ရှိမည်ဖြစ်ကြောင်းနှင့် ယနေ့ရောက်ရှိလာသည့် ဆေးထိုးအပ်များကို မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဗဟိုကာကွယ်ဆေးသိုလှောင်ခန်းသို့ မော်တော်ယာဉ်များဖြင့် ပို့ဆောင်ပေးခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ သိရသည်။

**သတင်းစဉ်**

## ကော့သောင်းမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများ တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)မှ နယ်လှည့်အထူးကုဆေးအဖွဲ့များက ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် မေ ၁၉**

တနင်္သာရီ တိုင်းဒေသကြီး ကော့သောင်းမြို့နယ်အတွင်းရှိ ဒေသခံ ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန် ရောက်ရှိနေသည့် နယ်လှည့်အထူးကုဆေးအဖွဲ့များ ပါဝင်သည့် တပ်မတော်ပင်လယ်သွား ဆေးရုံ ရေယာဉ်(သံလွင်)သည် ယနေ့တွင် ကော့သောင်းမြို့နယ် ဇာဒက်ကြီးကျွန်းရှိ ဘိုးဘွားရိပ်သာ၌ ဒေသခံ ဆလုံလူမျိုးများနှင့် တပ်မတော်သား မိသားစုဝင် စုစုပေါင်း ၃၁၆ ဦးအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသမှုဆိုင်ရာ ရောဂါ ၇၈ ဦး၊ ခွဲစိတ်ရောဂါ ၃၆ ဦး၊ သားဖွား/မီးယပ်ရောဂါ ၃၂ ဦး၊ ကလေးရောဂါ ၃၅ ဦး၊ အရိုးရောဂါ ၃၀ ၊ နား/နှာခေါင်း/လည်ချောင်းရောဂါ ၃၄ ဦး၊ မျက်စိရောဂါ ၃၇ ဦးနှင့် သွားနှင့်ခံတွင်းရောဂါ ၃၄ ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။

ထို့အပြင် ခွဲစိတ်ကုသရန် လိုအပ်သူ အထွေထွေခွဲစိတ်လူနာ ၁၂ ဦးကို ခွဲစိတ်ကုသမှုများ ဆောင်ရွက်၍ သွားနှင့်ခံတွင်းလူနာ ၁၅ ဦး၊ ဓာတ်မှန်ရိုက်လူနာ ၃၂ ဦး၊ အာထရာဆောင်းဖြင့် စမ်းသပ်စစ်ဆေးလူနာ ၃၈ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၅၅ ဦး၊ ဓာတ်ခွဲစမ်းသပ်လူနာ ၇၂ ဦး၊ ကွန်ပျူတာဓာတ်မှန်ရိုက်လူနာ သုံးဦးတို့ကို ရောဂါရှာဖွေစမ်းသပ်ကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့် ဒေသခံပြည်သူလေးဦးအား ဆေးရုံရေယာဉ်ပေါ်တွင် ဆေးရုံတင်ကုသပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ကျုံပျော်မြို့ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်က ၂၀၂၂ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများ စတင်ထုတ်ချေး

**ကျုံပျော် မေ ၁၉**

မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်က တောင်သူများ၏ စိုက်ပျိုးရေး သွင်းအားစုလုပ်ငန်းများတွင် အသုံးပြုနိုင်ရန် နှစ်စဉ်စိုက်ပျိုးစရိတ်ချေးငွေများကို ထုတ်ချေးပေးလျက်ရှိရာ ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ်တွင် ၂၀၂၂ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများကို တေဇရပ်ကွက်ရှိ မြန်မာ့လယ်ယာဖွံ့ဖြိုးရေး ဘဏ်ခွဲ၌ မေ ၁၉ ရက် နံနက် ၁၀ နာရီက စတင်ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

ထို့နောက် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် မန်နေဂျာ ဒေါ်သီတာသွင်နှင့် တာဝန်ရှိသူများက ခနော်ကျေးရွာအုပ်စုရှိ တောင်သူ ၂၄ ဦး၏ လယ်ဧက ၁၈၁ ဧကအတွက် တစ်ဧကလျှင် ကျပ် ၁၅၀၀၀၀ နှုန်းဖြင့် ငွေကျပ် ၂၇၁၅၀၀၀၀ ကို ထုတ်ချေးပေးခဲ့ကြောင်းနှင့် အတိုးနှုန်းမှာ တစ်နှစ်လျှင် ငါးရာခိုင်နှုန်းဖြစ်ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

■



# ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၄ ဦးတွေ့ရှိ၊ ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ သုည ဒသမ ၀၆ ရာခိုင်နှုန်းရှိ

## ကိုဗစ် - ၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၁၉-၅-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော COVID–19 ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆောင်ရွက်လျက်ရှိပါသည်။

COVID–19 သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား COVID–19 ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁၈–၅–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၉–၅–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၆,၅၆၉) ခုအား စစ်ဆေးပြီးစီးခဲ့ရာ COVID–19 ရောဂါ ဓာတ်ခွဲ အတည်ပြုလူနာသစ် (၄) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၀၆) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၈,၁၁၆,၇၈၂) ခုအား စစ်ဆေးခဲ့ပြီး COVID–19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၁၃,၁၈၆) ဦး ရှိပြီ ဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၂၉) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၅၉၂,၁၅၉) ဦး ရှိပြီ ဖြစ်ပါသည်။ ယနေ့တွင်လည်း COVID–19 ရောဂါဖြင့် သေဆုံးသူ မရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၃၄) ဦး ရှိပါသည်။

- ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု ခံယူထားခြင်းဖြင့် ကိုဗစ်–၁၉ ရောဂါကြောင့် သေဆုံးရမှုကို ၇ ဆ ခန့်အထိ လျှော့ချနိုင်သည်ကို တွေ့ရှိရပါသည်။ လူတိုင်းစေ့ ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေးကို အကြိမ်ပြည့် ထိုးနှံထားရှိရန် လိုအပ်သကဲ့သို့ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ၊ သွေးတိုး၊ နှလုံး၊ ဆီးချို အစရှိသည့် နာတာရှည်ရောဂါရှိသူများသည်လည်း ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံကြရန် အထူးလိုအပ်ပါသည်။
- နိုင်ငံတကာခရီးသွားကဏ္ဍတွင် ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှု ခံယူထားသူများအား ကိုဗစ်–၁၉ ရောဂါဆိုင်ရာ ကန့်သတ်ချက်များနှင့်ပတ်သက်၍ ဖြေလျှော့ပေးခြင်းများစွာ ဆောင်ရွက်လျက်ရှိပါသည်။
- ကျန်းမာရေးဝန်ကြီးဌာနသည် အသက် ၁၅ နှစ်နှင့်အထက် ပြည်သူအားလုံးနှင့် အသက် ၁၂ နှစ်မှ အသက် ၁၈ နှစ်အထိ အခြေခံပညာကျောင်းသား ကျောင်းသူများကို ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးအခမဲ့ထိုးနှံပေးလျက်ရှိခြင်းနှင့် အသက် ၄၀ နှစ်နှင့်အထက် ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံပြီးစီးမှုကာလ ၆ လနှင့်အထက်ရှိသော မိဘပြည်သူများအား ထပ်ဆောင်း ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေး အခမဲ့ထိုးနှံပေးလျက်ရှိပါ၍ ပြည်သူများအနေဖြင့် နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့်ဆက်သွယ်၍ ကာကွယ်ဆေးထိုးနှံမှုကို မပျက်မကွက် ခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။
- ကိုဗစ်–၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ https://moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ (၁၉-၅-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၂၇) ခု | - |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၁၁) ခု | - |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၂၄၄) ခု | - |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၁၄) ခု | - |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၅၇၅) ခု | |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁,၁၆၆) ခု | (၁) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၄,၅၃၂) ခု | (၃) ဦး |
| **စုစုပေါင်း** | **(၆,၅၆၉) ခု** | **(၄) ဦး** |

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်–၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၈၄၆၉၂၇၀၆ | ၈၁၄၃၈၁၀၃ | ၁၀၂၈၀၁၄ |
| ၂။ | အိန္ဒိယ | ၄၃၁၂၉၅၆၃ | ၄၂၅၈၉၈၄၁ | ၅၂၄၃၀၃ |
| ၃။ | ဘရာဇီး | ၃၀၇၄၁၈၁၁ | ၂၉၇၄၆၆၄၀ | ၆၆၅၃၇၆ |
| ၄။ | ပြင်သစ် | ၂၉၂၆၃၃၀၄ | ၂၈၃၉၅၂၃၆ | ၁၄၇၆၄၈ |
| ၅။ | ဂျာမနီ | ၂၅၉၅၆၈၃၇ | ၂၄၄၂၅၅၀၀ | ၁၃၈၃၄၉ |
| ၆။ | ဗြိတိန် | ၂၂၂၀၇၁၀၂ | ၂၁၇၅၅၆၂၂ | ၁၇၇၄၁၀ |
| ၇။ | ရုရှား | ၁၈၂၇၈၆၁၇ | ၁၇၆၇၀၆၂၈ | ၃၇၈၀၇၂ |
| ၈။ | တောင်ကိုရီးယား | ၁၇၈၈၉၈၄၉ | ၁၇၂၅၁၈၄၇ | ၂၃၈၄၂ |
| ၉။ | အီတလီ | ၁၇၁၄၇၄၇၇ | ၁၆၀၂၉၂၆၉ | ၁၆၅၆၃၀ |
| ၁၀။ | တူရကီ | ၁၅၀၅၈၆၂၇ | ၁၄၉၅၆၂၇၉ | ၉၈၉၁၄ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်–၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | ဗီယက်နမ် | ၁၀၇၀၁၇၉၆ | ၉၃၇၃၂၉၄ | ၄၃၀၇၂ |
| ၂။ | အင်ဒိုနီးရှား | ၆၀၅၁၈၅၀ | ၅၈၉၁၅၇၄ | ၁၅၆၅၁၀ |
| ၃။ | မလေးရှား | ၄၄၈၃၂၉၅ | ၄၄၁၇၆၉၄ | ၃၅၆၃၀ |
| ၄။ | ထိုင်း | ၄၃၉၄၉၁၅ | ၄၃၀၅၆၉၉ | ၂၉၆၄၀ |
| ၅။ | ဖိလစ်ပိုင် | ၃၆၈၈၂၉၅ | ၃၆၂၅၇၀၄ | ၆၀၄၅၂ |
| ၆။ | စင်ကာပူ | ၁၂၅၄၁၁၃ | ၁၁၇၅၉၉၆ | ၁၃၆၉ |
| ၇။ | မြန်မာ | ၆၁၃၁၈၆ | ၅၉၂၁၅၉ | ၁၉၄၃၄ |
| ၈။ | လာအို | ၂၀၉၆၀၇ | ၂၀၈၃၄၄ | ၇၅၄ |
| ၉။ | ဘရူနိုင်း | ၁၄၅၇၈၃ | ၁၄၃၆၂၀ | ၂၂၁ |
| ၁၀။ | ကမ္ဘောဒီးယား | ၁၃၆၂၆၂ | ၁၃၃၁၉၈ | ၃၀၅၆ |

## အင်းစိန်မြို့နယ်၌ ပင်လယ်ငါးဖမ်းရေလုပ်သားများအား အခြေခံလုပ်ငန်းကျွမ်းကျင်မှုသင်တန်း ဖွင့်လှစ်

ရန်ကုန် မေ ၁၉

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ရန်ကုန်တိုင်းဒေသကြီး ငါးလုပ်ငန်း ဦးစီးဌာနက ကြီးမှူး၍ ပင်လယ်ငါးဖမ်းရေလုပ်သားများအတွက် အခြေခံလုပ်ငန်းကျွမ်းကျင်မှု သင်တန်း (၁/၂၀၂၂) ဖွင့်လှစ်ခြင်းကို ယနေ့နံနက် ၉ နာရီတွင် အင်းစိန်မြို့နယ် ကြို့ကုန်းအနောက်ရပ်ကွက် ဘုရင့်နောင်လမ်း ငါးလုပ်ငန်းအတတ်သင်သိပ္ပံ (ကြို့ကုန်း)၌ ဖွင့်လှစ်သည်။

သင်တန်းဖွင့်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန တိုင်းဒေသကြီး ဦးစီးဌာနမှူး ညွှန်ကြားရေးမှူးဦးမြင့်ရွှေနှင့် မြန်မာနိုင်ငံ ပင်လယ်ငါးဖမ်းလုပ်ငန်းရှင်များအသင်း အတွင်းရေးမှူး ဦးကျော်နိုင်တို့က ရေလုပ်သားများအနေဖြင့် ပင်လယ်ပြင်တွင် ကြုံတွေ့ရသည့် အခက်အခဲများ ဖြေရှင်းနိုင်ရန် ရေလုပ်သားများနှင့် ပတ်သက်သည့် ဥပဒေ၊ ကျန်းမာရေးနှင့်ပတ်သက်သည့် အသိပညာ၊ ပင်လယ်ပြင်၌ တွေ့ကြုံရမည့် နည်းလမ်းများနှင့် လုပ်ငန်းခွင်အရည်အသွေးများ တိုးတက်လာစေရန် ရည်ရွယ်ချက်များဖြင့် ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ငါးလုပ်ငန်းဦးစီးဌာနမှ ကျွမ်းကျင်သင်တန်းဆရာများက ရေလုပ်သားသင်တန်းသား ၃၀ ကို ယနေ့ နံနက် ၈ နာရီမှ ညနေ ၄ နာရီခွဲအထိ တစ်ရက်တာသင်တန်းဖြစ်ပြီး ဆိပ်ကမ်းအကြောင်း၊ နည်းပေးကာကွယ်ရေး၊ ရှေးဦးပြုစုခြင်း၊ ငါး၊ ပုစွန်များ ကိုင်တွယ်ခြင်း၊ အရည်အသွေးထိန်းသိမ်းခြင်းနှင့်ရေကြောင်းပညာပေးစသည့် ဘာသာရပ်ဆိုင်ရာ သိကောင်းစရာများကို ကိုဗစ်–၁၉ ရောဂါ ကာကွယ်ရေး လမ်းညွှန်စည်းကမ်းချက်များနှင့်အညီ သင်ကြားဆွေးနွေးပို့ချခဲ့ကြောင်း သိရသည်။ မြင့်ဦး



# အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်၏သမီး အက်ရှ်လေဘိုင်ဒင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရ

**ဝါရှင်တန် မေ ၁၉**

အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်၏ သမီးဖြစ်သူ အက်ရှ်လေဘိုင်ဒင်သည် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရကြောင်း အိမ်ဖြူတော်က ယမန်နေ့တွင် ပြောကြားသည်။

အက်ရှ်လေဘိုင်ဒင်နှင့် သမ္မတကတော် ဂျေဘိုင်ဒင်တို့သည် လက်တင်အမေရိကသို့ ခရီးအတူ သွားခဲ့ကြောင်း ပြောရေးဆိုခွင့်ရှိသူ မစ်ချယ်လာရိုစ်က မီဒီယာသို့ ပြောကြားသည်။

ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရပြီးနောက် အက်ရှ်လေဘိုင်ဒင်သည် သမ္မတဂျိုးဘိုင်ဒင်၊ ဂျေဘိုင်ဒင်တို့နှင့် အနီးကပ်ထိတွေ့ခဲ့ခြင်းမရှိကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ကိုဗစ်-၁၉ ရောဂါကူးစက်ခံထားရသူတစ်ဦးနှင့် ခြောက်ပေ အကွာအဝေးအတွင်း ၁၅ မိနစ်ကျော် နေထိုင်ခဲ့ပါက ၎င်းအား လူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူဟု အမေရိကန်ရောဂါကာကွယ် ထိန်းချုပ်ရေးစင်တာက သတ်မှတ်ထားသည်။

အလားတူ မကြာသေးမီက ဒုတိယသမ္မတ ကမ်မလာ ဟဲရစ်အပါအဝင် ဂျိုးဘိုင်ဒင်၏ အစိုးရအဖွဲ့ဝင်များ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံစားခဲ့ရသည်။ ဧပြီလတွင် ဂျိုးဘိုင်ဒင်၏ ညီမဖြစ်သူ ဗာလရီဘိုင်ဒင် အိုဝင်သည်လည်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံခဲ့ရကြောင်း သိရသည်။

အမေရိကန်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၈၃ သန်းကျော်ရှိပြီး အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း တစ်သန်းအထိ မြင့်တက်လာပြီဖြစ်ကြောင်း ဂျွန်ဟော့စ်ကင်းတက္ကသိုလ်၏ ကိန်းဂဏန်းများအရ သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အောင်ကျော်ကျော်**



# မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂၀၁၇ ဦး ထပ်မံတွေ့ရှိ

**ကွာလာလမ်ပူ မေ ၁၉**

မလေးရှားနိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၀၁၇ ဦး ထပ်မံစစ်ဆေးတွေ့ရှိခဲ့ရာ ရောဂါ ကူးစက်ခံရသူပေါင်း ၄၄၈၃၂၉၅ ဦးရှိလာကြောင်း ကျန်းမာရေး ဝန်ကြီးဌာနက ယနေ့သတင်းထုတ်ပြန်သည်။

ရောဂါကူးစက်ခံရသူများအနက် လေးဦးသည် နိုင်ငံရပ်ခြားမှ ပြန်လည်ရောက်ရှိလာသူများဖြစ်ပြီး ၂၀၁၃ ဦးသည် ဒေသတွင်း ကူးစက်ခံရသူများဖြစ်သည်။

ထို့ပြင် လွန်ခဲ့သော ၂၄ နာရီအတွင်း ခုနစ်ဦး ထပ်မံသေဆုံးခဲ့ရာ အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၃၅၆၃၀ ရှိလာပြီဖြစ်သည်။

သို့သော် လူနာ ၂၅၄၈ ဦးရောဂါမှ ပြန်လည်ကျန်းမာလာခဲ့သည့်အတွက် ကျန်းမာရေးပြန်လည်ကောင်းမွန်လာသူပေါင်း ၄၄၁၇၆၉၄ ဦးရှိကြောင်း သိရသည်။

လက်ရှိတွင် ပိုးတွေ့ဆဲလူနာ ၂၉၉၇၁ ဦးရှိပြီး ၎င်းတို့အနက် ၃၈ ဦးသည် ရောဂါပြင်းထန်စွာခံစားနေရပြီး ၂၀ သည် အသက်ရှူအထောက်အကူပြုကိရိယာများ တပ်ဆင်ထားရသည်။

လက်ရှိအချိန်အထိ ပြည်သူ ၈၅ ဒသမ ၄ ရာခိုင်နှုန်းအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အနည်းဆုံးတစ်ကြိမ် ထိုးနှံပေးပြီးဖြစ်သည်။ ၈၂ ဒသမ ၅ ရာခိုင်နှုန်းသည် ကာကွယ်ဆေး အပြည့်အဝထိုးနှံမှုခံယူပြီးဖြစ်ပြီး ၄၉ ဒသမ ၂ ရာခိုင်နှုန်းသည် ကာကွယ်ဆေး ထပ်ဆောင်းထိုးနှံမှုခံယူပြီးဖြစ်ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အောင်ကျော်ကျော်**



# တောင်ကိုရီးယားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂၈၁၃၀ ထပ်မံတွေ့ရှိ

**ဆိုးလ် မေ ၁၉**

တောင်ကိုရီးယားနိုင်ငံ၌ ပြီးခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂၈၁၃၀ ထပ်မံတွေ့ရှိသဖြင့် နိုင်ငံအတွင်းကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၇၈၈၉၈၄၉ ဦးရှိလာကြောင်း ကျန်းမာရေးတာဝန်ရှိသူများက ယနေ့ပြောကြားသည်။

နိုင်ငံအတွင်း မတ်လလယ်က အိုမီခရွန်ဗီဇပြောင်းဗိုင်းရပ်စ်ကြောင့် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုများမြင့်တက်လာခဲ့ရာမှ ရောဂါထိန်းချုပ်ရေးလုပ်ငန်းများ စနစ်ကျစွာ ဆောင်ရွက်နိုင်ခဲ့သဖြင့် နေ့စဉ်ကိုဗစ်-၁၉ ရောဂါကူးစက်မှုများ ပြန်လည်ကျဆင်းခဲ့သည်။

လက်ရှိအချိန်၌ ပြည်ပမှ ပြန်လည်ရောက်ရှိလာသူ ၃၂၄၁၄ ဦးတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရကြောင်း တွေ့ရှိခဲ့သည်။ ထို့ပြင် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၂၃၈၄၂ ဦးရှိသည်။ နိုင်ငံအတွင်း လက်ရှိအချိန်၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးနှစ်ကြိမ်ထိုးနှံပြီးစီးသူ ၄၄၅၆၅၅၄ ဦးရှိပြီး အပိုဆောင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပြီးစီးသူ ၃၃၂၄၄၆၃ ဦးရှိသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-စိုးသူရ**

# အာဖရိကဒေသတစ်ဝန်း၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၁၁ ဒသမ ၅ သန်းကျော်ရှိလာ

**အဒစ်အဘာဘာ မေ ၁၉**

အာဖရိကဒေသတစ်ဝန်း၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၁၁၅၇၀၈၈၅ ဦးရှိလာကြောင်း အာဖရိကရောဂါ ကာကွယ်ထိန်းချုပ်ရေးစင်တာက ယနေ့ပြောကြားသည်။

အဆိုပါ ရောဂါကြောင့် သေဆုံးသူပေါင်း ၂၅၂၇၇၁ ဦးရှိကြောင်း သိရသည်။ သို့သော် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၀၈၉၂၄၅၄ ဦးသည် ရောဂါမှ ပြန်လည်သက်သာလာကြောင်း သိရသည်။

တောင်အာဖရိက၊ မော်ရိုကို၊ တူနီးရှား၊ အီဂျစ်နှင့် လစ်ဗျားနိုင်ငံတို့သည် ဒေသတွင်း၌ ကိုဗစ်-၁၉ ရောဂါကူးစက်မှုအရေအတွက် အများဆုံးဖြစ်သည်။

တောင်အာဖရိကနိုင်ငံသည် ရောဂါကူးစက်ခံရသူ ၃၈၉၉၈၄၁ ဦးရှိ၍ ရောဂါကူးစက်မှုအများဆုံးဖြစ်ပြီး မော်ရိုကိုနိုင်ငံ၌ ၁၁၆၅၉၈၄ ဦး တွေ့ရှိရသည်။

အာဖရိကတောင်ပိုင်းသည် ရောဂါကူးစက်မှုအများဆုံးဖြစ်ပြီး မြောက်ပိုင်းနှင့် အရှေ့ပိုင်းဒေသများသည် ရောဂါတွေ့ရှိမှု ဒုတိယအများဆုံးဖြစ်သည်။ ဗဟိုအာဖရိကဒေသသည် ရောဂါကူးစက်မှုအနည်းဆုံးဖြစ်ကြောင်း အာဖရိကရောဂါကာကွယ် ထိန်းချုပ်ရေးစင်တာ၏ ထုတ်ပြန်ချက်အရ သိရသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အောင်ကျော်ကျော်**

# ဗီယက်နမ်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၇၁၆ ဦး ထပ်မံတွေ့ရှိ

**ဟန္နိုင်း မေ ၁၉**

ဗီယက်နမ်နိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၇၁၆ ဦး ထပ်မံတွေ့ရှိပြီး အဆိုပါ အရေအတွက်သည် မေ ၁၈ ရက်က တွေ့ရှိမှုထက် ၁၁၅ ဦး လျော့နည်းလာကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ယနေ့သတင်းထုတ်ပြန်သည်။

ရောဂါထပ်မံကူးစက်ခံရသူအားလုံးအနက် တစ်ဦးတည်းသာ နိုင်ငံရပ်ခြားမှ ပြန်လည်ရောက်ရှိလာသူဖြစ်ပြီး ကျန်ကူးစက်ခံရသူအားလုံးသည် ဒေသတွင်းကူးစက်ခံရသူများဖြစ်သည်။

မြို့တော်ဟန္နိုင်းမှ ၃၈၁ ဦး၊ ငန်အန်ခရိုင်မှ ၁၂၆ ဦးနှင့် ဖူသိုခရိုင်မှ ၁၁၁ ဦး အသီးသီးတွေ့ရှိရသည်။

လက်ရှိအချိန်အထိ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၁၀၇၀၄၅၂၄ ဦးရှိပြီး အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၄၃၀၇၃ ဦးရှိကြောင်း သိရသည်။ သို့သော် ၉၃၈၂၈၈၀ ဦး (ရောဂါကူးစက်ခံရသူများ၏ ၈၈ ရာခိုင်နှုန်း)သည် ကျန်းမာရေးပြန်လည်ကောင်းမွန်လာသည့်အတွက် ဆေးရုံမှ ဆင်းသွားခဲ့သည်။

နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအလုံးရေ ၂၁၈ ဒသမ ၁ သန်းနီးပါး သုံးစွဲပြီးဖြစ်ပြီး ယင်းတို့အနက် ၁၉၇ ဒသမ ၇ သန်းအား အသက် ၁၈ နှစ်နှင့်အထက်ပြည်သူများအား ထိုးနှံပေးပြီးဖြစ်သည်။

ဗီယက်နမ်နိုင်ငံသည် ၂၀၂၁ ခုနှစ် ဧပြီလမှစပြီး ကိုဗစ်-၁၉ ရောဂါ စတုတ္ထလှိုင်းကူးစက်မှုကို ရင်ဆိုင်ဖြတ်သန်းနေရပြီး လက်ရှိအချိန်အထိ ဒေသတွင်း ကူးစက်ခံရသူပေါင်း ၁၀ ဒသမ ၇ သန်း နီးပါးရှိပြီဖြစ်ကြောင်း သိရသည်။

**ကိုးကား- ဆင်ဟွာ**
**ဘာသာပြန်-အောင်ကျော်ကျော်**

# ရဝမ်ဒါနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါဆိုင်ရာ စီးပွားရေးပြန်လည် ထူထောင်ရေးရန်ပုံငွေအဖြစ် အမေရိကန်ဒေါ်လာသန်း ၂၅၀ ချမှတ်

**ကီဂါလီ မေ ၁၉**

ရဝမ်ဒါနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကြောင့် ထိခိုက်ခဲ့ရသည့် စီးပွားရေးလုပ်ငန်းများ ပြန်လည်နာလန်ထူလာစေရန်အတွက် စီးပွားရေးပြန်လည်ထူထောင်ရေးရန်ပုံငွေအဖြစ် အမေရိကန်ဒေါ်လာသန်း ၂၅၀ ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံ၏ ဒုတိယအဆင့် စီးပွားရေးပြန်လည်ထူထောင်ရေးရန်ပုံငွေဖြစ်သည့် ရဝမ်ဒါငွေ ၂၅၀ ဘီလီယံ (အမေရိကန်ဒေါ်လာသန်း၂၅၀)အား နိုင်ငံအတွင်းရှိ စီးပွားရေးလုပ်ငန်းများ ပြန်လည်ထူထောင်ရေးအတွက် ပေးအပ်သွားမည်ဖြစ်ပြီး အဆိုပါရန်ပုံငွေအား ၂၀၂၀ ပြည့်နှစ်မှစတင်၍ သတ်မှတ်သုံးစွဲခဲ့ကြောင်း ဝန်ကြီးချုပ် အူဒိုအန်ရန်တီက မြို့တော်ကီဂါလီ၌ ပြောကြားသည်။

နိုင်ငံစီးပွားရေးတိုးတက်လာခြင်းမှာ အစိုးရက ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်ခဲ့ခြင်းကြောင့်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။ ယခုချမှတ်မည့် စီးပွားရေးပြန်လည်ထူထောင်ရေးရန်ပုံငွေအရ ခရီးသွားလုပ်ငန်း ကုန်ပစ္စည်းထုတ်လုပ်ရေးနှင့် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သုံးစွဲသွားမည်ဖြစ်သည်။ **ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-စိုးသူရ**

# အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၃၆၄ ဦး ထပ်မံတွေ့ရှိ

**နယူးဒေလီ မေ ၁၉**

အိန္ဒိယနိုင်ငံ၌ ပြီးခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၃၆၄ ဦး ထပ်မံတွေ့ရှိသဖြင့် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၄၃၁၂၉၅၆၃ ဦးရှိလာကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်သည့်အချက်အလက်များအရ သိရသည်။

ထို့ပြင် ကိုဗစ်-၁၉ ရောဂါကြောင့် ၁၀ ဦး ထပ်မံသေဆုံးသဖြင့် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၅၂၄၃၀၃ ဦးရှိလာသည်။ လက်ရှိအချိန်၌ နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါပိုး တွေ့ရှိဆဲလူနာ ၁၅၄၁၉ ဦးရှိသည်။ ထို့ပြင် ပြီးခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူ ၂၅၈၂ ဦးရှိသဖြင့် နိုင်ငံအတွင်း ကိုဗစ်-၁၉ရောဂါမှ ပြန်လည်ကျန်းမာလာသူပေါင်း ၄၂၅၈၉၈၄၁ ဦးရှိပြီဖြစ်သည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-စိုးသူရ**

# စစ်ကိုင်းမြို့နယ်၌ PDF အမည်ခံ အကြမ်းဖက်သမားများက သာသနာ့နွယ်ဝင် သံဃာတော်တစ်ပါးကို သေနတ်ဖြင့် ပစ်ခတ်

နေပြည်တော် မေ ၁၉

နိုင်ငံရေး အစွန်းရောက် အကြမ်းဖက်သမားများအနေဖြင့် နိုင်ငံတော်အတွင်း တည်ငြိမ်အေးချမ်းမှု ပျက်ပြားစေရန်နှင့် ပြည်သူလူထုအကြား စိုးရိမ်ထိတ်လန့်မှု ဖြစ်ပေါ်လာစေရန် ရည်ရွယ်၍ ဌာနဆိုင်ရာ အဆောက်အအုံများ၊ လမ်း၊ တံတားများနှင့် စာသင်ကျောင်းများအား အကြမ်းဖက်ဖောက်ခွဲမှုများ ပြုလုပ်ခြင်း၊ ပစ်ခတ်တိုက်ခိုက်မှုများ ပြုလုပ်ခြင်းနှင့် နိုင်ငံ့ဝန်ထမ်းများ၊ ပြည်သူများအား ရက်စက်စွာ လုပ်ကြံသတ်ဖြတ်ခြင်းများ ပြုလုပ်လျက်ရှိသည့်အပြင် ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးများ၏ အထွတ်အမြတ်ထားရာ သာသနာပိုင် အဆောက်အအုံများ၊ ဘုန်းတော်ကြီးကျောင်းများကိုပါ အကြမ်းဖက်ပစ်ခတ်တိုက်ခိုက်ခြင်း၊ မိုင်းထောင်ဖောက်ခွဲခြင်းနှင့် ရဟန်းသံဃာတော်များအား ဖမ်းဆီးခေါ်ဆောင်သတ်ဖြတ်ခြင်းများကို စိတ်နှလုံးညှိုးနွမ်းဖွယ် ရက်စက်စွာ ပြုလုပ်နေကြသည်ကို တွေ့ရသည်။



ရှင်တေဇနိယ (ခ) ကိုရင်ကြီး (လူအမည်- ဦးတင်ဝင်း)

## သေနတ်ဖြင့် ပစ်ခတ်ခံရ

ထိုသို့ ပြုလုပ်လျက်ရှိရာ မေ ၁၈ ရက် ညနေ ၅ နာရီခွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ် ဆားတောင်မြို့ ရွာစိုက်ရပ်ကွက်ရှိ မစိုးရိမ်ကျောင်းတိုက်၌ သံဃာတော်တစ်ပါးအား သေနတ်ဖြင့် ပစ်ခတ်ခံရကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါ ကျောင်းတိုက်သို့ PDF အကြမ်းဖက်အဖွဲ့ဝင် အမျိုးသားနှစ်ဦးက ဆိုင်ကယ်တစ်စီးဖြင့် ရောက်ရှိလာပြီး ကျောင်းတိုက်တွင် သီတင်းသုံးနေထိုင်သည့် ရှင်တေဇနိယ(ခ) ကိုရင်ကြီး (ခ) ဦးတင်ဝင်း (၅၃)နှစ် (ဘ) ဦးဘလှော်အား သေနတ်ဖြင့် ပစ်ခတ် ထွက်ပြေးသွားခဲ့သဖြင့် ရှင်တေဇနိယ(ခ) ကိုရင်ကြီးတွင် သေနတ်ထိမှန် ဒဏ်ရာများရရှိခဲ့ပြီး ဆေးဝါးကုသနိုင်ရေး စစ်ကိုင်းမြို့နယ် ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ထားရှိကြောင်း သိရသည်။

အထက်ပါ ဖြစ်စဉ်များမှ သာသနာ့နွယ်ဝင် သံဃာတော်အား သေနတ်ဖြင့် ပစ်ခတ်ခဲ့သူ အကြမ်းဖက်သမားများကို ဖော်ထုတ်ဖမ်းဆီး၍ ဥပဒေနှင့်အညီ အရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်မြေခံတပ်မတော်စစ်ကြောင်းများနှင့် ပူးပေါင်း၍ လုံခြုံရေးလုပ်ငန်းစဉ်များနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# အကြမ်းဖက်အဖွဲ့အစည်းများနှင့် ဆက်သွယ်ဆောင်ရွက်ထောက်ပံ့နေသူများနှင့် အကြမ်းဖက်လုပ်ရပ်များ ကျူးလွန်သူများကို ပြစ်ဒဏ်အသီးသီးချမှတ်

နေပြည်တော် မေ ၁၉

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် အမှတ်(၅) ရပ်ကွက်နေ ရဲမင်းနိုင်(ခ)ရဲရင့်(ဘ)ဦးငွေလွင်၊ စိုးမိုး၊ သန့်ဇင်၊ ဒေဝ၊ ဆံရှည်၊ အသေးလေးနှင့် မအေးအေးမင်း(ခ) ဘိုမလေးတို့သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ အကြမ်းဖက်မှုတိုက်ဖျက်ရေး ဗဟိုအဖွဲ့၏ အမိန့်ကြော်ငြာစာအမှတ်(၂/၂၀၂၁)ဖြင့် အကြမ်းဖက်အုပ်စုများအဖြစ် သတ်မှတ်ကြေညာထားသည့် အဖွဲ့အစည်းများနှင့် ဆက်သွယ်ခြင်း၊ ၂၀၂၂ ခုနှစ် မတ် ၆ ရက်တွင် အဆိုပါ ရပ်ကွက်ရှိ ရာအိမ်မှူးတစ်ဦးကို ဒလန်ဟုစွပ်စွဲသတ်ဖြတ်ရာတွင် ပါဝင်ခြင်းတို့ကြောင့် စစ်အုပ်ချုပ်ရေး(Martial Law) စစ်ခုံရုံးဖွဲ့၍ စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ- ၅၄ အရ ၂၀၂၂ ခုနှစ် မေ ၁၈ ရက်တွင် ၎င်းတို့ခုနစ်ဦးကို “သေဒဏ်” အမိန့်ချမှတ်လိုက်ကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အမှတ်(၂၉) ရပ်ကွက်နေ ထက်မြတ်နိုင်(ဘ)ဦးကိုကိုအောင်သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့၏ အမိန့်ကြော်ငြာစာအမှတ် (၂/၂၀၂၁)ဖြင့် အကြမ်းဖက်အုပ်စုများအဖြစ် သတ်မှတ်ကြေညာထားသည့် အဖွဲ့အစည်းများနှင့် ဆက်သွယ်ခြင်း၊ ငွေကြေးကောက်ခံ ထောက်ပံ့ခြင်းတို့ကြောင့် စစ်အုပ်ချုပ်ရေး(Martial Law) စစ်ခုံရုံးဖွဲ့၍ စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၀(ည) အရ ၂၀၂၂ ခုနှစ် မေ ၁၈ ရက်တွင် “ထောင်ဒဏ်တစ်သက်” ပြစ်ဒဏ် အမိန့်ချမှတ်လိုက်ကြောင်း သိရသည်။



အကြမ်းဖက်မှု တိုက်ဖျက်ရေး ဥပဒေပုဒ်မ -၅၄ အမှုမှ တရားခံ ရဲမင်းနိုင် (ခ) ရဲရင့်၏ မှတ်တမ်းဓာတ်ပုံ။



အကြမ်းဖက်မှု တိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၀ (ည) အမှုမှ တရားခံ ထက်မြတ်နိုင်၏ မှတ်တမ်းဓာတ်ပုံ။

အဆိုပါပြစ်ဒဏ်ချမှတ်ခံရသူများအနက်မှ ထွက်ပြေးလွတ်မြောက်နေသူများအား ၎င်းနှင့်စပ်လျဉ်း၍ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ-၈၇၊ ၈၈ အရ ဖမ်းဝရမ်းထုတ်ဆင့်ရန် အမိန့်ချမှတ်ခဲ့ကြောင်းသိရသည်။

စစ်အုပ်ချုပ်ရေးအမိန့်ထုတ်ပြန်ကြေညာထားသည့် မြို့နယ်များအတွင်း စစ်ခုံရုံးဖြင့် စစ်ဆေးမည့်ပြစ်မှုဆိုင်ရာ ၂၃ မျိုးကိုလည်း ပူးတွဲထုတ်ပြန်ထားကြောင်းနှင့် အဆိုပါပြစ်မှုများကိုဖောက်ဖျက်ကျူးလွန်ပါက စစ်ခုံရုံးဖွဲ့၍ စစ်ဆေးမှုများဆောင်ရွက်ကာ ထိထိရောက်ရောက် မြန်မြန်ဆန်ဆန်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ သတင်းစဉ်

# ဖားကန့်၊ တာချီလိတ်နှင့် မုဒုံမြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

နေပြည်တော် မေ ၁၉

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၁၈ ရက် ညနေ ၆နာရီခွဲတွင် ဖားကန့်မြို့နယ် ဆိပ်မူကျေးရွာအုပ်စု ယူမာကျေးရွာအနီးတွင် မမာဆိုင်း (ခ) အားမိန်မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၂၈၀၀ ကိုလည်းကောင်း၊ ထိုနေ့မွန်းလွဲ ၂ နာရီခွဲတွင် တာချီလိတ်မြို့နယ် လွယ်တော်ခမ်းကျေးရွာအုပ်စု စန်းလုကျေးရွာအနီး တာချီလိတ်-မိုင်းဆတ်သွားကားလမ်းရှိ အားချီနေထိုင်သည့် တောင်ယာတဲသို့ ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၄၀၀၀ ကိုလည်းကောင်း။

မေ ၁၇ ရက် ညနေ ၆နာရီခွဲတွင် မုဒုံမြို့ မြို့မ(၄)ရပ်ကွက် ခုနစ်ခွေတောင်အဆင်း မုဒုံ- ချောင်းနှစ်ခွသွား ကားလမ်းတွင် ဇော်မင်းဦးမောင်းနှင်ပြီး စည်သူအောင်လိုက်ပါလာသည့် နစ်ဆန်းဒီဇယ်အမျိုးအစား မော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ အမိုနီယမ်နိုက်ထရိတ် ၄၀၀၀ ကီလိုကို ဖမ်းဆီးရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

သတင်းစဉ်

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၀-၅-၂၀၂၂ သောကြာနေ့

### MRTV HD

၀၆:၀၀ မေတ္တာသုတ်၊ ရတနသုတ်၊ မောရသုတ် အနတ္တလက္ခဏ်ပရိတ်တရားတော်
၀၇:၀၀ နံနက်ခင်းသတင်း
၀၈:၃၅ ဒီဗိုကရေစီဆိုသည်မှာ
၀၉:၃၀ မျက်မှောက်ရေးရာအဖြာဖြာ
၀၉:၃၅ Soccer View
၀၉:၅၀ "SEA Games Vietnam" (Highlights)
၁၀:၀၀ သတင်းထဲကသတင်း
၁၀:၃၀ လှပမှီးပွားမြင်ကွင်းများ
၁၂:၃၀ ကလောင်စွမ်းဖြင့်ဉာဏ်အလင်းတံခါး ဖွင့်ပေးကြသူများ
၁၃:၃၀ MRTV National News
၁၄:၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'အဝေးဆုံးသောနေရာ' (အပိုင်း-၃၉)
၁၆:၃၅ လူငယ်မျိုးဆက်သစ်အစီအစဉ်
၁၇:၂၅ ဓိဒင်မှတ်ကောင်မှသည်.......ကနကမာ လက်မှုပညာဆီ
၁၇:၃၅ Weekly Sports Info
၁၈:၀၀ ပြည်တွင်းသတင်း
၁၈:၃၀ "SEA Games Vietnam" (Highlights)
၁၈:၄၀ သုတဝေဖြာ သိဂိုဂေဟာ
၁၉:၂၅ ရုပ်မြင်သံကြားဇာတ်လမ်း 'ဖြူးထိသွားသောမုဆိုး'
၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
၂၁:၀၀ "ပန်းမောင်" တေးဂီတဖျော်ဖြေပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ်
၂၂:၀၀ ရုပ်မြင်သံကြားဇာတ်လမ်း 'ထမင်းဝိုင်း'

### mitv

07:01 Evergreen Classic: Ma Lay Lat Khat Than (Mya Thinn Chal)
07:08 Ocularist
07:29 Great Shwedagon - The Architectural Heritage
07:55 Mandalay, The Golden City
08:01 Myanmar Puppeteers (Tha Nge Taw Dance)hina
08:11 Travelogue: Trekking Around Kalaw Township
08:27 Myanma Pottery
08:51 Kindhearted Pet Lovers
09:01 News
09:27 Global Partnership for Brighter Future: Armenia Pavilion at Expo 2020 Dubai
09:35 Tray Art Products
09:45 Chinlone and the dreams of the player
10:01 Kyeik Paw Law Pagoda

### MRTV NRC

**အနောက်ပိုးကရင် (၀၆:၀၀ မှ ၀၇:၀၀)** တိုင်းရင်းရဲ့ထင်ရှားကျော်ကြားဒေသများ
**အရှေ့ပိုးကရင် (၀၇:၀၀ မှ ၀၈:၀၀)** အိမ်နောက်ဖေးတွင်စျေးဆိုင်တည်ခြင်း
**ချင်း(လိုင်ဇို) (၀၈:၀၀ မှ ၀၉:၀၀)** တီဘီရောဂါအကြောင်းသိကောင်းစရာ
**ချင်း(ချိုး) (၀၉:၀၀ မှ ၁၀:၀၀)** စွန်တောင်ရွာမှလက်မှုပညာ
**မွန် (၁၀:၀၀ မှ ၁၂:၀၀)** ဆွေညီနောင်များဘာသာစကားဖြင့်ချစ်ကြည်စေမည် (အပိုင်း-၂)
**ရခိုင် (၁၂:၀၀ မှ ၁၄:၀၀)** ရွှေတံခါးမြို့သို့အလည်တစ်ခေါက်
**ရှမ်း (၁၄:၀၀ မှ ၁၆:၀၀)** ထင်းရှူးတန်းကရှိုက်ခံပန်း (အပိုင်း-၂)(ဇာတ်လမ်း)
**ဝ (၁၆:၀၀ မှ ၁၈:၀၀)** ဝက်နံ့ရှိုးချဉ်စပ်ဟင်းရည်
**ကချင် (၁၈:၀၀ မှ ၂၀:၀၀)** ကချင်ပြည်နယ်ခရီးသွားမှတ်တမ်း
**ကယား (၂၀:၀၀ မှ ၂၂:၀၀)** စိတ်ဝင်တစားရှိးရာဓလေ့ထူးခြားချက်များ (ကယားတိုင်းရင်းသားတို့ရဲ့ကယားလိုင်းအိုရိုးခေါ်တေး)
**ဝကောကရင် (၂၂:၀၀ မှ ၂၃:၀၀)** ငုံးမွေးမြူရေး

### MRTV NEWS

၀၆:၀၀ အဖွင့်၊ တေးသီချင်း
၀၆:၄၀ အားကစားသတင်း
၀၉:၃၀ နိုင်ငံတကာသတင်း (LIVE)
၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
၁၃:၃၀ နိုင်ငံတကာသတင်း (LIVE)
၁၄:၀၀ MRTV National News
၁၅:၀၀ ပြည်တွင်းသတင်း (LIVE)
၁၇:၃၀ နိုင်ငံတကာသတင်း (LIVE)
၁၈:၃၅ 31st SEA GAMES HIGHLIGHT
၁၉:၀၀ ပြည်တွင်းသတင်း (LIVE)
၂၀:၀၀ ပြည်တွင်းသတင်း (LIVE)
၂၁:၀၀ ပြည်တွင်းသတင်း (LIVE)

### MRTV PARLIAMENT

၀၉:၀၀ အဖွင့်၊ အလံ
၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'ကျောင်းမှန်မှန်တက်စာမသက်'
၁၀:၀၀ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ကြေညာချက်သတင်းများ
၁၀:၃၀ ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာ ဆွေးနွေးခန်း (အပိုင်း-၁)
၁၁:၀၀ ရွေးချယ်တင်မြှောက်ပုံစနစ် (အပိုင်း-၁)
၁၁:၃၀ အတွေးအမြင် (အပိုင်း-၁)

### MRTV FARMERS'

၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
၀၆:၀၂ တောင်သူလယ်သမားရေးရာသတင်း
၀၆:၃၀ အကျိုးရှိစွာအသုံးချပါကိုင်းကူးကိုင်းဆက် နည်းပညာ (ရှောက်၊ သရက်)
၀၆:၄၀ ပိုးသတ်ဆေးများစနစ်တကျကိုင်တွယ် သုံးစွဲနည်း
၀၈:၀၀ ကျေးလက်ကွန်ရက်
၀၈:၂၀ ပန်းမြတ်သပြေ
၀၉:၅၅ တောင်သူပြဿနာအဖြေရှာစိုက်ပျိုးပညာ ကြိုးပမ်းမှာ

### MRTV SPORTS

၀၆:၀၀ အဖွင့်
၀၆:၃၀ အခြေခံအားကစားနည်းစနစ်များ
၀၇:၀၀ Sports News
၀၇:၃၀ Soccer View/ Weekly Sports Info
၀၇:၄၅ အားကစားလောကထဲက သူတို့အကြောင်း
၀၈:၀၀ ပြန်လည်ခံစားမြန်မာနေ့ရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
၂၀:၀၀ ပြည်တွင်းသတင်း

Education Channel ကို စနေ၊ တနင်္ဂနွေ မှအပ နံနက် (၁၀:၀၀)နာရီမှ ည(၁၀:၀၀)နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

SCAN ME

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

# ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၀-၅-၂၀၂၂ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၁၁၅ | ၂၁၆၀ | ၂၁၅၅ | ၂၁၂၀ | ၂၁၆၀ | ၂၁၈၀ | ၂၁၆၅ | ၂၁၄၅ | ၂၂၄၀ | ၂၂၅၅ | ၂၁၅၀ | ၂၁၆၀ | ၂၁၉၅ | ၂၁၉၅ | ၂၂၀၀ | ၂၄၁၅ | ၂၄၃၀ |
| 95 Ron | ၂၁၈၅ | ၂၂၃၅ | ၂၂၃၀ | ၂၁၉၅ | ၂၂၃၀ | ၂၂၅၅ | ၂၂၄၀ | ၂၂၁၅ | ၂၃၁၀ | ၂၃၂၅ | ၂၂၂၅ | ၂၂၄၀ | ၂၂၆၅ | ၂၂၆၅ | ၂၂၇၀ | ၂၄၉၀ | ၂၆၀၅ |
| HSD (500 ppm) | ၂၀၈၀ | ၂၁၂၅ | ၂၁၂၀ | ၂၀၈၅ | ၂၁၂၅ | ၂၁၄၅ | ၂၁၄၀ | ၂၁၁၀ | ၂၂၂၅ | ၂၂၂၀ | ၂၁၁၅ | ၂၁၂၅ | ၂၁၆၀ | ၂၁၆၀ | ၂၁၆၅ | ၂၃၈၀ | ၂၆၉၀ |
| HSD (50 ppm) | ၂၁၀၅ | ၂၁၅၅ | ၂၁၅၀ | ၂၁၁၅ | ၂၁၅၀ | ၂၁၇၅ | ၂၁၇၀ | ၂၁၄၀ | ၂၂၅၅ | ၂၂၅၀ | ၂၁၄၅ | ၂၁၅၅ | ၂၁၉၀ | ၂၁၉၀ | ၂၁၉၀ | ၂၄၁၀ | ၂၇၂၅ |
| HSD (10 ppm) | ၂၁၀၅ | ၂၁၅၅ | ၂၁၅၀ | ၂၁၁၅ | ၂၁၅၀ | ၂၁၇၅ | ၂၁၇၀ | ၂၁၄၀ | ၂၂၅၅ | ၂၂၅၀ | ၂၁၄၅ | ၂၁၅၅ | ၂၁၉၀ | ၂၁၉၀ | ၂၁၉၀ | ၂၄၁၀ | ၂၇၂၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၀၁၂ | ၂၀၈၆ |
| 95 Ron | ၂၀၈၂ | ၂၁၅၇ |
| HSD (500 ppm) | ၁၉၇၈ | ၂၀၄၇ |
| HSD (50 ppm) | ၂၀၀၆ | ၂၀၇၅ |
| HSD (10 ppm) | ၂၀၀၆ | ၂၀၇၅ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

## အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် မေ ၁၉

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့်ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့ (၇)ရပ်ကွက်နေ ဖူးသင်းနိုင်(ခ)ဖူးဖူး (၁၇)နှစ်၊ အေးရိပ်ငြိမ်ရပ်ကွက်နေ စည်သူအောင်(စိစစ်ဆဲ)နှင့် ရွှေပြည်သာရပ်ကွက်နေ ပိုင်ဇင်ထွေး(ခ)ဂျိုကာ(၂၀) နှစ်တို့ သုံးဦးသည် ၎င်းတို့အသုံးပြုသည့် “Phoo Phoo” Facebook အကောင့်၊ “Si Thu Aung” Facebook အကောင့်နှင့် “Joker” Facebook အကောင့်၊ ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ် ပေါင်းတလည်မြို့ အရှေ့ပိုင်းရပ်ကွက်နေ လပြည့်(ခ)စိုးမြင့်အောင်သည် ၎င်းအသုံးပြုသည့် “La Pyai” Facebook အကောင့်နှင့် ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့နယ် အေးသာယာမြို့ (၂)ရပ်ကွက်နေ ကျော်နိုင်(ခ)နီမောလ်(၂၉)နှစ်သည် ၎င်းအသုံးပြုသည့် “Kyaw Naing” Facebook အကောင့်နှင့် ညောင်ရွှေမြို့နယ် ဟဲယာရွာမကျေးရွာနေ လှိုင်ဘုန်းကျော်(ခ) အယ်မျိုးသည် ၎င်းအသုံးပြုသည့် “L Myo” Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ရွှေသွေးဂျာနယ်ထွက်ရှိ




နေပြည်တော် မေ ၁၉

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ် စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

၂၁-၅-၂၀၂၂ ရက်(စနေနေ့)တွင် ထွက်ရှိမည့် ရွှေသွေးဂျာနယ် အတွဲ (၅၄) အမှတ်(၂၁)၌ ဘက်လိုက်မှုမရှိဘဲ မှန်မှန်ကန်ကန်ဆုံးဖြတ်တတ်သည့် ဘုရားလောင်း ရာပြတ်အမတ်နှင့် တံစိုးလက်ဆောင်ယူကာ ဘက်လိုက်ဆုံးဖြတ်တတ်သည့် ရာပြတ်အမတ်တို့အကြောင်းကို တင်ဆက်ထားသည့် “မိုက်မဲသောရာပြတ်” မျက်နှာဖုံးဇာတ်လမ်း၊ တိရစ္ဆာန်ထဲတွင် ဉာဏ်ရည်ထက်မြက်သော ချင်ပန်ဇီမျောက်ဝံအကြောင်းကို ဗဟုသုတရဖွယ် ရေးဖွဲ့ထားသည့် “ချင်ပန်ဇီမျောက်ဝံ” သုတဆောင်းပါး၊ သူဌေးကြီးတစ်ဦးသည် မိမိတွင်ရှိသော ဥစ္စာပစ္စည်းများကို နှမြောတွန့်တို၍ မလှူရက်၊ မသုံးစွဲရက်သော်လည်း သူခိုး ခိုးယူ၍ ကုန်ဆုံးသွားရပုံကို သရုပ်ဖော်တင်ဆက်ထားသည့် “ကပ်စေးနဲသူ” နှစ်မျက်နှာကာတွန်း၊ အစားအစာကိုသာ မက်မော၍ မိမိကြုံတွေ့ရမည့်ဒုက္ခကို မစူးစမ်းမဆင်ခြင်မိသော မျောက်လေးအကြောင်းကို ရေးဖွဲ့ထားသည့် “အမြီးတိုသွားတဲ့ မျောက်စပ်စု” ပုံပြင်၊ ဖြတ်ထိုးဉာဏ်ကောင်းသော ဖိုးသားအကြောင်းကို ဟာသဖြစ်ဖွယ်တင်ဆက်ထားသည့် “ဖိုးသား” တစ်မျက်နှာ ကာတွန်း၊ ညီအစ်ကိုမောင်နှမပင်ဖြစ်သော်လည်း အရာရာကို မျှမျှတတဆောင်ရွက်မှသာ လေးစားမှုရမည်ဖြစ်ကြောင်းကို ပညာပေးတင်ဆက်ထားသည့် “မေတ္တာအသွားအပြန်” ဝတ္ထု၊ သူတစ်ပါးကို အနိုင်ကျင့်ပါက မိမိတွင်လည်း ဒုက္ခရောက်နိုင်ပုံကို သရုပ်ဖော်ရေးဖွဲ့ထားသည့် “မင်းမင်း” နှစ်မျက်နှာကာတွန်း၊ ပိုင်ရှင်မသိရှိဘဲ သူတစ်ပါးပစ္စည်းများကို မယူသင့်ကြောင်း ပညာပေးရေးဖွဲ့ထားသည့် “ဦးစောနှင့်နိုးတူး” နှစ်မျက်နှာကာတွန်း၊ သက်ရှိသက်မဲ့များကို တစ်ခုနှင့်တစ်ခု နှိုင်းယှဉ်ရာတွင် အသုံးပြုသည့် Adjective(နာမဝိသေသန)များ အကြောင်းကို လေ့ကျင့်ခန်းများနှင့်တကွ တင်ဆက်ထားသည့် “ရွှေသွေးအင်္ဂလိပ်သဒ္ဒါ” အင်္ဂလိပ်စာသင်ခန်းစာကဏ္ဍ၊ ရွှေသွေးတို့လက်ရာကဏ္ဍနှင့် ကဗျာကဏ္ဍတို့အပါအဝင် ကဏ္ဍစုံလင်စွာ ထွက်ရှိပြီဖြစ်ရာ တစ်စောင်လျှင် ငွေကျပ် ၄၀၀ ဖြင့် စာပေဗိမာန်စာအုပ်အရောင်းဆိုင်များတွင် ဝယ်ယူနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

## ထိုင်းနိုင်ငံသို့ MoU စနစ်ဖြင့် အလုပ်သွားလုပ်ကြမည့် မြန်မာအလုပ်သမား ၁၅၁ ဦး ဆက်လက်ထွက်ခွာ

မြဝတီ မေ ၁၉

ထိုင်းနိုင်ငံသို့ MOU စနစ်ဖြင့် မြန်မာအလုပ်သမားများအား စေလွှတ်ရေး လုပ်ငန်းစဉ်ကို ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုကြောင့် ၂၀၂၀ ပြည့်နှစ် မတ် ၁၈ ရက်မှစတင်ပြီး နှစ်နှစ်ကျော် ရပ်နားထားခဲ့ရာမှ မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံ နှစ်နိုင်ငံ အစိုးရများ ညှိနှိုင်းဆောင်ရွက်မှုဖြင့် ၂၀၂၂ ခုနှစ် မေ ၁၀ ရက်မှစတင် ဆောင်ရွက်နိုင်ခဲ့ရာ ယနေ့ နံနက် ၉ နာရီက မြန်မာအလုပ်သမား ၁၅၁ ဦး ဆက်လက်ထွက်ခွာကြောင်း သိရသည်။

ထိုကဲ့သို့ MoU စနစ်ဖြင့် စေလွှတ်ရာမှာ မြန်မာ-ထိုင်းအမှတ် (၂) ချစ်ကြည်ရေးတံတားမှ တစ်ဆင့် သွားရောက်ကြမည့် မြန်မာအလုပ်သမားများအား ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးတင့်၊ အဖွဲ့ဝင် ဦးစိန်သောင်း၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ရဲမင်းသူ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ မြဝတီခရိုင်ဦးစီးမှူးရုံးမှ ခရိုင်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးရဲဇင်လတ်၊ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်လွင်၊ အဖွဲ့ဝင် ဗိုလ်မှူး ဇေယျာထွန်းနှင့် ဦးအောင်မင်းစိုး၊ အမှတ်(၂)ချစ်ကြည်ရေးတံတား တာဝန်ကျ လူဝင်မှုကြီးကြပ်ရေး (ဒုတိယဌာနခွဲမှူးရုံး)မှ ဒုတိယညွှန်ကြားရေးမှူး ဦးသက်ခိုင်နှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။



ထို့နောက် မြဝတီရွှေ့ပြောင်းလုပ်သားရုံး၊ မြဝတီကျောက်လုံးကြီးစခန်းမှ စခန်းတာဝန်ခံအရာရှိ ဦးသန်းထိုက်နှင့် တာဝန်ရှိသူများက မြန်မာအလုပ်သမားများအား လိုအပ်သည့် စာရွက်စာတမ်းများ စစ်ဆေးခြင်း၊ ထိုင်းနိုင်ငံသို့ သွားရောက်စဉ် လိုက်နာရှောင်ကြဉ်ရမည့် အချက်များ၊ အခက်အခဲများ ဖြစ်ပေါ်ပါက ဆက်သွယ်ဖြေရှင်းရမည့် နည်းလမ်းများအား ရှင်းလင်းပြောကြားသည်။

ယခုကဲ့သို့ MoU စနစ်ဖြင့် သွားရောက်လုပ်ကိုင်မည့် မြန်မာအလုပ်သမားများမှာ ရန်ကုန်အခြေစိုက် LMK ကုမ္ပဏီဖြင့် ထိုင်းနိုင်ငံ အယုဒ္ဓယမြို့ရှိ အီလက်ထရောနစ်စက်ရုံနှင့် ဆလာပူလီမြို့ရှိ ပလတ်စတစ်စက်ရုံတို့တွင် သွားရောက်လုပ်ကိုင်ကြရမည်ဖြစ်ပြီး အမျိုးသား ၂၃ ဦး၊ အမျိုးသမီး ၁၂၈ ဦး စုစုပေါင်း ၁၅၁ ဦးရှိကြောင်း သိရသည်။

ထိန်လင်းအောင်(ပြန်/ဆက်)

## တတိယအကြိမ်ညီလာခံ ကျင်းပရန် အလှူငွေလှူဒါန်း

ရန်ကုန် မေ ၁၉

မြန်မာနိုင်ငံစာရေးဆရာအသင်း တတိယအကြိမ် ညီလာခံကျင်းပရန်အတွက် အလှူရှင်များက အလှူငွေများ လှူဒါန်းကြရာ ဒေါက်တာမောင်မောင်မြင့်- စာရေးဆရာမ ဝတ်ရည်ခင်(ပဲခူး)(ပဲခူးမြို့နယ်စာရေးဆရာအသင်း ဥက္ကဋ္ဌ)၊ ပြည်မြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌ ဆရာမ ယဉ်ဝေလွင်(ပြည်)၊ တာချီလိတ်မြို့နယ်စာရေးဆရာအသင်းနှင့် အင်းစိန်မြို့နယ်စာရေးဆရာအသင်းတို့က အလှူငွေကျပ် တစ်သိန်းစီ၊ ရွှေတောင်မြို့နယ်စာရေးဆရာအသင်းနှင့် ဒဂုံ(မြောက်ပိုင်း)မြို့နယ်စာရေးဆရာအသင်းတို့က ငွေကျပ်ငါးသောင်းစီ၊ ဦးကျော်စိုး(မောင်ကျေးဇူး)မိသားစုနှင့် စာရေးဆရာမကြီး ရွှေကူနန်းနွဲ့နွဲ့ မိသားစုတို့က ငွေကျပ်သုံးသောင်းစီ၊ ဆရာ ပန်းမျိုးခင်က ငွေကျပ်နှစ်သောင်းနှင့် စာရေးဆရာ ဗလမင်းထင်က ငွေကျပ်တစ်သောင်းငါးထောင် ပေးအပ်လှူဒါန်းရာ ဘဏ္ဍာငွေရှာဖွေရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးအုန်းမောင်(မြင်းမူမောင်နိုင်မိုး)နှင့် အသင်းအတွင်းရေးမှူး ဦးညွှန့်တင်(မောင်ငြိမ်းသူ-ကြို့ပင်ကောက်)တို့က လက်ခံရယူပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်



## အင်္ဂပူမြို့နယ်တွင် နွေစပါးမျိုးစေ့ထုတ် စံကွက်ရိတ်သိမ်းပွဲ ကျင်းပ

အင်္ဂပူ မေ ၁၉

ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန၏ နွေးစပါးမျိုးစေ့ထုတ် စံကွက် ရိတ်သိမ်းပွဲကို ယနေ့နံနက် ၉ နာရီက တလိုင်းကွင်းကြီးကျေးရွာအုပ်စု တောင်သူဦးမြင့်နိုင်၏ လယ်မြေ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခင်မောင်စန်းက နွေစပါးစံကွက် ရိတ်သိမ်းမှုနှင့် ထွက်ရှိသည့်နှုန်းထားများ၊ လက်ရှိဆောင်ရွက်နေမှုအခြေအနေများနှင့် ပတ်သက်ပြီး ရှင်းလင်းပြောကြားသည်။ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်ကျော်မိုးနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ အကြီးအကဲများက တောင်သူဦးမြင့်နိုင်၏ ကွင်းအမှတ် (၈၄၀)၊ သရက်တောကွင်း၊ ဦးပိုင် (၉၂/၂) ၌ ဆင်းသုခစပါးစံကွက် ရိတ်သိမ်းမှုကို ကြည့်ရှုအားပေးသည်။

အဆိုပါ နွေစပါးစံကွက်မှ တစ်ဧကပျမ်းမျှစပါးအစိုအထွက်နှုန်း တင်း ၁၄၅ ဒသမ ၃၀၊ စပါးအခြောက် ၁၃၁ ဒသမ ၆၁ တင်း ထွက်ရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## မအူပင်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌဖလား အသက် ၁၉ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ဆုပေးပွဲကျင်းပ

မအူပင် မေ ၁၉

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်တွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌဖလား အသက် ၁၉ နှစ်အောက် လေးမြို့နယ် အမျိုးသားဘောလုံးပြိုင်ပွဲ ဆုပေးပွဲအခမ်းအနားကို ယမန်နေ့ ညနေ ၅ နာရီက မအူပင်ခရိုင်ပြည်သူ့ အားကစားကွင်းအတွင်း ကျင်းပသည်။

အဆိုပါအခမ်းအနားသို့ မအူပင်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးညီညီထွေးနှင့် အဖွဲ့ဝင်များ၊ မအူပင်၊ ညောင်တုန်းမြို့နယ်များမှ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် အားကစားဝါသနာရှင်ပြည်သူများတက်ရောက်ကြပြီး ဗိုလ်လုပွဲ၏ ပွဲစဉ်အဖြစ် မအူပင်မြို့နယ်ဘောလုံးအသင်းနှင့် ညောင်တုန်းမြို့နယ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြရာ အချိန်ပိုကစားပြီးချိန်တွင် မအူပင်မြို့နယ်အသင်းက အနိုင်ရရှိခဲ့ကြောင်း သိရသည်။

ဆက်လက်၍ ဆုပေးပွဲကျင်းပရာ အကောင်းဆုံးဂိုးသမားဆု၊ အကောင်းဆုံးနောက်တန်းဆု၊ အကောင်းဆုံး အလယ်တန်းဆု၊ အကောင်းဆုံးရှေ့တန်းဆု၊ ပွဲစဉ်တစ်လျှောက်အကောင်းဆုံးအားကစားသမားဆု ရရှိသူများအားဆုငွေကျပ် ၂၀၀၀၀စီဖြင့် တာဝန်ရှိသူများက ဆုများ



ချီးမြှင့်ပေးခဲ့သည်။ ယင်းနောက် ဒုတိယဆုရရှိသည့် ညောင်တုန်းမြို့နယ် အသင်းအား ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့အဖွဲ့ဝင်(၁)ဒုတိယဗိုလ်မှူးကြီး နိုင်လွင်က ဆုတံဆိပ်နှင့်ငွေကျပ် ၂၀၀၀၀၀၊ ပထမဆုရရှိသည့် မအူပင်မြို့နယ်အသင်းအား ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးညီညီထွေးက ဆုတံဆိပ်နှင့် ငွေကျပ် ၃၀၀၀၀၀ အပါဝင် ဂုဏ်ပြုဆုဖလားချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

ခရိုင် (ပြန်/ ဆက်)

## ပဲခူးမြို့နယ် ဇီးတောကျေးရွာ၌ ကျေးရွာပိုင် ထင်းစိုက်ခင်းစိုက်ပျိုးပွဲ ကျင်းပ

ပဲခူး မေ ၁၉

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် ဇီးတောဘိနယ် ဇီးတောကျေးရွာတွင် ပဲခူးမြို့နယ်သစ်တောဦးစီးဌာနက ယနေ့နံနက် ၈နာရီခွဲတွင်



ကျေးရွာပိုင်ထင်းစိုက်ခင်း ဧရိယာအတွင်းရှိ နှစ်ကေ၌ သစ်ပင်စိုက်ပျိုးပွဲ ကျင်းပသည်။

ပဲခူးမြို့နယ်သစ်တောဦးစီးဌာနအနေဖြင့် သစ်တောသစ်ပင်များ ထိန်းသိမ်းခြင်း၊ သစ်တောစိုက်ခင်းများထူထောင်ခြင်းနှင့် ကျေးရွာပိုင် ထင်းစိုက်ခင်းများ စိုက်ပျိုးခြင်းဖြင့် သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်၍ ဒေသအပူချိန်လျှော့ချနိုင်စေရန်နှင့် ဂေဟစနစ်ပြုပြင်ထိန်းသိမ်းဆောင်ရွက်နိုင်စေရန် ဇီးတောကျေးရွာတွင် ကျေးရွာပိုင်သုံး ထင်းလောင်စာများရရှိနိုင်စေရေး ရည်ရွယ်ချက်ဖြင့် ကျေးရွာပိုင်ထင်းစိုက်ခင်း ဧရိယာအတွင်းရှိ နှစ်ကေတွင် နှစ်ပေနှင့်အထက် ဗီယက်နမ်မန်ဂျန်ဂျား ပျိုးပင်ပေါင်း ၂၆၀၀ ကို စိုက်ပျိုးခဲ့ကြသည်။

အဆိုပါ ကျေးရွာပိုင်ထင်းစိုက်ခင်းတွင် ပဲခူးမြို့နယ် သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိနှင့်အတူ သစ်တောဝန်ထမ်း ၁၀ ဦး၊ ဇီးတောကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ရပ်မိရပ်ဖများ၊ ကျေးရွာသူ ကျေးရွာသားများ စုစုပေါင်းအင်းအား ၆၀ တို့ဖြင့် ပျိုးပင်များကို စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

၂၂

## တိုက်ကြီးမြို့နယ်၌ စီမံခန့်ခွဲမှု စွမ်းဆောင်ရည်မြင့်မားရေး အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

တိုက်ကြီး မေ ၁၉

ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာနက ကြီးမှူး၍ ၂၀၂၂-၂၀၂၃ ပညာသင်နှစ် စီမံခန့်ခွဲမှု စွမ်းဆောင်ရည်မြင့်မားရေးအလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီက အခြေခံပညာအထက်တန်းကျောင်း (တိုက်ကြီး) အနော်ရထာခန်းမ၌ ကျင်းပသည်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲကို တိုက်ကြီးမြို့နယ်အတွင်းရှိ အထက်တန်း၊ အလယ်တန်း၊ မူလတန်း စသည့် အခြေခံပညာကျောင်းများမှ ကျောင်းအုပ် ဆရာ ဆရာမများအား စီမံခန့်ခွဲမှု စွမ်းဆောင်ရည်မြှင့်တင်ရေးအတွက် မြို့နယ်ပညာရေးမှူး ဦးဌေးဌေးနှင့် အထက်တန်းကျောင်းအုပ် ဆရာ ဆရာမ လေးဦးတို့က နည်းပြများအဖြစ် သက်ဆိုင်ရာဘာသာရပ်များအလိုက် သင်ကြားပို့ချဆွေးနွေးသွားမည် ဖြစ်သည်။

၂၀၂၂-၂၀၂၃ ပညာသင်နှစ် စီမံခန့်ခွဲမှု စွမ်းဆောင်ရည်မြင့်မားရေး အလုပ်ရုံဆွေးနွေးပွဲ ကာလကို မေ ၁၈ ရက်မှ ၂၀ ရက်ထိ နေ့စဉ် ညနေ ၃ နာရီထိ ကျင်းပသွားမည်ဖြစ်ရာ အလုပ်ရုံဆွေးနွေးပွဲတွင် မြို့နယ်အတွင်းရှိ အထက်တန်း၊ အလယ်တန်း မူလတန်း စသည့် အခြေခံပညာကျောင်းများမှ ကျောင်းအုပ် ဆရာ ဆရာမ ၃၀၇ ဦး တက်ရောက်လျက်ရှိကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

ဉာဏ်ဟိန်း

## ဆီးဂိမ်း ဘိလိယက်နှစ်ယောက်တွဲပြိုင်ပွဲတွင် မြန်မာအသင်း ဗိုလ်လုပွဲတက်ရောက်

**ရန်ကုန် မေ ၁၉**

(၃၁) ကြိမ်မြောက် ဆီးဂိမ်း ဘိလိယက်နှစ်ယောက်တွဲပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်များကို မေ ၁၉ ရက်က ကျင်းပရာ မြန်မာအသင်း ဗိုလ်လုပွဲ တက်ရောက်သွားသည်။

ဆီမီးဖိုင်နယ်တွင် မြန်မာအသင်းက ဗီယက်နမ်အသင်းကို သုံးပွဲပြတ်၊ စင်ကာပူအသင်းက ထိုင်းအသင်းကို သုံးပွဲ-နှစ်ပွဲ ဖြင့် အနိုင်ရရှိခဲ့သည်။ မြန်မာအသင်းတွင် ပေါက်စနှင့် မင်းစည်သူထွန်းတို့ပါဝင်ပြီး လက်စွမ်းပြကာ ဗိုလ်လုပွဲတက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းသည် ဗီယက်နမ်အသင်းကို ပထမပွဲငယ်တွင် ၁၀၀-၂၄ မှတ်၊ ဒုတိယပွဲငယ်တွင် ၁၀၀-၉၆ မှတ်၊ တတိယပွဲငယ်တွင် ၁၀၀-၆၆ မှတ်ဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။ အခြားဆီမီးဖိုင်နယ်တွင် ပီတာဂေးလ်ခရစ်နှင့် ယီဝေပန်တို့အတွဲမှာ ထိုင်းနာမည်ကြီးကစားသမားနှစ်ဦးဖြစ်သည့် ပရာပွတ်နှင့် ထာဝပ်အတွဲကို အနိုင်ယူကာ ဗိုလ်လုပွဲ တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းနှင့် စင်ကာပူအသင်းတို့၏ ဗိုလ်လုပွဲကို မေ ၂၀ ရက် ယနေ့ပြုလုပ်မည်ဖြစ်သည်။

မြန်မာဘိလိယက်အဖွဲ့သည် ရွှေတံဆိပ်တစ်ခုရရှိထားပြီး ဘိလိယက် တစ်ဦးချင်းပြိုင်ပွဲတွင် ပေါက်စက ရယူနိုင်ခဲ့ခြင်းဖြစ်သည်။

**ကိုညီလေး**

## ဆီးဂိမ်း အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲသို့ ထိုင်းနှင့် ဗီယက်နမ်တက်ရောက်

ရန်ကုန် မေ ၁၉

ဆီးဂိမ်း အမျိုးသားဘောလုံးပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်များကို မေ ၁၉ ရက်က ကျင်းပရာ ထိုင်းနှင့် ဗီယက်နမ်အသင်း ဗိုလ်လုပွဲ တက်ရောက်သွားသည်။

ဆီမီးဖိုင်နယ် ပွဲစဉ်များတွင် ထိုင်းအသင်းက အင်ဒိုနီးရှားအသင်းကို တစ်ဂိုး-ဂိုးမရှိ၊ အိမ်ရှင် ဗီယက်နမ်အသင်းက မလေးရှားအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ ခြေစွမ်းမကွာသည့် နှစ်သင်းတွေ့ဆုံခြင်းဖြစ်သောကြောင့် နှစ်သင်းစလုံး အားကုန်ထုတ် ကစားခဲ့ရာပွဲမှာ အပြန်အလှန်ရှိခဲ့ပြီး ထိုင်းအသင်းက ပွဲပြီးခါနီး နာကျင်အချိန်ပိုဂိုးဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။ ထိုင်းအသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ၉၀+၄ မိနစ်တွင် ဝီရာသီက သွင်းယူပေးခဲ့သည်။ အုပ်စုပွဲစဉ်များတွင် ရှုံးပွဲမရှိဘဲ တက်ရောက်လာသည့် အိမ်ရှင် ဗီယက်နမ်နှင့် မလေးရှားအသင်းတို့ပွဲမှာလည်း အပြန်အလှန်ရှိခဲ့ပြီး သာမန်ပွဲကစားချိန် မိနစ် ၉၀ ပြည့်သည်အထိ ဂိုးမရှိသရေကျနေသဖြင့် အချိန်ပိုဆက်လက်ယှဉ်ပြိုင်ခဲ့ရသည်။ ဗီယက်နမ်အသင်းအတွက် အနိုင်ဂိုးကို အချိန်ပို မိနစ် ၁၁၀ တွင် ငုယင်သီလင်က သွင်းယူခဲ့သည်။



ဗီယက်နမ်အသင်းနှင့် မလေးရှားအသင်း ယှဉ်ပြိုင်နေစဉ်။

မေ ၂၂ ရက်တွင် ဗိုလ်လုပွဲအဖြစ် ထိုင်းအသင်းနှင့် ဗီယက်နမ်အသင်း၊ တတိယနေရာလုပွဲအဖြစ် အင်ဒိုနီးရှားအသင်းနှင့် မလေးရှားအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်း - ကိုညီလေး**
**ဓာတ်ပုံ - VFF**

**✻ ကျောဖုံးမှ**

(၂-၁)ဖြင့် အနိုင်ရရှိခဲ့ပြီး မြန်မာနိုင်ငံအတွက် သတ္တမမြောက် **ရွှေတံဆိပ်**ဆုကို ထိုက်ထိုက်တန်တန် ဆွတ်ခူးရယူပေးနိုင်ခဲ့ပြီး၊ အမျိုးသား(နှစ်ယောက်တွဲ) အသင်းလိုက်ပြိုင်ပွဲတွင် **ကြေးတံဆိပ်**ဆုကိုလည်းကောင်း၊ ပြေးခုန်ပစ်အားကစားနည်းမှ ၂၀ ကီလိုမီတာ အမျိုးသမီး (လမ်းလျှောက်) ပြိုင်ပွဲ ဖိုင်နယ်ပွဲစဉ်၌ မြန်မာ၊ မလေးရှား၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့ ယှဉ်ပြိုင်ကြရာတွင် မဇင်မေထက်က **ငွေတံဆိပ်**ဆုကိုလည်းကောင်း ထပ်မံဆွတ်ခူးရရှိခဲ့ကြသည်။

**ဆုတံဆိပ်များထပ်မံဆွတ်ခူး**

အလားတူ ဟန်ွိုင်းမြို့ရှိ Hoai Duc အားကစားရုံ၌ ဂျူဒို အားကစားနည်းမှ (-57kg) ကီလိုတန်း အမျိုးသမီး တစ်ဦးချင်းပြိုင်ပွဲတွင် မခြူးမြတ်နိုးဝေနှင့် (-63kg) ကီလိုတန်းတွင် မနွယ်နီပွင့်လှိုင်တို့က **ငွေတံဆိပ်**ဆု တစ်ခုစီကိုလည်းကောင်း၊ Hai Phong မြို့၌ ကနူး/ကယက်လှေလှော် အားကစားနည်း ကယက်လှေလှော် မီတာ (၁၀၀၀) အမျိုးသားနှစ်ယောက်တွဲပွဲစဉ်၌ မြန်မာ၊ အင်ဒိုနီးရှား၊ စင်ကာပူ၊ ထိုင်း၊ ဗီယက်နမ်နှင့်မလေးရှားနိုင်ငံတို့မှ ယှဉ်ပြိုင်ကစားခဲ့ကြရာ မြန်မာနိုင်ငံမှ **ကြေးတံဆိပ်**ဆုကိုလည်းကောင်း၊ Tay Ho အားကစားရုံ၌ တိုက်ကွမ်ဒိုအားကစားနည်း အတိုက်ပြိုင်ပွဲ (-49kg) ကီလိုတန်းတွင် မဒေစီဂျူးလိယက်က **ငွေတံဆိပ်ဆု**၊ (-80kg) ကီလိုတန်းတွင် မောင်ထက်ဇော်လင်းနှင့် (-87kg) ကီလိုတန်းပြိုင်ပွဲတွင် မောင်ကျော်မင်းနိုင်တို့က **ကြေးတံဆိပ်**ဆု တစ်ခုစီကိုလည်းကောင်း၊ Soc Son အားကစားရုံ၌ ဗိုဗီနမ်အားကစားနည်းမှ (-65kg) ကီလိုတန်းတွင် မဇင်မာခိုင်က **ကြေးတံဆိပ်** ဆုကိုလည်းကောင်း မြန်မာနိုင်ငံအတွက် ဆုတံဆိပ်များ ထပ်မံဆွတ်ခူးပေးနိုင်ခဲ့သည်။

ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံနှင့် အဖွဲ့သည် ယနေ့ယှဉ်ပြိုင်လျက်ရှိသော အားကစားနည်းများမှ ပြေးခုန်ပစ် အားကစားပြိုင်ပွဲ၊ အလေးမ အားကစား ပြိုင်ပွဲ၊ ဗိုဗီနမ်နှင့် ပိုက်ကျော်ခြင်း အားကစားပြိုင်ပွဲများတွင် မြန်မာအသင်းဝင်ရောက် ယှဉ်ပြိုင်ကစားနေမှုများကို သွားရောက် ကြည့်ရှုအားပေးခဲ့သည်။

ယနေ့ပြိုင်ပွဲ ပွဲစဉ်များအဖြစ် ပြေးခုန်ပစ်၊ စစ်တုရင်၊ သေနတ်ပစ်၊ ဘိလိယက်၊ လက်ဝှေ့၊ ဂျူဒို၊ တိုက်ကွမ်ဒို၊ အလေးမနှင့် ဗိုဗီနမ် အားကစားနည်းများတွင် မြန်မာအားကစားအဖွဲ့များမှ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး မေ ၂၀ ရက်ပြိုင်ပွဲ ပွဲစဉ်များအဖြစ် စစ်တုရင်၊ ပိုက်ကျော်ခြင်း၊ သေနတ်ပစ်၊ E-Sports၊ ဘော်လီဘော၊ ကနူးလှေလှော်၊ ဂျူဒို၊ ဗိုဗီနမ်၊ အလေးမ၊ လက်ဝှေ့နှင့် ဘိလိယက်အားကစားပြိုင်ပွဲများကို ဆက်လက်ဝင်ရောက်ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

(၃၁) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ ယနေ့အထိ ရွှေတံဆိပ်ခုနစ်ခု၊ ငွေတံဆိပ် ၁၂ ခု နှင့် ကြေးတံဆိပ် ၂၀ တို့ကို ဆွတ်ခူးရရှိထားပြီး စုစုပေါင်း ဆုတံဆိပ် ၃၉ ခုဖြင့် နိုင်ငံအလိုက် အဆင့်ရပ်တည်မှု အဆင့်ခုနစ်တွင် ရပ်တည်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

### (၃၁)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ နိုင်ငံအလိုက် ဆုတံဆိပ်ရရှိမှု

၁၉-၅-၂၀၂၂

| နိုင်ငံ | ရွှေ | ငွေ | ကြေး | စုစုပေါင်း |
|---|---|---|---|---|
| ဗီယက်နမ် | ၁၅၃ | ၉၁ | ၈၃ | ၃၂၇ |
| ထိုင်း | ၆၂ | ၆၆ | ၉၅ | ၂၂၃ |
| အင်ဒိုနီးရှား | ၄၂ | ၆၁ | ၅၆ | ၁၅၉ |
| ဖိလစ်ပိုင် | ၄၀ | ၅၇ | ၇၈ | ၁၇၅ |
| စင်ကာပူ | ၄၀ | ၄၁ | ၅၃ | ၁၃၄ |
| မလေးရှား | ၃၄ | ၃၇ | ၇၃ | ၁၄၄ |
| မြန်မာ | ၇ | ၁၂ | ၂၀ | ၃၉ |
| ကမ္ဘောဒီးယား | ၆ | ၁၀ | ၂၄ | ၄၀ |
| လာအို | ၁ | ၆ | ၂၂ | ၂၉ |
| ဘရူနိုင်း | ၁ | ၁ | ၁ | ၃ |
| တီမောလက်စ်တေ | ၀ | ၂ | ၁ | ၃ |

## မြန်မာဘော်လီဘောအသင်း ဆီမီးဖိုင်နယ်နှင့် လွဲချော်ပြီး အဆင့် ၅ လုပွဲ ကစားရမည်

**ရန်ကုန် မေ ၁၉**

ဆီးဂိမ်း အမျိုးသားဘော်လီဘောပြိုင်ပွဲ အုပ်စုပွဲစဉ်များမှာ မေ ၁၈ ရက်က ပြီးဆုံးခဲ့ပြီး မြန်မာအသင်းသည် ဆီမီးဖိုင်နယ်နှင့် လွဲချော်ခဲ့ပြီး အဆင့် ၅ နေရာလုပွဲသာ ကစားရမည်ဖြစ်သည်။

မြန်မာအသင်းသည် ဆီမီးဖိုင်နယ် တက်ရောက်ရေး အဆုံးအဖြတ်ပွဲတွင် အိမ်ရှင်ဗီယက်နမ်အသင်းကို သုံးပွဲပြတ် အရေးနိမ့်ခဲ့သဖြင့် ဆီမီးဖိုင်နယ်နှင့် လွဲချော်ခဲ့ခြင်းဖြစ်သည်။ အမျိုးသားဘော်လီဘောပြိုင်ပွဲကို အုပ်စုနှစ်ခုခွဲ၍ ပြုလုပ်ခဲ့ပြီး အုပ်စုပွဲစဉ်များအပြီးတွင် အုပ်စု (က) တွင် အင်ဒိုနီးရှားအသင်းက အုပ်စုပထမ၊ ဗီယက်နမ်အသင်းက အုပ်စုဒုတိယ၊ အုပ်စု (ခ) တွင် ထိုင်းအသင်းက အုပ်စုပထမ၊ ကမ္ဘောဒီးယားအသင်းက အုပ်စုဒုတိယရရှိကာ ဆီမီးဖိုင်နယ် တက်ရောက်ခဲ့သည်။

အုပ်စု (က) တွင် တတိယနေရာရခဲ့သည့် မြန်မာအသင်းသည် အဆင့် ၅/၆ နေရာလုပွဲ တိုက်ရိုက်ကစားခွင့်ရခဲ့ပြီး အုပ်စုအောက်ဆုံးရပ်တည်မှုရ မလေးရှားနှင့် ဖိလစ်ပိုင်အသင်းမှာ အဆင့် ၅/၆ နေရာလုပွဲအတွက် Play-off ထပ်မံကစားခဲ့ရပြီး ဖိလစ်ပိုင်အသင်းက သုံးပွဲပြတ် အနိုင်ရခဲ့သဖြင့် မြန်မာအသင်းနှင့် အဆင့် ၅ လုပွဲကစားရမည်ဖြစ်ကာ မလေးရှားအသင်းမှာမူ အဆင့်ခုနစ်နေရာသာရရှိခဲ့သည်။ မြန်မာအသင်းနှင့် ဖိလစ်ပိုင်အသင်းသည် အဆင့် ၅ နေရာလုပွဲအဖြစ် မေ ၂၀ ရက် (ယနေ့) ကစားရမည်ဖြစ်သည်။ **ကိုညီလေး**

**❍ အမျိုးသမီးမှ**

မြန်မာပြေးခုန်ပစ်အဖွဲ့သည် မေ ၁၉ ရက်က ပြုလုပ်သည့်ပြိုင်ပွဲများအနက် အမျိုးသားမာရသွန်ပြိုင်ပွဲ၊ ကီလိုမီတာ ၂၀ လမ်းလျှောက် အမျိုးသားပြိုင်ပွဲနှင့် အမျိုးသမီးပြိုင်ပွဲတို့တွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ခြင်းဖြစ်သည်။ မြန်မာလမ်းလျှောက်မယ်ဇင်မေထက်သည် အမျိုးသမီး ကီလိုမီတာ ၂၀ လမ်းလျှောက်ပြိုင်ပွဲတွင် ၁ နာရီ ၅၂ မိနစ် ၃၄ စက္ကန့်ဖြင့် ငွေတံဆိပ်ရခဲ့ပြီး ဗီယက်နမ်ကစားသမားက ၁ နာရီ ၄၈ မိနစ် ၁၀ စက္ကန့်ဖြင့် ရွှေတံဆိပ်၊ ထိုင်းကစားသမားက ၁ နာရီ ၅၆ မိနစ် ၀၇ စက္ကန့်ဖြင့် ကြေးတံဆိပ်ရရှိသည်။ အမျိုးသမီး လမ်းလျှောက်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် သန်းသန်းစိုးမှာမူ အဆင့် ၅ နေရာဖြင့် ကျေနပ်ခဲ့ရသည်။

ဆီးဂိမ်းပြေးခုန်ပစ်ပြိုင်ပွဲ ပြီးဆုံးသွားပြီဖြစ်ပြီး မြန်မာပြေးခုန်ပစ်အဖွဲ့က ငွေတံဆိပ်နှစ်ခုရရှိခဲ့ပြီး အမျိုးသမီး မီတာ ၁၀၀၀၀ ပြိုင်ပွဲတွင် ခင်မာဆယ်က ငွေတံဆိပ်ရရှိခဲ့သည်။

**သတင်း- ကိုညီလေး၊ ဓာတ်ပုံ-MAF**

## ဆီးဂိမ်းအမျိုးသမီးဖူဆယ်ပြိုင်ပွဲတွင် မြန်မာအသင်း ဆုတံဆိပ်နှင့် လွဲချော်

**ရန်ကုန် မေ ၁၉**

ဆီးဂိမ်း အမျိုးသမီးဖူဆယ်ပြိုင်ပွဲ အုပ်စုနောက်ဆုံးနေ့ကို မေ ၁၉ ရက်က ကျင်းပရာ မြန်မာအသင်း သရေကျပြီး ဆုတံဆိပ်နှင့် လွဲချော်ခဲ့သည်။

မြန်မာအသင်းသည် နောက်ဆုံးပွဲအဖြစ် မလေးရှားအသင်းနှင့် ယှဉ်ပြိုင်ခဲ့ပြီး အနိုင်ရပါက တတိယနေရာ ရယူနိုင်မည်ဖြစ်သော်လည်း သရေကျခဲ့သဖြင့် ဆုတံဆိပ်နှင့် လွဲချော်ခဲ့ခြင်းဖြစ်သည်။ ပွဲအစပိုင်းတွင် မလေးရှားအသင်းက ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့သဖြင့် မြန်မာ အသင်း နောက်မှလိုက်ကစားခဲ့ရသော်လည်း ပထမပိုင်းမှာပင် သုံးဂိုးပြန်သွင်းနိုင်ခဲ့သည်။ မြန်မာအသင်းအတွက် ဂိုးများကို ၉ မိနစ်တွင် မေသက်ပိုင်၊ ၁၆ မိနစ်တွင် နန့်မေသဇင်၊ ၂၀ မိနစ်တွင် ယွန်းမီမီလွင်တို့က သွင်းယူခဲ့သည်။ သို့သော် ဒုတိယပိုင်းတွင် မလေးရှား အသင်းက ချေပဂိုးနှစ်ဂိုး ပြန်သွင်းခဲ့သဖြင့် ပွဲအပြီးတွင် သုံးဂိုးစီသရေကျခဲ့ခြင်းဖြစ်သည်။ ရွှေတံဆိပ်ဆုအတွက် အဆုံးအဖြတ်ပွဲတွင် ထိုင်းအသင်းက ဗီယက်နမ်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

အုပ်စုပွဲစဉ်များအပြီးတွင် ထိုင်းအသင်းက ကိုးမှတ်ဖြင့် ရွှေတံဆိပ်၊ ဗီယက်နမ်အသင်းက ခြောက်မှတ်ဖြင့် ငွေတံဆိပ်၊ မလေးရှားအသင်းက တစ်မှတ်ဖြင့် ကြေးတံဆိပ်ရရှိခဲ့သည်။ မြန်မာအသင်းသည် ရမှတ်တစ်မှတ်ရသော်လည်း မလေးရှားထက် ဂိုးကွာခြားချက်နည်းသဖြင့် အမှတ်ပေးဇယား အောက်ဆုံးနေရာတွင် ရပ်တည်ခဲ့ခြင်းဖြစ်သည်။

**ကိုညီလေး**

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ မောင်သိန်းဆိုင်၏ ရေနံ့သာခင်ခင်ကြီး အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့မှ သောကြာနေ့အထိ ဖော်ပြပေးသွားမည် ဖြစ်ပါသည်။




**ယမန်နေ့မှအဆက်**

မျက်နှာမည်း၊ မျက်နှာဝါတွေ ဝင်ဖို့နေနေသာသာ အပေါက်ဝမှာတောင် ရပ်ခွင့်မရှိတဲ့နေရာတွေပေါ့။ အဲဒီနေရာတွေကို အခုအစိုးရက အလုပ်သမား အပန်းဖြေရိပ်သာ ဖွင့်ပေးထားတာ တွေ့ရတယ်။ ကမ္ပည်းစာလုံးတွေလည်း ပြောင်းကုန်ပြီလေ။ "ရေနံမြေအလုပ်သမားများမှလွဲ၍ အခြားသူမဝင်ရ" ဆိုတာတွေ ဖြစ်ကုန်ပြီ။ အဲဒါတွေမြင်ရတော့ ခင်ကြီးစိတ်မှာ ပီတိဖြစ်ခဲ့ရတယ်အစ်ကိုထွန်း၊ ဝမ်းသာကျေနပ်ခဲ့ရတယ်။ ခင်ကြီးကိုယ်တိုင် ရေနံအငွေ့အသက်နဲ့ ကင်းခဲ့သူမဟုတ်ဘူး။ ရေနံလုပ်သားတွေရဲ့ကျေးဇူးနဲ့ ကင်းခဲ့တဲ့လူမဟုတ်ဘူး။ ဒီတော့ ခင်ကြီးရဲ့ဇာတိမြေမှာ အထိမ်းအမှတ်လည်း ဖြစ်မယ့်၊ လုပ်သားတွေအတွက် အကျိုးကျေးဇူးလည်း ဖြစ်ထွန်းနိုင်မယ့် အလှူတစ်ခုခုလုပ်ချင်တယ်။ အလုပ်သမားတွေ စုစုဝေးဝေးရှိနိုင်မယ့် နေရာမှာ လုပ်သားထု အပန်းဖြေရိပ်သာတစ်ခုဆောက်ချင်တယ်။ နေရာရွေးဖို့ရယ်၊ ပုံစံကောင်းဖို့ရယ်၊ ပစ္စည်းရဖို့ရယ်ကို အစ်ကိုထွန်းတာဝန်ခံပါ။ ကုန်သမျှငွေကို ခင်ကြီးပေးမယ်။ ဘယ့်နှယ်လဲ အစ်ကိုထွန်း"

ဗိုလ်မှူးညိုထွန်းသည် ဒေါ်ရေနံ့သာခင်ခင်ကြီး၏ စကားကို စူးစိုက်နားထောင်သည်။ လေးနက်စွာ တွေးနေသည်။ အဖြေကို ချက်ချင်းမပေး။ ဤသည်ကို ဒေါ်ရေနံ့သာခင်ခင်ကြီးက အားမလိုအားမရဖြစ်မိဟန်နှင့်ဆိုသည်။

"ခင်ကြီးပြောတဲ့အထဲမှာ ဘာများအမှားပါသလဲ အစ်ကိုထွန်း"

"အမှားရယ်လို့တော့ မပါပါဘူးညီမ။ ညီမရဲ့ စေတနာကို အစ်ကိုထွန်း လေးစားပါတယ်။ လုပ်သားထုနဲ့ပတ်သက်ပြီး ဒီလိုဆန္ဒမျိုးရှိတာကို အစ်ကိုထွန်းဝမ်းသာနေပါတယ်။ အစ်ကိုထွန်းကိုယ်တိုင်က ရေနံမြေအလုပ်သမားဖြစ်ခဲ့တဲ့ လူတစ်ယောက်ပဲ။ ဟိုတုန်းက နေပူတာတွေ၊ သဲကန္တာရဆန်တဲ့ အပူမျိုးတွေ၊ ရေနံငွေ့အပူတွေကြားမှာ အလုပ်လုပ်ခိုင်းထားပြီး နားစရာကနားဖျင်းတောင် ထိုးမပေးတဲ့ အရင်းရှင် မျက်နှာဖြူတွေကို စိတ်မှာ နာကြည်းခဲ့မိတယ်။ လုပ်သားထုတွေ ပင်ပင်ပန်းပန်းလုပ်ပြီး နားစရာမရှိပေမဲ့ သူတို့ကျတော့ ရေကူး၊ တင်းနစ်ရိုက်၊ အရက်သောက်၊ ပွဲသဘင်တွေလုပ်ဖို့ ကလပ်တွေရှိနေတာတွေ့ပြီး အချဉ်ပေါက်ခဲ့တယ်။ နာကြည်းခဲ့ရပြန်တယ်။ နယ်ချဲ့နဲ့ နယ်ချဲ့ခံရသူ၊ အရင်းရှင်နဲ့ ကျေးကျွန်၊ အလုပ်ရှင်နဲ့ အလုပ်သမားဆိုတဲ့ အတန်းအစားကွာခြားမှုတွေကို တွေ့လာရတယ်။ ဒီလိုကနေ တစ်စထက်တစ်စ တော်လှန်ချင်တဲ့စိတ် ဝင်လာခဲ့တဲ့ အစ်ကိုထွန်းရဲ့ ဘဝကို ပြန်စဉ်းစားကြည့်မိတယ်။ ဒါကြောင့် ရုတ်တရက် အဖြေမပေးနိုင်တာပါ"

" ဒီတော့"

"ညီမမှာ ဆန္ဒရှိတဲ့အတိုင်း လုပ်သားရိပ်သာ ဆောက်ချင်ဆောက်ပါ။ အစ်ကိုထွန်းအနေနဲ့ ဝမ်းပန်းတသာ ကူညီရမှာပေါ့ ညီမ"

သို့ဖြင့် နှစ်ယောက်သား တိတ်ဆိတ်သွားကြပြန်သည်။

ဒေါ်ရေနံ့သာ ခင်ခင်ကြီးသည် မော်တော်ကားကို ခပ်မှန်မှန်မောင်းလာသည်။

ဗိုလ်မှူးညိုထွန်းသည် ဒေါ်ရေနံ့သာခင်ခင်ကြီး၏ မျက်နှာကို ကြည့်မိဆဲဖြစ်နေသည်။

ယင်းအချိန်၌ ဒေါ်ရေနံ့သာခင်ခင်ကြီး၏ မျက်နှာတွင် အပြောင်းအလဲ တစ်စုံတစ်ရာ ဖြစ်ပေါ်သွားသည်ကို တွေ့လိုက်ရသည်။ ရုတ်တရက် တုန်လှုပ်သွားသည့်အသွင်၊ ထိတ်လန့်သွားသည့်ဟန်များ ဒေါ်ရေနံ့သာခင်ခင်ကြီး၏ မျက်နှာတွင် ဖြတ်သန်းသွားသည်။ မျက်ဝန်းမှာ ဝန်းစက်ပြူးကျယ်လျက်၊ ပါးစပ်မှပွင့်ဟသွားသည်။ သူသည် လမ်းဘေးတစ်နေရာသို့ လှမ်းကြည့်လိုက်သည်။

ဗိုလ်မှူးညိုထွန်းသည် ဒေါ်ရေနံ့သာခင်ခင်ကြီး ကြည့်နေသောနေရာသို့ ကြည့်လိုက်မိသည်။

လမ်းဘေးပလက်ဖောင်းတွင် ရပ်နေသော လူနှစ်ယောက်ကို မြင်ရသည်။ ထိုသူတို့သည်လည်း မိမိတို့ဘက်သို့ စူးစိုက်ကြည့်လျက်ရှိကြောင်းတွေ့ရသည်။

ဒေါ်ရေနံ့သာခင်ခင်ကြီးသည် လီဗာကို ဖိနင်းလိုက်သည်။ မော်တော်ကားသည် မှန်မှန်သွားနေရာမှ အရှိန်အဟုန်မြင့်တက်လာခဲ့လေသည်။ ဖုန်လုံးများ၏ နောက်တွင် မိမိတို့ဆီ ကြည့်နေသူတို့၏ အရိပ်အသွင်များသည် မှုန်ဝါးပျောက်ကွယ်ကျန်ခဲ့သည်။

ဒေါ်ရေနံ့သာခင်ခင်ကြီး၏မျက်နှာတွင် အလိုမကျနိုင်ခြင်း၊ စိတ်စနောင့်စနင်းရှိရခြင်း အရိပ်အယောင်တို့ ပေါ် လာသည်။ တင်းတင်းမာမာ ခက်ခက်ထန်ထန်ဖြစ်လာသည်။

ရုတ်တရက်တွင် မည်သို့ဖြစ်သွားခဲ့ကြောင်း ဗိုလ်မှူးညိုထွန်း မတွေးတတ်အောင်ဖြစ်ရသည်။

"ကမ္ဘာကြီးဟာ ဘာဖြစ်လို့ ဒီလောက်တောင် ကျဉ်းမြောင်းရတာလဲ အစ်ကိုထွန်း"

"ညီမ ဘာကိုဆိုလိုတာလဲဟင်"

"ဩော်၊ တမင်တကာ မဟုတ်တောင်မှ တတ်နိုင်သမျှ မဆုံချင်ကြတဲ့လူတွေ မဆုံမိရုံကလေးတောင် ဘာဖြစ်လို့ ကမ္ဘာကြီးဟာ မကျယ်ဝန်းခဲ့ရတာလဲလို့ပါ"

"ညီမ ဘယ်သူ့ကို တွေ့ရလို့လဲဟင်"

"ဘယ်သူရမှာလဲ အစ်ကိုထွန်းရဲ့။ အစ်ကိုထွန်း သူ့ကိုမမှတ်မိဘူးလား"

"ဘယ်သူမို့လဲကွယ်"

"ခုနက ပလက်ဖောင်းပေါ်မှာရပ်နေတဲ့ လူနှစ်ယောက်အနက်တစ်ယောက်ဟာ မောင်မောင်ဦးလေ"

"မောင်မောင်ဦး"

ဗိုလ်မှူးညိုထွန်းသည် ယင်းအမည်ကို ကြားလိုက်ရသဖြင့် တုန်လှုပ်သွားရသည့်အသွင်ရှိသည်။ ချောက်ချားသွားရသည့်သဏ္ဌာန် ပေါ်ပေါက်သွားသည်။

"ဟုတ်တယ်၊ သူ ဒီကို ဘယ်လိုရောက်လာသလဲ မသိဘူး"

ပြောရင်းမှာပင် ဒေါ်ရေနံ့သာခင်ခင်ကြီး သက်ပြင်းရှိုက်လိုက်သည်။ ပြီးလျှင် စိုးရိမ်ပူပန်ခြင်းမကင်းသလို ညည်းညည်းညူညူ ဆိုသည်။

"သူ့ကို မြင်လိုက်ရတာ မကောင်းတဲ့နိမိတ်ပဲ အစ်ကိုထွန်း။ မကောင်းဆိုးဝါးနဲ့ တွေ့ရသလိုပဲ။ ခင်ကြီးတို့ ဒီမြို့မှာ ဆက်နေလို့မဖြစ်တော့ဘူး အစ်ကိုထွန်း။ ခင်ကြီးတို့ရန်ကုန်ကို အခုချက်ချင်း ပြန်ကြမှဖြစ်တော့မယ်ထင်တယ်"

"နန်းကိန္နရီကို ပထမဆုံးမွေးစားခဲ့ပြီး အခုဘုန်းကြီးဝတ်နေတယ်ဆိုတဲ့လူဆီမှာ မစုံစမ်းတော့ဘူးလား"

"ဟင့်အင်း။ မစုံစမ်းတော့ဘူး အစ်ကိုထွန်း၊ နန်းကိန္နရီနဲ့ပတ်သက်တဲ့ နောက်ထပ် ဘယ်သူ့ဆီမှာမှ မစုံစမ်းတော့ဘူး။ သူ့အကြောင်းကို ခင်ကြီး ဒီထက်ပိုပြီး မသိချင်တော့ဘူး။ ခင်ကြီးရဲ့ စိတ်နှလုံးကို တုံးတုံးချလိုက်ချင်ပြီ။ နန်းကိန္နရီဟာ ခင်ကြီးရဲ့ သမီးအရင်းအချာ၊ ခင်ကြီးရဲ့သွေးလို့ ယတိပြတ် မှတ်ယူထားလိုက်ချင်ပြီ။ သူ့ကို ခင်ကြီးရဲ့သမီးအနေနဲ့ စောင့်ရှောက်မယ်။ ယုယမယ်၊ ကြင်နာမယ်။ ဒီလိုပဲ ခင်ကြီး သန္နိဋ္ဌာန်ချလိုက်ပြီ အစ်ကိုထွန်း"

ယင်းစကားကိုဆိုနေစဉ်၌ ဒေါ်ရေနံ့သာခင်ခင်ကြီး၏မျက်နှာမှာ မျှော်လင့်ခြင်း၊ တက်ကြွခြင်း၊ ယုံကြည်ခြင်း စသောအားမာန်ကို အပြည့်အဝဆောင်ယူကာ တင်းတင်းမာမာဖြစ်နေသည်ဟု ဗိုလ်မှူးညိုထွန်း ထင်နေမိလေသည်။

x x x x x

[၅]

ကိုမောင်မောင်ဦးနှင့် သည်မျှမြန်မြန်ဆန်ဆန်ကြီး ဆုံတွေ့ရလိမ့်မည်ဟု ဗိုလ်မှူးညိုထွန်း မထင်မိချေ။ မိမိထံ သူရောက်လာလိမ့်မည်ဟုပင် မထင်မှတ်စဖူးဖြစ်ချေသည်။

တပ်ကြပ်ကြီးစာရေး ရောက်လာသည်။ အရိုအသေပေးရင်းဆိုသည်။

"အပြင်မှာ လူတစ်ယောက်ရောက်နေပါတယ် ဗိုလ်မှူး။ သူက ဗိုလ်မှူးနဲ့တွေ့ချင်ပါသတဲ့"

"ဟုတ်လား။ ဘယ်သူလဲ"

"ကိုမောင်မောင်ဦးပါတဲ့ ဗိုလ်မှူး"

"ဟေ။ ဟုတ်လား။ လွှတ်လိုက်ပါကွာ"

ကိုမောင်မောင်ဦးကို မိမိထံအလွှတ်သာ ခိုင်းရသည်။ မျက်နှာချင်းဆိုင်ရန်ကိုမူ ဗိုလ်မှူးညိုထွန်း ဝန်လေးလျက်ရှိသည်။ အဘယ်ကြောင့်ဟူ၍တော့ မသိ။ သူနှင့်ဆုံတွေ့ရမည်ကို ပြစ်မှုတစ်ခု ကျူးလွန်ရခြင်းမျိုးလို စိုးရွံ့နေမိသည်။

ကိုမောင်မောင်ဦးသည် ဆင်နားရွက်တံခါးကို တွန်းဖွင့်ဝင်လာသည်။

သူ၏ရုပ်သွင်မှာ များစွာပြောင်းလဲခြင်း မရှိလှသေးကြောင်း တွေ့ရသည်။ လွန်ခဲ့သော အနှစ်နှစ်ဆယ်ကျော်က မြင်တွေ့ခဲ့ရသော အသွင်သဏ္ဌာန်၏ အရင်းအမြစ်တို့သည် သူ့ထံရှိနေဆဲပင်။ အနည်းငယ် ရင့်ရော်လာခြင်းတစ်ခုသာလျှင် သူ၏ အပြောင်းအလဲဖြစ်လေသည်။

"ထိုင်ပါ။ ကိုမောင်မောင်ဦး"

ဗိုလ်မှူးညိုထွန်းက ကုလားထိုင်တစ်လုံးကို ညွှန်ပြသည်။ ကိုမောင်မောင်ဦး ဝင်ထိုင်သည်။

ကိုမောင်မောင်ဦးမှာ ဗိုလ်မှူးညိုထွန်းကို အနည်းငယ် စိုးရွံ့နေဟန်ရှိသည်။ သို့မဟုတ်လျှင်လည်း သာမန်အလုပ်သမားတစ်ယောက်၊ တော်လှန်ရေးကာလ၏ မရေရာသော ဗိုလ်တစ်ယောက်အဆင့်မှ သည် ဗိုလ်မှူးအဆင့်သို့ ရောက်ရှိနေရခြင်းကို အံ့သြနေမိခြင်းလည်း ဖြစ်နိုင်သည်။

"ကျွန်တော်၊ ခင်ခင်ကြီးနဲ့တွေ့ချင်လို့ပါ ကိုညိုထွန်း"

သူနှင့်တွေ့ရလျှင် သည်စကားကိုသာ ဆိုပေလိမ့်မည်ဟု အလိုလိုသိနေသည်။ သူသည် ဗိုလ်မှူးဟု ခေါ်ရမည်ကို ဝန်လေးမိပုံရသည်။ ကိုညိုထွန်းဟု ယခင်ကလိုပင် ခေါ်သည်။

"အဲဒါအသာထားပြီး ကျွန်တော် ဒီမှာရှိနေတယ်ဆိုတာ ခင်ဗျား ဘယ်လိုလုပ်သိလာသလဲ အရင်ပြောပါဦး ကိုမောင်မောင်ဦး"

"ကိုညိုထွန်း ဒီမှာရှိနေတယ်ဆိုတာ ကျွန်တော် အရင်က မသိပါဘူး။ သိတာ ဘာမှမကြာသေးဘူး ဆိုပါတော့။ အဲ ကိုညိုထွန်းနဲ့ ခင်ခင်ကြီးကို ကားထဲမှာ မြင်လိုက်ရပြီးတဲ့နောက်ပိုင်းကျမှ သိရတာပါ။ ဒီတုန်းက ကျွန်တော်နဲ့အတူရပ်နေတဲ့လူဟာ ဂျော့ဘမောင်ပါ။ သူဟာ ကိုညိုထွန်းနဲ့ တစ်ကြိမ်နှစ်ကြိမ်လောက် ဂေါ့ရိုက်ဖူးပါတယ်။ သူပြောပြတာနဲ့ပဲ ခင်ခင်ကြီးနဲ့တွဲထိုင်လာသူဟာ ကိုညိုထွန်းလို့ သိရတာပါ"

"ဂျော့ဘမောင်။ သူ့ ကျွန်တော်မသိဘူး"

"ဟုတ်ကဲ့ သိဖို့လည်းမလွယ်ပါဘူး သူက ကထိကပါ။ မန္တလေးတက္ကသိုလ်ကို ပြောင်းလာတာ မကြာသေးပါဘူး။ ဒါပေမဲ့ သူဟာ မန္တလေးသားပါ"

"ကဲပါလေ၊ ဒီလူ့အကြောင်း ထားလိုက်ကြရအောင်"

ကိုမောင်မောင်ဦးသည် ဗိုလ်မှူးညိုထွန်း၏ မျက်နှာကို စူးစိုက်ကြည့်သည်။

"ခင်ခင်ကြီးတို့ ဘယ်မှာတည်းတယ်ဆိုတာ ကျွန်တော်သိချင်ပါတယ် ကိုညိုထွန်း"

"သူတို့တည်းတာ စီဗီလိုင်းထဲက အိမ်တစ်အိမ်မှာပါ။ ဒါပေမဲ့ ခင်ဗျားနောက်ကျခဲ့ပြီ ကိုမောင်မောင်ဦး"

"ဗျာ"

"ဟုတ်တယ်။ ခင်ဗျားနောက်ကျခဲ့ပြီ။ သူတို့ ဒီမြို့ကထွက်သွားတာ အခုဆို တစ်နာရီသာသာ လောက်ပဲရှိလိမ့်ဦးမယ်"

**ဆက်လက်ဖော်ပြပါမည်။**

"ကမ္ဘာကြီးဟာ ဘာဖြစ်လို့ ဒီလောက်တောင် ကျဉ်းမြောင်းရတာလဲ အစ်ကိုထွန်း"
"ညီမ ဘာကိုဆိုလိုတာလဲဟင်"
"ဩော်၊ တမင်တကာ မဟုတ်တောင်မှ တတ်နိုင်သမျှ မဆုံချင်ကြတဲ့လူတွေ မဆုံမိရုံကလေးတောင် ဘာဖြစ်လို့ ကမ္ဘာကြီးဟာ မကျယ်ဝန်းခဲ့ရတာလဲလို့ပါ"
"ညီမ ဘယ်သူ့ကို တွေ့ရလို့လဲဟင်"
"ဘယ်သူရမှာလဲ အစ်ကိုထွန်းရဲ့။ အစ်ကိုထွန်း သူ့ကိုမမှတ်မိဘူးလား"
"ဘယ်သူမို့လဲကွယ်"
"ခုနက ပလက်ဖောင်းပေါ်မှာရပ်နေတဲ့ လူနှစ်ယောက်အနက် တစ်ယောက်ဟာ . . .

ဆရာမောင်သိန်းဆိုင်၏ "ရေနံ့သာ ခင်ခင်ကြီး" စာအုပ်အား စာရေးသူ၏ မိသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။ **စာတည်း**

# ရိန်းဂျားစ်အသင်းကို အနိုင်ရပြီး ဖရန့်ဖက်အသင်း ယူရိုပါလိဂ်ဖလားဆွတ်ခူး




ဖရန့်ဖက်အသင်းနဲ့ ရိန်းဂျားစ်အသင်းတို့ မေ ၁၈ ရက်ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ ယူရိုပါလိဂ်ဖလား နောက်ဆုံးဗိုလ်လုပွဲစဉ်မှာ ဖရန့်ဖက်အသင်းက ရိန်းဂျားစ်အသင်းကို အနိုင်ရရှိခဲ့တာကြောင့် ဖရန့်ဖက်အသင်းက ယူရိုပါလိဂ်ဖလားကို ရယူဆွတ်ခူးနိုင်ခဲ့ပါတယ်။

ဖရန့်ဖက်အသင်းနဲ့ ရိန်းဂျားစ်အသင်းတို့ပွဲစဉ်မှာ ပထမပိုင်းပွဲကစားချိန်အတွင်း ဘယ်အသင်းကမှ ဂိုးမသွင်းနိုင်ခဲ့ပေမယ့် ဒုတိယပိုင်းမှာတော့ ရိန်းဂျားစ်အသင်းက ပွဲကစားချိန် ၅၇ မိနစ်မှာ သွင်းယူခဲ့တဲ့ အာရီဘိုရဲ့ သွင်းဂိုးနဲ့ ဦးဆောင်ဂိုးရရှိခဲ့ပြီး ဖရန့်ဖက်အသင်းက ပွဲကစားချိန် ၆၉ မိနစ်မှာ ဘိုရီရဲ့သွင်းဂိုးနဲ့ ချေပဂိုးပြန်လည်ရရှိခဲ့တာဖြစ်ပါတယ်။

နောက်ပိုင်းပွဲကစားချိန်တွေမှာတော့ ဘယ်အသင်းကမှ ဂိုးထပ်မံမသွင်းယူနိုင်ခဲ့တဲ့အပြင် အချိန်ပိုကစားခဲ့ရာမှာလည်း သရေရလဒ်သာ ထွက်ပေါ်ခဲ့တာကြောင့် ပင်နယ်တီအဆုံးအဖြတ်ခံယူရာမှာတော့ ဖရန့်ဖက်အသင်းက ရိန်းဂျားစ်အသင်းကို ငါးဂိုး-လေးဂိုးနဲ့ အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။

ဖရန့်ဖက်အသင်းဟာ ယူရိုပါလိဂ်ဖလားရရှိခဲ့တာကြောင့် ၁၉၉၆-၉၇ ဘောလုံးရာသီက ရှော်လ်ကေး အသင်း ယူရိုပါလိဂ်ဖလားရရှိခဲ့ပြီးနောက်ပိုင်း ယူရိုပါလိဂ်ဖလားကို ဆွတ်ခူးနိုင်ခဲ့တဲ့ ပထမဆုံးသော ဂျာမန် အသင်းလည်း ဖြစ်လာခဲ့ပါတယ်။

ဖရန့်ဖက်အသင်းဟာ ရိန်းဂျားစ်အသင်းကို အနိုင်ရရှိပြီး ယူရိုပါလိဂ်ဖလားကို ဆွတ်ခူးနိုင်ခဲ့ပြီဖြစ်တာကြောင့် လာမယ့်ဘောလုံးရာသီမှာ ချန်ပီယံလိဂ် ဝင်ခွင့်ရရှိတော့မှာလည်း ဖြစ်ပါတယ်။

## ဂါဘွန်တိုက်စစ်မှူး အူဘာမီယန် နိုင်ငံလက်ရွေးစင်ကစားသမားဘဝမှ အနားယူပြီ

ဂါဘွန် အသင်းခေါင်းဆောင်နဲ့ ဘာစီလိုနာ တိုက်စစ်မှူး အူဘာမီယန်ဟာ နိုင်ငံလက်ရွေးစင် ကစားသမားဘဝကနေ အနားယူလိုက်ပြီဖြစ်တယ်လို့ သိရပါတယ်။



အသက် ၃၂ နှစ်အရွယ်ရှိ အူဘာမီယန်ဟာ ဂါဘွန်နိုင်ငံ လက်ရွေးစင်အသင်းနဲ့အတူ ပြိုင်ပွဲစုစုပေါင်း ၆၈ ပွဲအထိ ပါဝင်ကစားပေးခဲ့ပြီး သွင်းဂိုးစုစုပေါင်း ၂၉ ဂိုး သွင်းယူနိုင်ခဲ့သူဖြစ်ပါတယ်။

ဂါဘွန်အသင်းရဲ့ ထိပ်တန်းဂိုးသွင်းရှင် တစ်ဦးဖြစ်တဲ့ တိုက်စစ်မှူး အူဘာမီယန်ရဲ့ နိုင်ငံလက်ရွေးစင် ကစားသမားဘဝမှ အနားယူတော့မယ်ဆိုတဲ့ ဆုံးဖြတ်ချက်ပါဝင်တဲ့စာကိုလည်း ဂါဘွန်ဘောလုံးအဖွဲ့ချုပ်က လက်ခံရရှိခဲ့ပြီးဖြစ်တယ်လို့ အဲဒီဘောလုံးအဖွဲ့ချုပ်က ပြောကြားခဲ့ပါတယ်။

တိုက်စစ်မှူး အူဘာမီယန်ဟာ ဂါဘွန်လက်ရွေးစင်အသင်းနဲ့အတူ ၁၃ နှစ်ကြာ ပွဲထွက်ကစားခဲ့ပြီး ဂါဘွန်ပြည်သူတွေနဲ့ အားပေးတဲ့ ပရိသတ်တွေကိုလည်း ကျေးဇူးတင်ရှိပါကြောင်း ပြောကြားခဲ့ပါတယ်။ အူဘာမီယန်ဟာ ပြင်သစ်နိုင်ငံမှာ မွေးဖွားခဲ့တာကြောင့် အသက် ၂၁ နှစ်အောက် ပြင်သစ်လူငယ် အသင်းမှာလည်း ပါဝင်ပွဲထွက်ကစားခဲ့ဖူးသူလည်း ဖြစ်ပါတယ်။

## ဘောလုံးလောက သတင်းတိုများ

- မန်စီးတီးအသင်းဟာ ရာသီကုန်မှာ အသင်းကနေ ထွက်ခွာတော့မယ့် ဘရာဇီး ကွင်းလယ် ကစားသမား ဖာနန်ဒင်ဟိုရဲ့ နေရာမှာ အစားထိုးရန် လိဒ်ယူနိုက်တက်အသင်းမှ အင်္ဂလန်ကွင်းလယ်ကစားသမား ကယ်ဗင်ဖီးလစ်ကို ခေါ်ယူဖို့ စိတ်ဝင်စားနေတယ်လို့ သိရပါတယ်။
- လီဗာပူးအသင်းက စာချုပ်သစ်ချုပ်ဆိုဖို့ ငြင်းဆန်နေတဲ့ ဆီနီဂေါ်တိုက်စစ်မှူး ဆာဒီယိုမာနေးကို ဘိုင်ယန်မြူးနစ်အသင်းက ခေါ်ယူဖို့ စိတ်ဝင်စားနေပြီး ဆာဒီယိုမာနေးရဲ့ လက်ရှိစာချုပ်သက်တမ်းဟာ ၂၀၂၃ ခုနှစ် ဇွန်လမှာ ကုန်ဆုံးမှာဖြစ်တယ်လို့ သိရပါတယ်။
- မန်ယူအသင်းနည်းပြသစ်ဖြစ်လာမယ့် အဲရစ်တန်ဟက်ဟာ ဘာစီလိုနာအသင်းမှ အေဂျက်အသင်း ကွင်းလယ်ကစားသမားဟောင်း ဖရန့်ကီဒီဂျောင်ကို ခေါ်ယူဖို့ ပစ်မှတ်ထားနေပေမယ့် မန်ယူအသင်းကတော့ ဖရန့်ကီဒီဂျောင်အတွက် ပေါင်သန်း ၇၀ ခွင့်ပြုပေးမှာမဟုတ်ဘူးလို့ သိရပါတယ်။
- ဘိုင်ယန်မြူးနစ်အသင်းနဲ့ ဂျူဗင်တပ်အသင်းတို့ဟာ ယခုနှစ်နွေရာသီအပြောင်းအရွှေ့ကာလအတွင်းမှာ စာချုပ်သက်တမ်းကုန်ဆုံးတော့မယ့် မန်ယူအသင်းမှ ပြင်သစ်ကွင်းလယ်ကစားသမား ပေါ့ဘာကို ခေါ်ယူဖို့ စိတ်ဝင်စားနေတယ်လို့ သိရပါတယ်။
- ချယ်လ်ဆီးအသင်းဟာ နွေရာသီကာလအတွင်း အလွတ်ပြောင်းရွှေ့ကြေးနဲ့ ရရှိနိုင်မယ့် အေစီမီလန်အသင်းမှ အသက် ၂၇ နှစ်အရွယ်ရှိ အီတလီနောက်တန်းကစားသမား ရိုမာဂနိုလီကို ခေါ်ယူဖို့ စိတ်ဝင်စားနေတယ်လို့ သိရပါတယ်။

## ဗြိတိန်ပရော်ဖက်ရှင်နယ်တင်းနစ်မယ် လော်ရာရော့ဆင် တင်းနစ်မယ်ဘဝမှ အနားယူပြီ

ဗြိတိန်ပရော်ဖက်ရှင်နယ်တင်းနစ်မယ် လော်ရာရော့ဆင်ဟာ တင်းနစ်မယ်ဘဝကနေ အနားယူလိုက်ပြီဖြစ်တယ်လို့ အတည်ပြုပြောကြားခဲ့ပါတယ်။



လော်ရာရော့ဆင်ဟာ အသက် ၁၄ နှစ်အရွယ်က ဝင်ဘယ်ဒန်တင်းနစ်ပြိုင်ပွဲရဲ့ ဂျူနီယာအဆင့် တင်းနစ်ပြိုင်ပွဲမှာ ချန်ပီယံဖြစ်ခဲ့ပြီး အသက် ၁၈ နှစ်အရွယ်မှာတော့ အိုလံပစ်ရွှေတံဆိပ်ဆုကို ဆွတ်ခူးနိုင်ခဲ့တာဖြစ်ပါတယ်။

အသက် ၂၈ နှစ်အရွယ်ရှိ ဗြိတိန်တင်းနစ်မယ် လော်ရာရော့ဆင်ဟာ အနားမယူမီအချိန်မှာ ကမ္ဘာ့အဆင့်သတ်မှတ်ချက် အဆင့်(၂၇)နေရာမှာ ရပ်တည်ခဲ့ပြီး ဝင်ဘယ်ဒန်တင်းနစ်ပြိုင်ပွဲနဲ့ အမေရိကန်အိုးပင်းတင်းနစ်ပြိုင်ပွဲတွေမှာ စတုတ္ထအဆင့်အထိ တက်လှမ်းနိုင်ခဲ့သူလည်းဖြစ်ပါတယ်။

လော်ရာရော့ဆင်ဟာ ၂၀၁၂ လန်ဒန်အိုလံပစ်ပြိုင်ပွဲမှာ ဗြိတိန်ပရော်ဖက်ရှင်နယ် တင်းနစ်ကစားသမား အန်ဒီမာရေးနဲ့အတူ နှစ်ယောက်တွဲအိုလံပစ်ငွေတံဆိပ်ဆုကို ဆွတ်ခူးနိုင်ခဲ့သူလည်း ဖြစ်ပါတယ်။

ငွေကြယ် - ရေးသားသည်



## ဩစတြေးလျရေကူးအားကစားသမား ကိုဒီဆင်ဆန် ဓနသဟာရအားကစားပြိုင်ပွဲ ပါဝင်ယှဉ်ပြိုင်ခွင့်ရရှိ

ဩစတြေးလျရေကူးအားကစားသမား ကိုဒီဆင်ဆန်ဟာ ဓနသဟာရအားကစားပြိုင်ပွဲမှာ ပါဝင်ယှဉ်ပြိုင်ခွင့်ရရှိခဲ့ပြီဖြစ်ပါတယ်။ ကိုဒီဆင်ဆန်ဟာ ဩစတြေးနိုင်ငံမှာ ကျင်းပခဲ့တဲ့ မီတာ ၁၀၀ လိပ်ပြာကူးပြိုင်ပွဲမှာ အဆင့် (၃)နေရာက ရပ်တည်နိုင်ခဲ့တာကြောင့် ဓနသဟာရအားကစားပြိုင်ပွဲမှာ ပါဝင်ယှဉ်ပြိုင်ခွင့်ရရှိခဲ့တာဖြစ်ပါတယ်။

အဲဒီဓနသဟာရအားကစားပြိုင်ပွဲကို လာမယ့် ဇွန် ၁၈ ရက်မှာ ဟန်ဂေရီနိုင်ငံ ဘူဒါပက်မြို့မှာ ကျင်းပသွားမှာဖြစ်တယ်လို့လည်း သိရပါတယ်။ အသက် ၂၅ နှစ်အရွယ်ရှိ ဩစတြေးလျရေကူး အားကစားသမား ကိုဒီဆင်ဆန်ဟာ ပြီးခဲ့တဲ့နှစ်က ဂျပန်နိုင်ငံ တိုကျိုမြို့မှာ ကျင်းပခဲ့တဲ့ ၂၀၂၀ တိုကျိုအိုလံပစ်ပြိုင်ပွဲမှာတော့ ပါဝင်ယှဉ်ပြိုင်ခွင့်မရရှိခဲ့ဘဲ လွဲချော်ခဲ့ရတာဖြစ်ပါတယ်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန
## မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်
## လျှောက်လွှာခေါ်ယူခြင်း
## ၂၀၂၂ခုနှစ်၊ ဇွန်လ ၂၀ရက်
## (၁၃၈၄ခုနှစ်၊ ကဆုန်လပြည့်ကျော် ၆ရက်နေ့)

၁။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ် ရန်ကုန်ရုံးချုပ်နှင့် မန္တလေးဘဏ်ခွဲတို့တွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါ ရာထူးနေရာများတွင် အရည်အချင်းသတ်မှတ်ချက်ပြည့်မီသူများ လျှောက်ထားနိုင်ပါသည်-

| စဉ် | ရာထူး | နေရာ | ပညာအရည်အချင်းသတ်မှတ်ချက် |
|---|---|---|---|
| (က) | အငယ်တန်းစာရေး (၁၈၀,၀၀၀-၂,၀၀၀-၁၉၀,၀၀၀) | (၁၈)နေရာ | အခြေခံပညာအထက်တန်း အောင်မြင်ပြီးသူဖြစ်ရမည်။ |
| (ခ) | ဒု-လက်ထောက်ကွန်ပျူတာ လုပ်ဆောင်ရေးမှူး (၁၈၀,၀၀၀-၂,၀၀၀-၁၉၀,၀၀၀) | (၁)နေရာ | အခြေခံပညာအထက်တန်း အောင်မြင်ပြီးသူဖြစ်ရမည်။ |
| (ဂ) | ငွေကိုင်-၄ (၁၈၀,၀၀၀-၂,၀၀၀-၁၉၀,၀၀၀) | (၂)နေရာ | အခြေခံပညာအထက်တန်း အောင်မြင်ပြီးသူဖြစ်ရမည်။ |
| (ဃ) | ယာဉ်မောင်း-၅ (၁၆၂,၀၀၀-၂,၀၀၀-၁၇၂,၀၀၀) | (၂)နေရာ | အခြေခံပညာအလယ်တန်းအဆင့်ရှိ၍ (ခ)အဆင့် ယာဉ်မောင်းလိုင်စင်ရှိသူ ဖြစ်ရမည်။ |
| (င) | ရုံးအကူ (၁၄၄,၀၀၀-၂,၀၀၀-၁၅၄,၀၀၀) | (၂)နေရာ | အခြေခံပညာ အလယ်တန်းအဆင့် ဖြစ်ရမည်။ |
| (စ) | အစောင့် (၁၄၄,၀၀၀-၂,၀၀၀-၁၅၄,၀၀၀) | (၁)နေရာ | အခြေခံပညာ အလယ်တန်းအဆင့် ဖြစ်ရမည်။ |
| (ဆ) | သန့်ရှင်းရေးအကူ (၁၄၄,၀၀၀-၂,၀၀၀-၁၅၄,၀၀၀) | (၁)နေရာ | အခြေခံပညာ အလယ်တန်းအဆင့် ဖြစ်ရမည်။ |

၂။ လျှောက်ထားသူသည်-
- (က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား ဖြစ်ရမည်။
- (ခ) ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။
- (ဂ) အပိုဒ် ၁၊ (က) (ခ) (ဂ)ပါ ရာထူးနေရာများအတွက် လျှောက်ထားသူများသည် (၃၁-၅-၂၀၂၂)ရက်တွင် အသက်(၃၀)နှစ်ထက် မကျော်လွန်စေရ။
- (ဃ) အပိုဒ် ၁၊ (က)(ခ)(ဂ)ပါ ရာထူးနေရာများအတွက် လက်ရှိမြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်တွင် တာဝန်ထမ်းဆောင်နေသော နေ့စားဝန်ထမ်းများဖြစ်ပါက (၃၁-၅-၂၀၂၂)ရက်တွင် အသက်(၄၅)နှစ်ထက် မကျော်လွန်စေရ။
- (င) အပိုဒ် ၁၊ (ဃ)ပါ ရာထူးနေရာများအတွက် လျှောက်ထားသူသည် (၃၁-၅-၂၀၂၂) ရက်တွင် အသက်(၃၅)နှစ်ထက် မကျော်လွန်စေရ။
- (စ) ဌာနကူးပြောင်းလျှောက်ထားခြင်း လက်ခံမည်မဟုတ်ပါ။

၃။ လျှောက်လွှာနှင့်အတူ အောက်ဖော်ပြပါ စာရွက်စာတမ်းများ ပူးတွဲတင်ပြရမည်-
- (က) ကိုယ်ရေးလျှောက်လွှာ
- (ခ) ကိုယ်ရေးရာဇဝင်အကျဉ်းချုပ်
- (ဂ) နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်း/မိတ္တူ
- (ဃ) အပိုဒ် ၁၊ (က)(ခ)(ဂ)ပါ ရာထူးများအတွက် ပညာအရည်အချင်းစိစစ်ရန် အခြေခံပညာအထက်တန်းအောင်လက်မှတ် မူရင်း/မိတ္တူ
- (င) အလုပ်သမားမှတ်ပုံတင်ကတ်ပြား [မူရင်း/မိတ္တူ (အလုပ်သမားညွှန်ကြားမှုဦးစီးဌာန၊ မြို့နယ်ရုံး၊ အမှတ်(၇)နယ်မြေ၊ ကျောက်တံတားမြို့နယ်နှင့် အမှတ်(၈)နယ်မြေ၊ ဗိုလ်တထောင်မြို့နယ်] (သက်တမ်းတိုးပြီး)
- (စ) (၂)လအတွင်း ရိုက်ထားသောပတ်စ်ပို့အရွယ် (၁.၂" + ၁.၄") ဓာတ်ပုံ(၂)ပုံ (ဓာတ်ပုံကျောဘက်တွင် အမည်နှင့် နိုင်ငံသားစိစစ်ရေးအမှတ်ရေးသားရန်)
- (ဆ) ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာရဲစခန်း၏ ထောက်ခံချက်
- (ဇ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်

၄။ လျှောက်လွှာများအား မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်၏ အမှတ် (၁၇၀/၁၇၆)၊ ဗိုလ်အောင်ကျော်လမ်းနှင့် ကုန်သည်လမ်းထောင့်တွင် (၂၆-၅-၂၀၂၂) ရက်နေ့မှ (၃၁-၅-၂၀၂၂)ရက်ထိ လျှောက်လွှာများ ထုတ်ပေးမည်ဖြစ်ပါသည်။

၅။ လျှောက်လွှာများအား လက်ခံရာတွင် အလုပ်သမားညွှန်ကြားမှုဦးစီးဌာန၊ မြို့နယ်ရုံး၊ အမှတ်(၇)နယ်မြေ၊ ကျောက်တံတားမြို့နယ်နှင့် အမှတ်(၈)နယ်မြေ၊ ဗိုလ်တထောင်မြို့နယ်တို့မှ ပေးပို့လာသည့် အလလခ(ပုံစံ-၆)တွင် အမည်စာရင်းပါရှိသူများ၏ လျှောက်လွှာများကိုသာ ဘဏ်၌ (၁-၆-၂၀၂၂)ရက်မှ (၃-၆-၂၀၂၂)ရက်ထိ လက်ခံဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

၆။ လျှောက်လွှာနှင့်စပ်လျဉ်း၍ သတ်မှတ်ထားသော စာရွက်စာတမ်းမပြည့်စုံလျှင်သော်လည်းကောင်း၊ လျှောက်လွှာလက်ခံရန် သတ်မှတ်ထားသောရက်ထက် နောက်ကျရောက်ရှိလျှင်သော်လည်းကောင်း လျှောက်လွှာများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

၇။ အပိုဒ် ၁၊ (က)(ခ)(ဂ)ပါ ရာထူးများအတွက် လျှောက်ထားသူများသည် အင်္ဂလိပ်စာ၊ အထွေထွေဗဟုသုတနှင့် ကွန်ပျူတာဘာသာရပ်များအား အရည်အချင်းစစ်စာမေးပွဲဖြင့် ဖြေဆိုမည်ဖြစ်ပြီး အောင်မြင်သူများကိုသာ လူတွေ့စစ်ဆေးမှု ပြုလုပ်မည်ဖြစ်ပါသည်။

၈။ အပိုဒ်-၁၊ (ဃ)ပါ ရာထူးအတွက် ယာဉ်မောင်းကျွမ်းကျင်မှုစစ်ဆေးခြင်းနှင့် လူတွေ့စစ်ဆေးခြင်း ပြုလုပ်မည်ဖြစ်ပါသည်။

၉။ အပိုဒ် ၁၊ (င)(စ)(ဆ)ပါရာထူးများအတွက် လူတွေ့စစ်ဆေးမှု ပြုလုပ်ရမည်ဖြစ်ပါသည်။

၁၀။ လျှောက်ထားသော ရာထူးနေရာများအလိုက် ဖြေဆိုခွင့်ရရှိသူ အမည်စာရင်းနှင့် ဖြေဆိုမည့်နေရာ၊ အချိန်တို့အား မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်နှင့် ဘဏ် ၏ Website ဖြစ်သော **www.micb.gov.mm** တို့တွင် ထည့်သွင်းကြေညာပေးသွားမည်ဖြစ်သည်။

၁၁။ ဝန်ထမ်းအဖြစ် ခန့်အပ်ခြင်းခံရပါက မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်တွင် အနည်းဆုံး(၃)နှစ် တာဝန်ထမ်းဆောင်ရမည်ဖြစ်ပြီး မန္တလေးဘဏ်ခွဲတည်ရှိရာဒေသတွင် သွားရောက်တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

၁၂။ လျှောက်လွှာတွင် ဖော်ပြချက်များနှင့် အထောက်အထား စာရွက်စာတမ်းများသည် မှန်ကန်မှုမရှိကြောင်း စစ်ဆေးတွေ့ရှိရပါက ရာထူးခန့်အပ်ပြီးစေကာမူ ထုတ်ပယ်ခြင်းခံရမည်။

၁၃။ အသေးစိတ်သိရှိလိုပါက မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ် (ရုံးချုပ်) လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးဌာန၊ ဖုန်း-၀၁-၈၂၅၆၉၀၁ နှင့် ၀၁-၈၂၅၀၅၀၉ သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်**

### "အမည်ပြောင်း"

အဖ ဦးစည်သူမြင့်လွင်၏ သမီး ပြည်မြို့၊ ကိုးသောင်းမူလွန်ကျောင်း စတုတ္ထတန်းအောင်မှ မဂျူးပေရယ်မွန်အား မခင်သီရိသူဟု ပြောင်းလဲခေါ်ပါရန်။

### အမည်ပြောင်း

(အဖ)ဦးကျော်သက် [၇/တငန(နိုင်)၁၁၇၇၁၈]၏ သားဖြစ်သူ မောင်ရာပြည့်အောင် (အား) မောင်ကျော်ရှင်းသန့်ဟု လည်းကောင်း၊ သမီးဖြစ်သူ မရွှေဆုလာဘ်ရှင်(အား) မရွှေသံသာဦးဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-ဇုန်-၅၊ မြေကွက်အမှတ်-၁၅၁/ခ၊ ဧရိယာ (၀.၂၅)ဧက၊ မြေကွက်တည်နေရာအမှတ်-၁၅၁/ခ၊ အနော်ရထာလမ်း၊ စက်မှုဇုန်(၅)၊ လှိုင်သာယာမြို့နယ် ဒေါ်ခင်ရီ [၁၂/လမန(နိုင်)၀၃၆၁၃၄] အမည်ပေါက် နှစ်(၆၀) မြေငှားဂရန်မြေအား အမည်ပေါက် ဒေါ်ခင်ရီ(ဇနီး) ကွယ်လွန်သဖြင့် ခင်ပွန်းဖြစ်သူ ဦးအောင်သန်းမြင့် [၁၂/လမန(နိုင်)၀၃၆၁၃၅]မှ ကျမ်းကျိန် ဆိုထားသော တရားဝင်ခင်ပွန်းဖြစ်ကြောင်းနှင့် အမွေဆက်ခံပိုင်ခွင့်ရှိသူဖြစ်ကြောင်း တရားရုံး ကျမ်းကျိန်လွှာ၊ ထပ်ဆင့်ထောက်ခံ ကျမ်းကျိန်လွှာ၊ အမည်ပေါက်၏ သေစာရင်း၊ နှစ်(၆၀) မြေငှားစာချုပ်ဂရန် မူရင်းတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်း မြေပုံကူး လျှောက်ထားလာရာ တရားဝင် ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၅၇၊ မြေကွက်အမှတ်-၁၅၉၁၊ မြေကွက်တည်နေရာအမှတ်(၁၅၉၁)၊ ရွှေဇင်လမ်း၊ (၁၇) ရပ်ကွက်၊ ဒဂုံတောင်မြို့နယ် ဒေါ်ရီရီဌေး [၁၂/ဒဂတ(နိုင်)၀၂၉၃၀၆]အမည်ပေါက် နှစ်(၆၀) မြေငှားဂရန်မြေအား ဂရန်အမည်ပေါက် ဒေါ်ရီရီဌေးနှင့် ၎င်းထံမှ အထူးကိုယ်စားလှယ်လွှဲစာအမှတ်-၃၁၄၆၅ (၂၄-၁၂-၂၀၁၉)ရရှိသူ ဒေါ်ဇာခြည်ခိုင် [၁၄/ညတန(နိုင်)၁၇၈၆၀၂]တို့မှ ဂရန်မူရင်း၊ ပါဝါ၊ ပါဝါပေးသူမှ သက်ရှိထင်ရှားရှိကြောင်းနှင့် ကိုယ်စားလှယ်လွှဲစာရုပ်သိမ်းခြင်းမရှိကြောင်း ကျမ်းကျိန်လွှာအမှတ်-၆/၁၅၉/၂၀၂၁ (၁-၆-၂၀၂၁) တင်ပြ၍ အရောင်းမြေပုံကူး လျှောက်ထားလာပါသည်။ မြို့ပြမြေစာရင်းရှိ (၂၀၀၄)ခုနှစ်တွင် ဘဏ်ချေးမြေပုံကူးယူထားခြင်းအား ဘဏ်ချေးမြေပုံ ၎င်းတို့၏ လက်ဝယ်တွင် အထားအသို မှားယွင်း၍ ပျောက်ဆုံးသွားကြောင်း ကျမ်းကျိန်လွှာအမှတ်-၃/၉၆၂/၂၀၂၂ (၉-၃-၂၂)ဖြင့် ဝန်ခံကတိပြု တင်ပြ၍ အရောင်းမြေပုံကူးလျှောက်ထားလာရာ တရားဝင် ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

### ဒေါ်ဖြိုးဝေလှိုင်[၁၂/ဥကတ(နိုင်)၁၆၄၃၃၆]နှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၊ တကောင်း(၈)လမ်း၊ အိမ်အမှတ်-၄၆၃/က၊ ပထမထပ်တွင်နေထိုင်သော ကျွန်ုပ်အမှုသည်ဖြစ်သူ ဦးဝင်းထိန်သာ[၁၂/ဥကတ(နိုင်)၁၃၀၃၆၈]၏ လွှဲအပ်ညွှန်ကြားချက်အရ ဒေါ်ဖြိုးဝေလှိုင်နှင့် အများသိစေရန် အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်-

ကျွန်ုပ်အမှုသည် ဦးဝင်းထိန်သာ [၁၂/ဥကတ(နိုင်)၁၃၀၃၆၈]နှင့် ဒေါ်ဖြိုးဝေလှိုင်[၁၂/ဥကတ(နိုင်)၁၆၄၃၃၆]တို့သည် ၂၀၀၇ ခုနှစ်၊ ဇွန်လ (၂၄)ရက်နေ့တွင် တရားဝင်လက်ထပ်ပေါင်းသင်းခဲ့ပြီး သားဖြစ်သူ မောင်ဇွဲဟိန်းစစ်ဆိုသူ သားတစ်ဦး ထွန်းကားခဲ့ပါသည်။

ကျွန်ုပ်အမှုသည် ဦးဝင်းထိန်သာနှင့် ဒေါ်ဖြိုးဝေလှိုင်တို့ လက်ထပ်ပေါင်းသင်းပြီးနောက် တောင်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၊ တကောင်း(၈)လမ်း၊ အိမ်အမှတ်-၄၆၃/က၊ ပထမထပ်ရှိ တိုက်ခန်းတစ်ခန်း၊ SUZUKI RM ကားအမျိုးအစား ယာဉ်အမှတ်- 5I/3379 ကားတစ်စီးနှင့် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၃၃)ရပ်ကွက်၊ နဝဒေးလမ်း၊ အမှတ်(၁၅)တည်ရှိရာ နေရာတွင် ဖွင့်လှစ်ထားသော အောင်မြင်တမ်းတ ဆန်ရောင်းဝယ်ရေးဆိုင်တို့သည် ကျွန်ုပ်အမှုသည် ဦးဝင်းထိန်သာနှင့် ဒေါ်ဖြိုးဝေလှိုင်တို့နှစ်ဦး ပူးတွဲပိုင်ဆိုင်သော လက်ထပ်ပွားပစ္စည်းများဖြစ်ကြပါသည်။

ယခုအခါ ဒေါ်ဖြိုးဝေလှိုင်သည် ကျွန်ုပ်အမှုသည် ဦးဝင်းထိန်သာနှင့် တရားဝင် ကွာရှင်းပြတ်စဲခြင်းမရှိသေးဘဲ လင်မယားနှစ်ဦး ပူးတွဲပိုင်ဆိုင်သော အထက်ဖော်ပြပါပစ္စည်းများကို ကျွန်ုပ်အမှုသည် ဦးဝင်းထိန်သာအား အသိပေးအကြောင်းကြားခြင်း၊ ခွင့်ပြုချက်ရယူခြင်းတစ်စုံတစ်ရာမရှိဘဲ ၎င်းတစ်ဦးတည်း၏ သဘောဆန္ဒဖြင့် လွှဲပြောင်း၊ ရောင်းချ၊ ငှားရမ်း၊ ပေါင်နှံခြင်းများ ပြုလုပ်ရန် ကြိုးစားနေကြောင်း ကျွန်ုပ်အမှုသည်မှ စုံစမ်းသိရှိခဲ့ရပါသည်။

ထို့ကြောင့် အထက်ဖော်ပြပါပစ္စည်းများကို ကျွန်ုပ်အမှုသည် ဦးဝင်းထိန်သာ၏ ခွင့်ပြုချက်မရှိဘဲ လွှဲပြောင်း၊ ရောင်းချ၊ ငှားရမ်း၊ ပေါင်နှံ၊ ပေးကမ်းခြင်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းများ မပြုလုပ်ရန်နှင့် ပြုလုပ်ပါက ပြုလုပ်သူ၏ တာဝန်သာဖြစ်ကြောင်း ဒေါ်ဖြိုးဝေလှိုင်နှင့် အများသိစေရန် အသိပေးအကြောင်းကြားအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-ဒေါ်ခင်သန့်ဇင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၃၉၁)**
**အမှတ်-၂၉၊ တတိယထပ်၊ (၃၅)လမ်း(အောက်လမ်း)၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၇၉၅၈၃၉၀၉၄**

### ကြော်ငြာစာ
### ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး
### ၂၀၂၂ခုနှစ်၊ တရားမအထွေထွေမှုအမှတ်-၅၇
### မြန်မာနိုင်ငံကုမ္ပဏီများဥပဒေပုဒ်မ-၄၃၁(စ)အရ ကင်းလွတ်ခွင့်ပြုပါရန် လျှောက်ထားသည့်အမှု

MWA MWA LAY BROTHERS GROUP COMPANY LIMITED ------------- **လျှောက်ထားသူ**
မွမွလေးညီအစ်ကိုများကုမ္ပဏီလီမိတက်
{၎င်းကုမ္ပဏီကိုယ်စား တာဝန်ပေးအပ်ခြင်းခံရသူ-
ဦးဖုန်းမြင့်(မန်နေဂျာ) [၁၂/မရက(နိုင်)၀၆၀၄၀၁]
အမှတ်-၄၉/၂၁၁၊ သိမ်ချောင်းလမ်း၊
ဝါးတစ်ရာစက်မှုဇုန်၊ ရွှေပြည်သာမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး}

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ ဝါးတစ်ရာစက်မှုဇုန်၊ သိမ်ချောင်းလမ်း၊ အမှတ်-၄၉/၂၁၁ရှိ တာဝန်ခွဲဝေ ကန့်သတ်ထားသော အများနှင့်မသက်ဆိုင်သည့် ကုမ္ပဏီဖြစ်သည့်ကုမ္ပဏီသည် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၏ Online မှတ်ပုံတင်စနစ်သစ်တွင် ပြန်လည်မှတ်ပုံတင်ရန်ပျက်ကွက်ခဲ့သဖြင့် ကုမ္ပဏီများဥပဒေပုဒ်မ-၄၃၁(စ)အရ ကင်းလွတ်ခွင့်ပြုပါရန် လျှောက်ထားရှိသဖြင့် အဆိုပါလျှောက်ထားချက်အပေါ် အကျိုးစီးပွားသက်ဝင်သည်ဟု အဆိုရှိသူခပ်သိမ်းတို့အား အဆိုပါမှုတွင် ၎င်းတို့(လာရောက်လျှောက်ထားဆိုင်ဆိုရန် သင့်လျော်သည်ဟုအထင်ရှိလျှင်) ဆိုခဲ့သော ၂၀၂၂ခုနှစ်၊ မေလ (၃၀)ရက် နံနက် (၁၀:၀၀)နာရီခန့်၌ မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ မိမိတို့က နေရာတကျအမိန့်ပေးထားသူ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်သော်လည်းကောင်း လာရောက်ဆိုင်ဆိုရန်နှင့် မှတ်တမ်းများကို ကြည့်ရှုရန် ယခုမိန့်ကြားဆင့်ဆိုလိုက်သည်။ ၎င်းကဲ့သို့ လာရောက်ခြင်း တစ်ခုခုမရှိ ပျက်ကွက်ခဲ့လျှင် ဤရုံးတော်ကဆိုခဲ့သော ကုမ္ပဏီအပေါ် စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်မည်ဖြစ်ကြောင်း ကြေညာထုတ်ဆင့်လိုက်သည်။

၂၀၂၂ခုနှစ်၊ မေလ (၁၇)ရက်နေ့၌ ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(အောင်နေမျိုး)**
**တွဲဖက်ခရိုင်တရားသူကြီး(၁)**
**ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး**

### အများသိစေရန် ကြေညာခြင်း

ကျွန်တော် ကိုသီဟစိုး (ဘ)ဦးစိုးနိုင် [၁၂/လမတ(နိုင်)၀၂၈၁၈၁]နှင့် မဆွေဇင်အေး (ဘ)ဦးကြင်လှိုင် [၁၂/သကတ(နိုင်)၁၂၇၂၅၃]တို့သည် စိတ်သဘောထားချင်း တိုက်ဆိုင်မှုမရှိပါ၍ ဆက်လက်ပေါင်းသင်းနေထိုင်ရန် မဖြစ်နိုင်သောကြောင့် ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး၊ မှတ်ပုံတင်အမှတ်(၈၂/၂၀၂၂)ဖြင့် (၁၈-၅-၂၀၂၂)ရက်တွင် တရားဝင် ကွာရှင်းပြတ်စဲပြီးပါကြောင်းနှင့် ယနေ့မှစ၍ မဆွေဇင်အေး၏ ကိစ္စအဝဝနှင့်ပတ်သက်၍ ကျွန်တော် ကိုသီဟစိုးနှင့် ပတ်သက်ဆက်နွှယ်မှုမရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကိုသီဟစိုး (ဘ)ဦးစိုးနိုင်[၁၂/လမတ(နိုင်)၀၂၈၁၈၁]**

### ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်ၤန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၀သုဝဏ္ဏ(ဘုရားအနီး)၊ မြေကွက်အမှတ်(၉၉)၊ အကျယ်အဝန်း(၀.၁၂၂)ဧကအကျယ်ရှိ နှစ်(၆၀)ဂရန်မြေကွက်(အရပ်ခေါ်-သင်္ဃန်းကျွန်းမြို့နယ်၊ (၃၀)ရပ်ကွက်၊ နှင်းဆီနီလမ်း၊ အမှတ်(၉၉)ဟုခေါ်တွင်သည့်မြေကွက်) အပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ဝယ်ထားပိုင်ဆိုင်၍လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်းဝန်ခံကတိပြုသူ ဦးအောင်မြင့် (၆/ကသန(နိုင်)၀၀၄၀၀၃)ထံမှ ကျွန်ုပ်၏မိတ်ဆွေကအပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်စရန်ငွေတချို့ပေးချေထားပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက ယနေ့မှစ၍ (၇)ရက်အတွင်းခိုင်လုံသောပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့်သတ်မှတ်ရက်ထက်ကျော်လွန်ပါကအရောင်းအဝယ်ကိုဥပဒေနှင့်အညီပြီးဆုံးသည်အထိဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန်ကြေညာအပ်ပါသည်။ လွှဲအပ်ညွှန်ကြားချက်အရ-ဒေါ်အေးမြတ်ကြည်
LL.B
အထက်တန်းရှေ့နေ(စဉ်-၃၉၆၆၈)
Fb Page : Aung Myay Saytanar Realestate Co.,Ltd, E-mail: aungmyayrealestate@gmail.com
အမှတ်(၈၈၈)၊ အခန်း(၃)၊ မေတ္တာလမ်းကွန်ဒို၊ မေတ္တာလမ်းမ၊ (၁၀)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။
✆ : 09- 5080073 , 09- 76 5080073 , 09- 69 5080073 , 09- 45 888 7986

## ကုန်အမှတ်တံဆိပ်များအသိပေးကြေညာခြင်း

၁။ ရန်ကုန်မြို့၊ ဆိုင်အမှတ် (၁) အမှတ် ၅၂၈၊ မဟာဗန္ဓုလလမ်း (၂၇ လမ်းနှင့် ၂၈ လမ်းကြား)၊ ပန်းဘဲတန်းမြို့နယ်နှင့် ဆိုင်အမှတ် (၂) အမှတ် - ဘီ ၀၁၀၅ မြေညီထပ်၊ လမ်းမတော်ပလာဇာ၊ လမ်းမတော်လမ်း၊ လသာမြို့နယ်တို့တွင် လက်ရှိတည်ရှိသော ဦးထုံ ရွှေပန်းထိမ်နှင့် ရတနာရွှေဆိုင် (ခ) U Hton Goldsmith And Jewellery (ခ) U Hton Gold Jewellery And eCommerce လုပ်ငန်းအား ဦးကျော်ဝင်း နှင့် ဦးကျော်မြင့် တို့သည် အောက်တွင်ဖော်ပြထားသော ပုံဖော်အရောင်များနှင့် ဒီဇိုင်းပုံစံအမျိုးမျိုးပါ အမှတ်တံဆိပ်အမည်အမှတ်အသား (Logo)၊ စာသားဒီဇိုင်းအရေးအသားများကို မိမိတို့၏ ကိုယ်ပိုင်ဉာဏ်ဖြင့် တီထွင်၍ ယင်းအမှတ်တံဆိပ်များအား အများပြည်သူများက ဝယ်ယူဆင်မြန်း၊ ဝတ်ဆင်၊ စုဆောင်းနိုင်ရန်အတွက် ဖော်ပြပါ ရွှေပန်းထိမ်နှင့် ရတနာရွှေဆိုင်မှ ထုတ်လုပ်ဖြန့်ဖြူးသော ရွှေထည်၊ စိန်ထည်၊ ကျောက်မျက်ရတနာအထည် ပစ္စည်းအရွယ်အစားနှင့် ပုံဖော်အရောင်များ၊ ဒီဇိုင်းပုံစံအမျိုးမျိုးတို့ကို ၎င်းအမှတ်အသားများနှင့် ဆက်စပ်သည့် ဘူးခွံ၊ အိတ်ခွံ၊ ဂျပ်ဖာစသည့် ထုတ်ပိုးကုန်စည်အမျိုးမျိုးတို့တွင် အသုံးပြုသွားမည့်အပြင် ဆိုင်းဘုတ်၊ ဘလောက်၊ ကြော်ငြာအမျိုးမျိုး၊ တီဗွီ၊ မဂ္ဂဇင်း၊ စာစောင်၊ ငွေပြေစာဖြတ်ပိုင်း၊ တံဆိပ်တုံး၊ စတစ်ကာ၊ အဝတ်အထည်များ၊ လူသုံးကုန်ပစ္စည်းများ၊ ဗီနိုင်း၊ ပြက္ခဒိန် တို့တွင်လည်းကောင်း၊ Internet၊ Email၊ Website၊ Facebook၊ Instagram၊ Tiktok၊ YouTube၊ Twitter and other Social Media Platforms၊ Letterhead၊ Digital Web Platforms၊ 3D Platforms အစရှိသည့် အချိန်နှင့်တစ်ပြေးညီ ပေါ်ပေါက်လာသော နည်းပညာနယ်ပယ်အရပ်ရပ်တို့တွင်လည်းကောင်း ယင်းကုန်အမှတ်တံဆိပ် အမှတ်အသားများကို ကုန်အမှတ်တံဆိပ်တစ်ခုတည်း သို့မဟုတ် တစ်ခုထက်ပို၍ အခါအားလျော်စွာ လိုအပ်သလို သုံးစွဲလျက် ရန်ကုန်မြို့တွင်းအပါအဝင် မြန်မာနိုင်ငံ တစ်ဝန်းလုံး၌ လိုအပ်သလို ဆိုင်ခွဲများပါ ဖွင့်လှစ်ပြီး ပြည်တွင်းသာမက တည်ဆဲဥပဒေနှင့်အညီ သက်ဆိုင်ရာ၏ ခွင့်ပြုချက်ရရှိသည့်အခါ ပြည်ပသို့ပါ ရောင်းချသွားမည်ဖြစ်ပါသည် –

၂။ သို့ဖြစ်ပါ၍ အထက်တွင်ဖော်ပြပါရှိသော ကုန်အမှတ်တံဆိပ်အမှတ်အသားများသည် ဦးကျော်ဝင်းနှင့် ဦးကျော်မြင့် တို့က မူပိုင်အဖြစ် အသုံးပြုလျက်ရှိသည့် ကုန်အမှတ်တံဆိပ် အမှတ်အသားများဖြစ်ပါသဖြင့် အကယ်၍ ကန့်ကွက်လိုပါက ဤကြေညာသည့်နေ့မှ (၇) ရက်အတွင်း ခိုင်လုံသော အထောက်အထား စာရွက်စာတမ်းများနှင့်တကွ ကန့်ကွက်နိုင်ပါကြောင်း၊ သတ်မှတ်ရက်ကျော်လွန်ပါက တည်ဆဲဥပဒေများနှင့်အညီ စာရွက်စာတမ်းများ မှတ်ပုံတင်ရုံး၌ မှတ်ပုံတင်ခြင်းကိစ္စများ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ မိမိတို့ ကုန်အမှတ်တံဆိပ် အမှတ်အသားများကို ပြည်တွင်း သို့မဟုတ် ပြည်ပ၌ အခြားမည်သူတစ်ဦးတစ်ယောက်ကမျှ အဆိုပါ ကုန်အမှတ်တံဆိပ် အမှတ်အသားများ၏ အမှတ်တံဆိပ် တစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ အမှတ်တံဆိပ်များကို ပေါင်းစပ်၍ဖြစ်စေ၊ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ဆင်တူယိုးမှား၊ ထင်ယောင်ထင်မှား တုပပြုလုပ်သုံးစွဲ၍ ထုတ်လုပ်၊ ဖြန့်ချိ၊ ရောင်းချခြင်း မပြုလုပ်ကြပါရန်နှင့် လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

| | |
|---|---|
| ဦးတိုးမြင့် LL.B, D.B.L | ဒေါ်ပြည့်ဖြိုးခိုင် |
| WIPO (Switzerland) | LL.B,D.B.L,D.I.L |
| တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ |
| (စဥ်. ၆၂၀၁/၂၂.၅.၁၉၉၅) | (စဥ်. ၄၁၈၄၄/၂၇.၅.၂၀၁၃) |

အမှတ် (၃၄)၊ ဒေးဗစ်ရွှေနုလမ်းသမိုင်း၊ (၂) ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။
၀၉၈၆၄၅၆၃၃၊ ၀၉၄၂၀၀၇၈၈၈၃။

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(ဃ)၊ မြေကွက်အမှတ်(၆၅)၊ ဝေပုလ္လ(၂)လမ်း၊ အမှတ်(၆၅)ဟုခေါ်တွင်သော နှစ်(၆၀)ဂရန်အမျိုးအစား မြေရှင် ဒေါ်ခင်ညွှန့် [၁၂/ဥကမ(နိုင်)၀၁၄၉၈၂]အမည်ပေါက် အကျယ်အဝန်း (အလျား၄၀ပေx အနံ ၆၀ပေ)မြေပေါ်တွင် ဆောက်လုပ်ထားသော အကျယ်အဝန်း (အလျား ၁၈ပေx အနံ ၅၄ပေ)အကျယ်ရှိခြောက်ထပ်တိုက်အဆောက်အဦ၏ မြေညီထပ်ခေါင်းရင်းခြမ်း တိုက်ခန်း(၁)ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အဆင့်ဆင့်ဆက်စပ်စာချုပ်များဖြင့် တရားဝင်ပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိသူများဖြစ်သော ဦးခင်မောင်လတ် [၉/မထလ(နိုင်)၀၀၀၀၀၆]နှင့် ဒေါ်ခင်မြတ်နွယ် [၉/မထလ(နိုင်)၀၇၀၇၁၆] တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်နီနီငြိမ်းမှ ဝယ်ယူရန်အတွက် အရောင်းအဝယ်အဖြစ် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ရာ ယင်းတိုက်ခန်းနှင့်ပတ်သက်၍ ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသူ မည်သူမဆို ခိုင်လုံသော အထောက်အထားများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

**ဒေါ်လွင်မာဦး(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၄၅၁၁)**

**ဒေါ်နော်အိန္ဒြေဖူးသစ်ဦး(LL.B)**
**အထက်တန်းရှေ့နေ(စဉ်–၅၂၆၇၄)**

**အမှတ်(၁၁၇၄)၊ ဘုရင့်နောင်လမ်းမကြီး၊ (၅၁)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။ ဖုန်း–၀၉–၂၅၉၆၈၆၀၈၈**

## “ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာခြင်း”

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၀)၊ မြေကွက်အမှတ်(၂၈၂/ခ)၊ အောင်သိဒ္ဓိ(၂)လမ်း၊ အကျယ်အဝန်းပေ(၂၀x၆၀)ရှိ ဦးခင်မြင့် အမည်ပေါက် ပါမစ်မြေအမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား တရားဝင်လက်ရှိထားပိုင်ဆိုင်ပါကြောင်း အမှုအခင်းအရှုပ်အရှင်းကင်းရှင်းလျက် အလွတ်လက်ရောက်လွှဲပြောင်းရောင်းချခွင့်ရှိပါကြောင်း ဝန်ခံကတိပြုသူ ဦးသိန်းထိုက်[၁၂/ဒဂတ(နိုင်)၀၂၄၈၁၄]၊ ဒေါ်ယမင်းထိုက် [၁၂/ဒဂတ(နိုင်)၀၆၅၇၅၉]တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်သန္တာဝင်း [၁၂/လမတ(နိုင်)၀၃၇၇၈၇]က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာချုပ်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ယခုကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်ပါက မြေကွက်နှင့် အဆောက်အဦအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးအောင်မျိုး(LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၃၉၆၉)**
**အမှတ်–၃၃/၄၉၊ မြေညီထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း(ဘားလမ်း)၊ အောက်ဘလောက်၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၂၅၄၁၇၃၃၅၄၊ ၀၉–၇၉၇၈၀၀၆၇၇**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံးဥပဒေအမိန့်–၅၊ နည်းဥပဒေ–၂၀)**

**ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံးတော်**

**၂၀၂၂ခုနှစ်၊ တရားမကြီးမှုအမှတ်–၈**

| | | |
|---|---|---|
| ဦးအောင်ဘုန်းကျော် | နှင့် | ဦးရဲလင်းမောင် |
| **(တရားလို)** | | **(တရားပြိုင်)** |

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ ဝါဝါဝင်းလမ်း၊ အမှတ်(၃၉)နေ တရားပြိုင် ဦးရဲလင်းမောင် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက တိုက်ခန်းလက်ရောက်ရလိုမှု (သို့မဟုတ်) ပဋိညာဉ်အတိုင်း ပေးအပ်ထားသည့် တိုက်ခန်းရောင်းဖိုးငွေကျပ် ၃၀၀၀၀၀၀၀ိ/– နှင့် နစ်နာကြေးငွေ ကျပ် ၁၀၀၀၀၀၀၀ိ/– စုစုပေါင်းငွေကျပ် ၄၀၀၀၀၀၀၀ိ/– ရလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၂ခုနှစ်၊ ဇွန်လ (၂)ရက် (၁၃၈၄ခုနှစ်၊ နယုန်လဆန်း ၄ရက်) မွန်းမတည့်မီ (၁၀)နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် အမှုနှင့်သက်ဆိုင်သည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၂ခုနှစ်၊ မေလ ၁၉ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ခင်နီနီအေး)**
**ဒုတိယခရိုင်တရားသူကြီး(၁၅)**
**ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး**

## “ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း”

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြောက်ပိုင်းခရိုင်၊ လှည်းကူးမြို့နယ်၊ ရှမ်း/ထက်ကျေးရွာအုပ်စု၊ ကွင်းအမှတ်– (၁၀၅၀ᵃ)၊ အဝဗျဲဘုရားငုတ္တိုကွင်း၊ ဦးပိုင်အမှတ်–၂၀/က ဒေါ်မာမာစိုး အမည်ပေါက် လယ်ယာမြေပုံစံ–၇ ရရှိထားသော လယ်ယာမြေဧရိယာ(၆.၉၁)ဧကအတွင်းမှ တရားဝင်မခွဲစိတ်ရသေးသော (၂.၉၀)ဧက အကျယ်အဝန်းရှိ လယ်ယာမြေနှင့် အကျိုးခံစားခွင့်အရပ်ရပ်အား လက်ဝယ်ပိုင်ဆိုင်ထားသူ ဒေါ်မာမာစိုး [၁၂/လကန(နိုင်)၁၆၈၇၉၇]သည် တရားဝင် ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ပြောဆိုသဖြင့် ၎င်းထံမှ အဆိုပါလယ်ယာမြေနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ဒေါ်စုစုခင် [၉/မရမ(နိုင်)၀၇၈၈၃၈]က ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ခိုင်မာသောစာရွက်စာတမ်းမူရင်းအထောက်အထားများနှင့်တကွ ကျွန်ုပ်၏ထံသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း အကြောင်းကြားကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုများမရှိပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးဝင်းဇော်အောင်(ဥပဒေဘွဲ့)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၆၄၃၀)**
**ဖုန်း–၀၉–၄၃၀၆၄၆၇၆၊ ၀၉–၇၇၄၃၀၆၄၆၇**

## “ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း”

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြောက်ပိုင်းခရိုင်၊ လှည်းကူးမြို့နယ်၊ ရှမ်း/ထက်ကျေးရွာအုပ်စု၊ ကွင်းအမှတ်–(၁၀၅၀ᵃ)၊ အဝဗျဲဘုရားငုတ္တိုကွင်း၊ ဦးပိုင်အမှတ်–၁၉/ဃ ဒေါ်မာမာစိုး အမည်ပေါက် လယ်ယာမြေပုံစံ –၇ ရရှိထားသော လယ်ယာမြေဧက(၁.၃၅) အကျယ်အဝန်းရှိ လယ်ယာမြေနှင့် အကျိုးခံစားခွင့်အရပ်ရပ်အား လက်ဝယ်ပိုင်ဆိုင်ထားသူ ဒေါ်မာမာစိုး [၁၂/လကန(နိုင်)၁၆၈၇၉၇]သည် တရားဝင် ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ပြောဆိုသဖြင့် ၎င်းထံမှ အဆိုပါလယ်ယာမြေနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ခိုင်မာသောစာရွက်စာတမ်းမူရင်း အထောက်အထားများနှင့်တကွ ကျွန်ုပ်၏ထံသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း အကြောင်းကြားလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုများမရှိပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးဝင်းဇော်အောင်(ဥပဒေဘွဲ့)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၆၄၃၀)**
**ဖုန်း–၀၉–၄၃၀၆၄၆၇၆၊ ၀၉–၇၇၄၃၀၆၄၆၇**

## “ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း”

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၁၈/A) ရပ်ကွက်၊ စိန်ပန်းမြိုင်(၃)လမ်း၊ အမှတ်(၅၇)၊ အကျယ်အဝန်း (၄၀'x၆၀')၊ (၀.၀၅၅)ဧကရှိ ဦးသောင်း(CI/044484) အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ သွပ်မိုးပျဉ်ထောင်နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား ဦးသောင်း၏ဇနီးဖြစ်သူ ဒေါ်အမာမှ ဒေါ်ကျင်ကျင် (CF/036590) ထံသို့လည်းကောင်း၊ ဒေါ်ကျင်ကျင်မှ ဦးဇော်ထွန်း [၇/ပတန(နိုင်)၀၈၄၃၈၂]အားလည်းကောင်း အဆင့်ဆင့်ရောင်းချပြီး ယခုလက်ဝယ်ပိုင်ဆိုင်နေထိုင်သူ ဦးဇော်ထွန်း [၇/ပတန(နိုင်)၀၈၄၃၈၂]မှ တရားဝင်ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အမွေဆိုင်အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံပြောဆိုသဖြင့် ၎င်းထံမှ အဆိုပါအိမ်ခြံမြေနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ဒေါ်သက်ထားမြင့် [၈/သရန(နိုင်)၀၄၈၆၇၃]က ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ခိုင်မာသော စာရွက်စာတမ်း မူရင်းအထောက်အထားများနှင့်တကွ ကျွန်ုပ်၏ထံသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း အကြောင်းကြားကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုများမရှိပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးဝင်းဇော်အောင်(ဥပဒေဘွဲ့)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၆၄၃၀)**
**ဖုန်း–၀၉–၄၃၀၆၄၆၇၆၊ ၀၉–၇၇၄၃၀၆၄၆၇**

## “ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း”

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြောက်ပိုင်းခရိုင်၊ လှည်းကူးမြို့နယ်၊ ရှမ်း/ထက်ကျေးရွာအုပ်စု၊ ကွင်းအမှတ်– (၁၀၅၀ᵃ)၊ အဝဗျဲဘုရားငုတ္တိုကွင်း၊ ဦးပိုင်အမှတ်–၂၀/က ဒေါ်မာမာစိုး အမည်ပေါက် လယ်ယာမြေပုံစံ –၇ ရရှိထားသော လယ်ယာမြေဧရိယာ(၆.၉၁)ဧက အတွင်းမှ တရားဝင်မခွဲစိတ်ရသေးသော (၀.၈၄)ဧက အကျယ်အဝန်းရှိ လယ်ယာမြေနှင့် အကျိုးခံစားခွင့်အရပ်ရပ်အား လက်ဝယ်ပိုင်ဆိုင်ထားသူ ဒေါ်မာမာစိုး [၁၂/လကန(နိုင်)၁၆၈၇၉၇]သည် တရားဝင် ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ပြောဆိုသဖြင့် ၎င်းထံမှ အဆိုပါလယ်ယာ မြေနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ခိုင်မာသော စာရွက်စာတမ်းမူရင်းအထောက်အထားများနှင့်တကွ ကျွန်ုပ်၏ထံသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင် ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုများမရှိပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးဝင်းဇော်အောင်(ဥပဒေဘွဲ့)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၆၄၃၀)**
**ဖုန်း–၀၉–၄၃၀၆၄၆၇၆၊ ၀၉–၇၇၄၃၀၆၄၆၇**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့)ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃၀)မြေကွက်အမှတ်(၁၀၀၃)နှစ်(၆၀)ဂရန်မြေအမျိုးအစား၊ မြေအမည်ပေါက် ဒေါ်ဟောင်ယန်ချင် (၁၃/မဆတ(နိုင်)၀၄၇၃၅၇)ထံမှ အရောင်းအဝယ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်သူဇာဝင်း(၁၂/မဂတ(နိုင်)၁၂၉၄၉၂) ကိုင်ဆောင်သူမှ ဂရန်(မူရင်း)ဆက်စပ် အရောင်းအဝယ်ကတိစာချုပ်(မူရင်း)ပြသ၍ ၎င်းတစ်ဦးတည်း ပိုင်ဆိုင်ကြောင်း၊ အရှုပ်အရှင်း ကင်းကြောင်း ဝန်ခံကတိပြုပြောဆို ရောင်းချသဖြင့် ကျွန်ုပ်မိတ်ဆွေက(၁၄. ၅. ၂၀၂၂)ရက်နေ့တွင် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရံငွေအဖြစ်ပေးချေထား ပြီးဖြစ်ပါသည်။

ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်းကျွန်ုပ်ထံသို့ခိုင်မာသောတရားဝင်အထောက်အထား (မူရင်း)များနှင့်တကွ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်တင်တင်မြ(LL.B,LL.M,D.B.L) တရားလွှတ်တော်ရှေ့နေ(စဉ်-၈၀၁၄)
အမှတ်(၅၀)၊ဘဏ်လမ်း၊ပ/ထပ်၊အခန်းအေ-၇၊ ကျောက်တံတားမြို့နယ်။
ဖုန်း- ၀၉၅၀၄၇၃၈၃

**သစ် တော နဲ့ သစ် ပင် ချစ် ခင် တဲ့ လူ မျိုး သစ် ပင် ကို နှစ် စဉ် စိုက် ရွှေ တိုက် ကို စိုး**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**
(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှု အပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး
(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး
(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး “မူ” ကို ဆက်လက်လိုက်နာကျင့်သုံးရေး

၂။ **စီးပွားရေး**
(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**
(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး
(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

**တို့နိုင်ငံဟာ တိုင်းရင်းသားလူမျိုးပေါင်း ၁၀၀ ကျော် စုစည်းနေထိုင်တဲ့ ပြည်ထောင်စုကြီးဖြစ်တဲ့အတွက် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဆိုတဲ့ ဒို့တာဝန်အရေးသုံးပါးဟာ တို့တပ်မတော်သားတွေ အမြဲတမ်းထိန်းသိမ်းကာကွယ်စောင့်ရှောက်ရမယ့် အမျိုးသားရေးတာဝန်ပဲဖြစ်တယ်။ အမျိုးသားရေးဆိုတာ တစ်မျိုးသားလုံးရဲ့ အကျိုးစီးပွားနဲ့ ဘာသာ၊ သာသနာ၊ ရိုးရာယဉ်ကျေးမှုဓလေ့ထုံးတမ်းအစဉ်အလာတို့ကို ကာကွယ်စောင့်ရှောက်ခြင်းကို ဆိုလိုတယ်။ နိုင်ငံတော်မှာ မည်သည့်နိုင်ငံရေးစနစ်၊ မည်သည့်အစိုးရ ဦးဆောင်သည်ဖြစ်စေ တပ်မတော်အနေနဲ့ တစ်မျိုးသားလုံးနဲ့ သက်ဆိုင်တဲ့အမျိုးသားရေးမူဝါဒဖြစ်တဲ့ ဒို့တာဝန်အရေးသုံးပါးကို ဆက်လက်ထိန်းသိမ်းသွားရမှာဖြစ်တယ်။ တပ်မတော်ရဲ့ အမျိုးသားနိုင်ငံရေးကို အကောင်အထည်ဖော်ရာမှာ ပြည်သူပြည်သားများနဲ့အတူ လက်တွဲညီညီ အစွမ်းကုန်ဆောင်ရွက်သွားမှာဖြစ်ကြောင်း ပြောကြားလိုတယ်။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင်၏ ဘွဲ့ရအမျိုးသမီး ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၈) သင်တန်းဆင်းပွဲအခမ်းအနားတွင် ပြောကြားခဲ့သည့် မိန့်ခွန်းမှကောက်နုတ်ချက်)
၂၂-၁၂-၂၀၂၁

## (၃၁)ကြိမ်မြောက်အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ပိုက်ကျော်ခြင်းအားကစားနည်းမှ အမျိုးသမီး (နှစ်ယောက်တွဲ)အသင်းလိုက်(Regu)ပြိုင်ပွဲတွင် ရွှေတံဆိပ်ဆု ထပ်မံဆွတ်ခူးရရှိ




ရန်ကုန် မေ ၁၉

ဗီယက်နမ်နိုင်ငံ၌ အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိသည့် (၃၁)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲများကို မြို့အသီးသီးရှိ အားကစားကွင်း/အားကစားရုံများ၌ ကျင်းပလျက်ရှိရာ ယနေ့မွန်းလွဲပိုင်းတွင် ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့ရှိ Hoang Mai အားကစားရုံ၌ ပိုက်ကျော်ခြင်းအားကစားနည်း အမျိုးသား/အမျိုးသမီး ဗိုလ်လုပွဲပွဲစဉ်များ၌ အမျိုးသမီး (နှစ်ယောက်တွဲ)အသင်းလိုက် (Regu)ပြိုင်ပွဲတွင် အိမ်ရှင်ဗီယက်နမ်အသင်းကို

စာမျက်နှာ ၁၈ ကော်လံ ၁ သို့ ✽

## (၃၁) ကြိမ်မြောက် SEA Games အမျိုးသမီးဘောလုံးပြိုင်ပွဲ မြန်မာအမျိုးသမီးဘောလုံးအသင်း တတိယနေရာလုပွဲယှဉ်ပြိုင်မှုအား တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် မေ ၁၉

ဗီယက်နမ်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိသည့် (၃၁)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲမှ တတိယနေရာလုပွဲအဖြစ် မြန်မာအမျိုးသမီးဘောလုံးအသင်းနှင့် ဖိလစ်ပိုင်အမျိုးသမီးဘောလုံးအသင်းတို့သည် မေ ၂၁ ရက် မြန်မာစံတော်ချိန် မွန်းလွဲ ၃ နာရီခွဲတွင် ယှဉ်ပြိုင်ကြမည်ဖြစ်ရာ ထိုသို့ယှဉ်ပြိုင် ကစားကြပုံများကို မြန်မာ့အသံနှင့်ရုပ်မြင်သံကြား MRTV–HD Channel ၊ MRTV Sports Channel ၊ MRTV NRC Channel နှင့် မြန်မာ့အသံရေဒီယိုတို့မှ တိုက်ရိုက်ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## အမျိုးသမီးကီလိုမီတာ ၂၀ လမ်းလျှောက်ပြိုင်ပွဲတွင် ဇင်မေထက် ငွေတံဆိပ်ဆုရရှိ

ရန်ကုန် မေ ၁၉

ဆီးဂိမ်းပြေးခုန်ပစ်ပြိုင်ပွဲကို မေ ၁၉ ရက်က ဆက်လက်ကျင်းပရာ အမျိုးသမီး ကီလိုမီတာ ၂၀ လမ်းလျှောက်ပြိုင်ပွဲတွင် ဇင်မေထက်က ငွေတံဆိပ်ဆုရရှိခဲ့သည်။

စာမျက်နှာ ၁၈ ကော်လံ ၁ သို့ ○



ငွေတံဆိပ်ဆုရခဲ့သည့် ဇင်မေထက်

**ယနေ့ ဖတ်စရာ**

မြန်မာလူမျိုးတို့အတွက် ဂုဏ်ယူဖွယ်ရာ မြန်မာ့စွယ်စုံကျမ်း အတွဲ (၁) (က-ကုတ်)
စာမျက်နှာ » ၆

ဆီးဂိမ်း ဘီလီယက်နှစ်ယောက်တွဲပြိုင်ပွဲတွင် မြန်မာအသင်း ဗိုလ်လုပွဲတက်ရောက်
စာမျက်နှာ » ၁၈

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ (၁၄)ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲပြုလုပ်
စာမျက်နှာ » ၁၀

ရိန်းဂျားစ်အသင်းကို အနိုင်ရပြီး ဖရန့်ဖက်အသင်း ယူရိုပါလိဂ်ဖလားဆွတ်ခူး
စာမျက်နှာ » ၂၀